
http://www.linhtet.com



http://www.linhtet.com

## ဒို့တာဝန် အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.linhtet.com

ဂျက်ကွမ်းခြံကန်း

# ဆင်တော်မှာ မဟောက်ကို ဆွဲပါလို့

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

http://www.linhtet.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၁၇၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၂၃၀၆၀၈

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ကိုနိုင်လင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၇၇/ခ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း။ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | အမှတ်(၈၀/ခ)၊ သံလွင်လမ်း၊ |
| | | ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

http://www.linhtet.com

## မာတိကာ


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခွေးသေးပန်းများနှင့် ဘုတ်အုပ်စာပေများ | ၇ |
| ၂။ | စာရေးဆရာဟု ခေါ်ကြပါသတဲ့ဗျား | ၁၄ |
| ၃။ | ဂျက်တို့လူစု ခွေးဖြစ်ခဲ့ကြစဉ် | ၂၀ |
| ၄။ | ထာဝစဉ်တည်း၍ ထာဝရဖြတ်လေသူတစ်ဦး | ၂၇ |
| ၅။ | အဲ့ဖွယ်လူသား စာနယ်ဇင်းသမား | ၃၃ |
| ၆။ | သပွတ်အူက လူတွေမခေကြဘူး | ၄၁ |
| ၇။ | ဘုရားစူးမိုးကြိုးပစ် စာပေဟောပြောပွဲ | ၄၆ |
| ၈။ | အမည်သညာ ခေါ်စရာကား အန်ကယ်ကိုမြတ်စံ | ၅၃ |
| ၉။ | ဘယ်စာကို ဘယ်နှလွှာမှာ သင်မတုံး | ၆၀ |
| ၁၀။ | ပစိဖိတ်သမုဒ္ဒရာထဲက ယောက်ျားနှင့် ရုပ်မြင်သံကြား မကြည့်သော မိန်းမ | ၆၄ |

http://www.linhtet.com


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် ဂျာမန်ဘက်သို့ ငဲ့စောင်းကြည့်သောအခါ | ၇၀ |
| ၁၂။ | ဘာရယ်မှတ်ဘူး နေ့ရက်များ | ၇၇ |
| ၁၃။ | ဒါမဖတ်ခင် ကိုရီးယားရုပ်ရှင်မကြည့်နဲ့ | ၈၄ |
| ၁၄။ | ဘယ်သူမှ ဂိုးအောင် မသွင်းနိုင်ဘူး | ၉၀ |
| ၁၅။ | တတိယလှိုင်းနှင့် ပျောက်ဆုံးနေသော အဲနီး(Any) | ၉၇ |
| ၁၆။ | နှာခေါင်းချောင်းရဲ့ လက်ဦးဆရာ | ၁၀၃ |
| ၁၇။ | ဗလဗွေ ရင်မှာပိုက်ပါလို့ | ၁၁၁ |
| ၁၈။ | ကျွန်ုပ်နှင့် သပွတ်အူလမ်းညွှန် | ၁၁၆ |
| ၁၉။ | လောကဓံ မှတ်တမ်းများ | ၁၂၂ |
| ၂၀။ | ငို၍ ရယ်၍ မရသော ရိုက်ချက် | ၁၂၈ |
| ၂၁။ | ခက်တယ် ဂျက်ရယ် | ၁၃၅ |
| ၂၂။ | အရှည်ကိုလျှောက်မတွေးနဲ့ | ၁၄၀ |
| ၂၃။ | လူထုစိန်ဝင်းကိုသာ ဂျက်သနားတယ် | ၁၄၆ |
| ၂၄။ | ရင်ထဲမှာ ဘုရားမရှိတဲ့သူတွေ | ၁၅၂ |

http://www.linhtet.com

၇

# ခွေးသေးပန်းနှင့်ဘုတ်အုပ်စာပေများ

(တစ်)

## သွေးစက်၊ မျက်ရည်နှင့် ဒဏ်ရာအပြန်လမ်း

မွေးဌာနေ သပွတ်အူကျေးလက်သို့ အကြိမ်ကြိမ် အလီလီ ဆိုသလို ပြန်၍ ပြန်၍ နားခိုခဲ့ဖူးလေသော ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းအဖို့ ယခုတစ်ခေါက် သပွတ်အူသို့ ပြန်ရပုံ ပြန်ရခြင်းမျိုး လောက် စိတ်နှလုံး ပူလောင်ညှိုးနွမ်း ပင်ပန်းမောဟိုက်ရပုံမျိုးသည် မည်သည့်အခါကာလတွင်မှ မရှိခဲ့ဘူးပါပေဟုသာ ဆိုရချေမည်တည့်။ ကျွန်ုပ်ကား အောင်ပွဲနှင့်အတူ ပြန်လာသော ဆရာကြီး ဂျက်ကွမ်းခြံကုန်းမဟုတ်မူဘဲ သွေးစက်များ၊ မျက်ရည်များ၊ ဒဏ်ရာဒဏ်ချက်များ၊ ရှုံးနိမ့်မှုများ၊ ဒူးထောက် ခေါင်းငုံ့ပေးခဲ့ရမှုများနှင့်အတူ ရန်ကုန် ဘုတ်အုပ်စာပေလောကကို ကျောခိုင်းကာ သပွတ်အူရင်ခွင်၌ ကာလတစ်စုံတစ်ရာသော အတိုင်းအတာအထိ ဇာတ်မြှုပ်နေထိုင်ရန်အလို့ငှာ

http://www.linhtet.com



ဆုတ်ခွာလာခဲ့ရသော ပြန်လာခြင်းမျိုးသာလျှင် ဖြစ်ဘိပါချေသည်။

သပွတ်အူကား ဟိုးအရှေ့တစ်မျှော်တစ်ခေါ်ဆီတွင် ဆိုင်းဆိုင်းဆို့ဆို့ မှိုင်းမှိုင်းညို့ညို့တကားပေတည့်။ ခလုတ်ထိမှ အမိတသူ လူ့အန္ဓလို သွေးပေမှ မွေးမြေကို ပြေးလာချေသော စာရေးဆရာ ငမိုက်သားကို အကြွင်းမရှိ မေတ္တာတော်အဟုန်ဖြင့် ထွေးပိုက်ယုယရန်အလို့ငှာ ငံ့လင့်၍နေလေဟန် မွေးဌာနေ သပွတ်အူပါပေတမုံ့။

ဂျက်ကွမ်းခြံကုန်း အလွန့်အလွန်ရှုံးခဲ့ချေပြီ။

ကဗျာစပ်၏။ ဖတ်သူမရှိတော့ပြီလော။

ဝတ္ထုရေး၏။ တွေးသူမရှိတော့ပြီလော။

အက်ဆေးဖွဲ့၏။ နွဲ့သူမရှိတော့ပြီလော။

မဆွသော နေ့ရက်များဆီက ဂျက်ကွမ်းခြံကုန်း၏ စာအုပ်ဟုဆိုလျှင် ထုတ်ဖို့အကြိုက် ဘုတ်အုပ်တိုက်ကြီးများကား ယခုမူ ကျွန်ုပ်ကို မလိုချင်ပြီ။ ဟိုမှသည်မှ တပူဆာဆာတောင်းလေ့ရှိကြကုန်သည့် ဂျာနယ်၊ မဂ္ဂဇင်းများစွာတို့ကလည်း ယခုမူ ကျွန်ုပ်၏စာမူကို ငြီးငြင်ပြီ။ ဆိုက်ကားအစ လေယာဉ်ပျံအဆုံး စီးနင်း၍ရသမျှသော ယာဉ်တို့ကိုသုံးကာ ဟိုကသည်က ဟောပြောတော်မူပါခင်ဗျာဟု လာရောက်ပင့်ဖိတ်လေ့ရှိကြကုန်သော စာပေဟောပြောမှု ကြီးကြပ်စီစဉ်စီမံကွပ်ကဲဦးဆောင်ဦးရွက် ကော်မတီအသီးသီးကလည်း ကျွန်ုပ်ကို အပိုထင်ပြီ။

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်းဟု ဆိုသကဲ့သို့ ယခုခေတ်ကား ဂျက်ကွမ်းခြံကုန်းတို့ခေတ် မဟုတ်ပြီ။ ဟိုသစ်ပင် သည်သစ်ပင်၊ ဟိုသစ်ရွက် သည်သစ်ရွက်၊ ဟိုသစ်ဉ သည်သစ်ဉ အစုစု အထွေထွေ ဆေးမြီးတို လစ်ထရေးချား (Literature)တို့ကို တစ်ခေတ်အရေးထား

http://www.linhtet.com



လျက် ရှိပြီဖြစ်ရာ . .

မစ္စတာမောင်မှိုင်း
အဟောင်းတန်းမှာ၊ အရောင်းထိုင်းပြီ။
လူထုဦးလှ ဒေါ်အမာ
ရောင်းရဝယ်ရ၊ အချိန်ကြာပြီ။
ရွှေဥဒေါင်း မြသန်းတင့်
ရောင်းရဝယ်ရ၊ အချိန်လင့်ပြီ။
ဒဂုန်တာရာ၊ ကြည်အေး
ရောင်းရဝယ်ရ၊ အလွန်အေးပြီ။
မင်းသုဝဏ် ဇော်ဂျီ
ထွက်သည် ထုတ်သည်၊ နည်းနည်းအီ၏။
အောင်သင်း နတ်နွယ်
ဝယ်သာဝယ်ကြ၊ နည်းနည်းအ,၏။
ဂျူး နဲ့ ဖေမြင့်
နေဝင်းမြင့်
သင့်သည်ဆို၏။ အားမရှိ။

အနို့နှယ် သို့နှယ် စာပေလစ်ထရေးချားခေတ်ကြီးအတွင်း၌ ဆေးမီးတို အားတစ် (Artist)ကလေးများက လမ်းအခွင့်အရ စန်းပွင့်လျက်ရှိတော့ချေရာ အနှီစာပေမျိုးကို မည်သို့မှ မရေးဖွဲ့တတ်ချေ သည့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် ဒဏ်ရာအနာတရ အဆုံးအရှုံးများနှင့်အတူ ဘယ်စာကို ဘယ့်နှယ်ရေးရပါ့အံ့ဟု ဝေခွဲမရတော့ဘဲ သပွတ်အူသို့ ထွက်ပြေးလာခြင်းပင်လျှင် ဖြစ်တော့ဘိပါချေသည်တမုံ့။

http://www.linhtet.com



(နှစ်)

## ဇာတိအားမာန်၊ ရွှေရောင်အကြံ

မိမိ၏ စာပေအနုပညာလက်ရာများ ဈေးကွက်ထဲတွင် အုံ့ဆိုင်း ထုံ့ထိုင်းလာမှုကြောင့် သပွတ်အူသို့ ရှောင်ခွာလာပြီးသည့်နောက် ဒီပရက်ရှင်ခေါ် စိတ်ဓာတ်ကျဆင်းမှု ဝေဒနာကြောင့် ရွာထိပ်ရှိ ဘကြီးကိုကြွက်သိုးတို့၏ ထန်းတောထဲတွင် အမြဲလိုလို အနားယူနေဖြစ် သော ကျွန်ုပ်အား အကြံကောင်း၊ ဉာဏ်ကောင်းပေးလာခဲ့သူမှာ ရွှေပွတ်စိုးမြင့်ခေါ် သပွတ်အူထွက် ကဗျာဆရာကလေးပေတည့်။

"ဝေးမှသာ မမြင်သည် မဟုတ်၊ နီးလွန်းလျှင်လည်း မမြင်" ဟူသည့် ရူပဗေဒသဘောတရားအရပင်လျှင် ဂျက်ဆရာကို ကျွန်ုပ် အိုင်ဒီယာပေးချင်ပါသည်။ ရွာဦး ဘုန်းတော်ကြီးကျောင်း နတ်လမ်းဘေး၌ တောထ,အောင်ပေါက်နေသည့် အပင်များ၊ ဒွေးလေးမလုံးတင်တို့၏ နွားတင်းကုပ်ဘေးတွင် ပေါက်နေသည့် အပင်များ၊ မူလတန်းကျောင်းကလေး၏ ကစားကွင်းထဲတွင် ပေါက်နေသောအပင်များကို ဆရာကြီးဂျက် ဘယ့်နှယ်ကြောင့် သတိမမူမိသည်ကို ကျွန်ုပ် စဉ်းစားမရပါ။ ဆေးဖက်ဝင် ခွေးသေးပန်းပင်များဖြစ်သည်ကို အဆွေ သတိမမူမိပါသလော။ အနှီ ခွေးသေးပန်းပင်များကို ထောင်း၍ အရည်ညှစ်သောက်သော် ချောင်းဆိုးရင်ကျပ် ပျောက်ကင်းချေပါသည် ဆရာကြီးဂျက်"

ဆရာဇော်ဇော်အောင်၏စကား ခေတ္တငှားရချေသော် ကျွန်ုပ်ကား လင်းပွင့်ချေသည်တည့်။ ရွှေပွတ်စိုးမြင့်ကား မိမိတို့၏ သပွတ်အူသား စာပေလောက၌ အသစ်တစ်ဖန်ပြန်လည်၍ တန်ခိုးထွားရန် အလို့ငှာ ဇာတိမာန်အပြည့်ဖြင့် အကြံပေးအပ်လာခဲ့ရာ ကျွန်ုပ်ဂျက်

http://www.linhtet.com



လည်း ရုတ်တရက် ထလိုက်ပြီးသည်၏နောက်၌ တည်းခိုရာသို့ အသော့နှင့်လေပြီးသည်ရှိသော သုံးရက်ဆက်တိုက် ရာဇဝင်တွင် မည့်စာအုပ်ကို ရေးချပစ်လိုက်တော့၏။

"မရှိမဖြစ် ခွေးသေးပန်း"ဟူလို။

(သုံး)

## ဂျက်တစ်ခေတ်ဆန်း၊ ခွေးသေးပန်း

မရှိမဖြစ် ခွေးသေးပန်းစာအုပ်ကြီးကို ရေးသားပြီးသည်၏ သကာလ စာမူထုတ်ဝေခွင့်ကျပြီးသည်နှင့် မွေးမြေသပွတ်အူ ပတ်ဝန်း ကျင်၌ အုပ်ရေ ၃၀၀၀ ရိုက်နှိပ်ထုတ်ဝေလိုက်၏။ သပွတ်အူအပါ အဝင် ရွာနီးချုပ်စပ်များဖြစ်ကြချေသော ပေကုန်း၊ ချောင်းကြီး၊ နှာ ခေါင်းချောင်း၊ ရွာသစ်၊ ကသစ်ကုန်း၊ ဆူးကလပ် စသည် စသည်ဖြင့် လူထုအပေါင်းက နှစ်ထောင်းအားရ အားပေးကြချေ၏။

"ကိုင်း . . ဘယ့်နှယ်ရှိပါစ ဆရာကြီးဂျက် ရောင်းမလောက် ဘူးမဟုတ်လား။ တစ်ပြည်လုံးကိုသာ ဖြန့်ပေတော့။ နိုင်ငံခြားဖြစ် ဆေးဝါးတွေက ဈေးအလွန်ကြီး၊ သာမန်လူထုက အသိပညာဆင်းရဲ၊ အနို့နှယ်အခြေမှာ ခွေးသေးပန်းပင်သာ ဆောင်ထား၊ ဘဇာဝေဒနာ မှ ကြောက်စရာမလိုပါဘူးလို့ ရေးလိုက်ပုံမှာ ဆရာကြီးဂျက်ကို လူတွေ စွဲသွားကြတာဗျ"

ရွှေပွတ်စိုးမြင့်စကားက မှန်ပါ၏။ ကျွန်ုပ်ကား အနှီ မရှိ မဖြစ်ခွေးသေးပန်းစာအုပ်ကို ပြည်လုံးအနှံ့ ရိုက်ဖြန့်တော့ရာ ရောင်း

http://www.linhtet.com



မလောက်တည်း။

ဂျက်ကွမ်းခြံကုန်းဟူသော အမည်သည်ကား မစ္စတာ မောင်မှိုင်း၊ မင်းသုဝဏ်၊ ဇော်ဂျီ၊ ဗန်းမော်တင်အောင်၊ လူထုဦးလှ၊ ဒေါ်အမာ၊ ဒဂုန်တာရာ၊ မြသန်းတင့်၊ နတ်နွယ်၊ ဂျာနယ်ကျော်ဦးချစ်မောင်ကဲ့သို့သော အဓိပတိ ကလောင်ကြီးများကို ကျော်လျက် ဟိန်းထွက်၍နေတော့ရော ဟောပြောပွဲတိုင်းမှာ ဂျက်မပါမဖြစ် ဂျက်ဆရာတစ်ခေတ်ဆန်းချေသည်တည်း။

ဂျူးကလေးတို့၊ နေဝင်းမြင့်ကလေးတို့၊ ချစ်ဦးညိုကလေးတို့၊ ဖေမြင့်ကလေးတို့၊ သန်းမြင့်အောင်ကလေးတို့၊ အောင်ဝေးကလေးတို့၊ အော်ပီကျယ်ကလေးတို့ ဂျက်ကို မှီကြရချေပြီ။ ဂျက်ကို တွဲကြရချေပြီ။ အဘယ်ဆရာတွေ ဘယ်နှုဝါရှိ၍ ဘယ်စာတွေကိုဟောဟော ဂျက်ကွမ်းခြံကုန်းမှာ ပွဲထိန်းကြီး ဂျက်၊ ပွဲသိမ်းကြီးဂျက် ဖြစ်ရချေပြီ။ ကျွန်ုပ်နှင့် ခွေးသေးပန်းပင် ဟူသော ခေါင်းစဉ်နှင့်အတူ စင်ပေါ်သို့ ကျွန်ုပ်တက်လိုက်သည်နှင့် မြန်မာစာပေမြတ်နိုးသူများမှာ ကျေနပ်၍သွားတော့၏။ မဟာလေးချိုးကြီးတွေ၊ ရုပ်ပုံလွှာတွေ၊ မြန်မာပြည်မြောက်ပိုင်းတွေ၊ အင်းယားကန်သို့ အိုကူးတို့တွေ၊ လေရူးသုန်သုန်တွေ၊ စုံထောက်ကြီး ဦးစံရှားတွေ၊ မဟာဆန်ချင်သူတွေ၊ ကြာတော့သည်လည်း မောင့်စကားတွေ အားလုံး အားလုံး ကျွန်ုပ်၏ ခွေးသေးပန်းကို ရှုံးချေပြီတည့်။

http://www.linhtet.com



(လေး)

**ဘုတ်အုပ် နောင်ရေး၊ ဂျက်စိတ်အေး**

အနို့နှင့် ကျွန်ုပ် ဆရာကြီးဂျက် အဘယ်လစ်ထရေးချားကို မှ မတို့မထိဘဲ စာရေးဆရာကြီးအဖြစ် ဝှံကြွားဖွံ့ထွားလျက်ရှိစဉ် သပွတ်အူမှ စာတစ်စောင် လာချေ၏။ ရေးသူ ရွှေပွတ်စိုးမြင့်ပေတည်း။ စာမှာ . . .

ဆရာကြီးဂျက်

သပွတ်အူကျေးရွာနေ လူငယ်စာပေသမားများအတွက် စိတ်ချပါလေတော့။ ဟုန်းဟုန်းထနေသည့် ဆရာကြီးဂျက်၏အဖြစ်ကို အားကျတာ အဘယ်စာကိုမှ မဖတ်တော့ဘဲ မြင်းခွာရွက်နုတ်သူက နုတ်၊ ပင်စိမ်းရွက်နုတ်သူက နုတ်၊ ကြိတ်မှန်ရွက် ခူးသူက ခူးဖြင့် ကြိုးပမ်းနေကြပါပြီ။ မြန်မာစာပေ တိုးတက်ရမည်။

ဟူလို၏။

http://www.linhtet.com



# စာရေးဆရာဟုခေါ်ကြပါသတဲ့များ.....

## (တစ်)

ဆောင်းလေရူးသည် သုန်သုန်ဝှေ့ဝှေ့ ဝေ့ဝေ့ဝိုက်ဝိုက် တိုက်ခတ်လျက်ရှိခဲ့ချေသည်တကား။ ပုဏ္ဏမီ သော်တာလဝန်းကလေး ကမူ နတ်တော်ည၏ ဟောဟို မဟော်ဂနီပင်ကြီးရဲ့ သစ်ကိုင်းထိပ်ဝယ် တန်းလန်းကလေး ချိတ်ဆွဲ၊ တွယ်ကပ်၊ ငြိစွန်း လျက်သာရှိတော့ ဘိချေသည်တည့်။ ကျွန်ုပ်ကား မရောက်တာ အတော်ကြာပြီ ဖြစ်ချေသည့် သပွတ်အူ မွေးဌာနေဆီဝယ် ခေတ္တယာယီ ဆိုက်ကပ် ခိုနားလျက်သာ ရှိတော့ပေချေသည် တမုံ့။ အနို့ဖြစ်ရာ အနှီညချမ်းကမူ ကျွန်ုပ်နှင့် သပွတ်အူရွာသား ဘုတ်အုပ်စာပေသမားများဟု ဆိုသူကလေးများသည် ကွပ်ပျစ်ကလေးတစ်ခုပေါ်တွင် အကြမ်းတစ်အိုးနှင့် ဒေသထွက်ပစ္စည်းများဖြစ်ကုန်သည့် ငါးရံ့ခြောက်ဆီဆမ်း၊ ဆတ်သားခြောက်ဆီစိမ်၊ မြေပဲပြုတ် ပူပူနွေးနွေးတို့ကို ဝိုင်းအလယ်၌ တည်ခင်း

http://www.linhtet.com



ထားရစ်ကြကာ မြန်မာစာပေအကြောင်း သောင်းပြောင်းထွေလာ ပြောဆို၍သာနေခဲ့ကြချေသည် တမုံ့တကား။

(၃၀)

အကယ်တန္တု ကျွန်ုပ်သပွတ်အူသို့ မရောက်သည်မှာ ကာလအတန်ကြာခဲ့ပါပြီ။ ယင်းမှာ မွေးမြေသို့ စိတ်နာကြည်းမှုတစ်ခုကြောင့်ဟု ဆိုသော်ရစကောင်း ထင်ပါ၏။ သပွတ်အူကား ဤမှာဘက်နှစ်ပိုင်းများဆီ၌ အနုသုခုမစာပေဘက်ဆီ၌ အတော်ကလေးကို ဆုတ်ယုတ် ယိုယွင်းလျက် ရှိချေရာ မွေးဌာနေအပေါ်တွင် အားမလို အားမရဖြစ်မှုကို အရင်းတည်လျက် သွားမှုလာမှုကို ဆိုင်းငံ့ ထားလိုက်ကာ ဂျက်ကွမ်းခြံကုန်းကြီး စိတ်ကောက်ခြင်းဟု ဆိုသော် ရစကောင်း ထင်ပါ၏။ သို့နှင့် ယခုမူ မွေးမြေသို့ သွားရန် အကြောင်းက ဖန်လာပြန်ချေသည်။ သပွတ်အူ အခြေစိုက် ကျောင်းဆရာကလေး မောင်ဝင်းခိုင်က ယခု တလောတွင် သပွတ်အူ၌ စာပေပုရစ်ဖူးကလေး တချို့ ထွက်ပြူ၍လာကြချေပြီဖြစ်ရာ အားတက်ဖွယ် သပွတ်အူဖြစ်သဖြင့် ခါတစ်လှည့်လာခဲ့ပါ့ ကျုပ်တို့ရွာဟု ဆိုချေ၍ရောက်ခဲ့ ခြင်းပင် ဖြစ်ပါ၏။

ကွမ်းခြံကုန်းဟူသောမြို့ကလေးမှ မင်းသုဝဏ် ထွက်၏။ ကျိုက်လတ်ဟူသော မြို့ကလေးမှ ဒဂုန်တာရာ ထွက်၏။ ဖျာပုံ ဟူသော မြို့ကလေးမှ ဇော်ဂျီ ထွက်၏။ မြိုင်ဟူသော မြို့ကလေးမှ မြသန်းတင့်ထွက်၏။ ဘုတလင်ဟူသော မြို့ကလေးမှ သိန်းဖေမြင့် ထွက်၏။ လပွတ္တာဟူသော မြို့ကလေးမှ မောင်ထင် ထွက်၏။ ယခု

http://www.linhtet.com



သပွတ်အူတွင် ထွက်ရန်အသင့် ပုရစ်ဖူးတို့ပြူတစ်ကြလေပြီဟုဆိုရာ ဇာတိမာန်ထက်သန်သူ ဆရာကြီးဂျက် စိတ်ဆန္ဒတက်ကြွကာ သပွတ်အူသို့ ရောက်ရှိသွားရာက ကျောင်းဆရာကလေး မောင်ဝင်းခိုင် စုစည်းစီစဉ်သည့် ညချမ်းလက်ဖက်ရည် အကြမ်းဝိုင်းကလေးဝယ် အနီးစာရေးဆရာလုလု ကလေးများနှင့်တွေ့ဆုံသမှု ပြုခဲ့ရခြင်းပင် ဖြစ် တော့ဘိချေပါသည်တမုံ့။

(သုံး)

"ကိုင်း. . . အဆွေ မောင်ဝင်းခိုင်
အဆွေကသာ ဦးဆောင်ပြီး
စာရေးဆရာ ပွင့်သစ်များနှင့်
မိတ်ဆက်သမှု ပြုပါလင့်"

သပွတ်အူ၏ ညရိပ်ချမ်းချမ်း၌ ကျွန်ုပ်က အနို့ကလို ဆိုလိုက်သည်နှင့် မောင်ဝင်းခိုင်က အဟမ်းဟု ချောင်း တစ်ချက်ဟန့်လိုက်ကာ မိတ်ဆက်သမှုပြုရန် ဟန်ပြင်လိုက် သည်တွင် စာရေးဆရာလုလုကလေးတို့သည် သောက်လက်စ လက်ဖက်ရည်ကြမ်း၊ စားလက်စ အမြီးကလေးတို့ကို လက်စသတ်လိုက်ကြကာ ကျွန်ုပ်၏ မျက်နှာ တည်တည်ခန့်ခန့်ကြီးကို ရှုငေးလျက်သာ နေကြပေလေ၏။

"ဟောသဟာက. . . *သပွတ်အူလူထက်ပါ*
ဆရာကြီးဂျက်. . . *အမှုတစ်ရာ ဂျာနယ်မှာ နွားသူခိုးတွေ ကိုမိပြီ* ဆိုတဲ့ဆောင်းပါးရေးခဲ့သူပါ"

http://www.linhtet.com



"အွန်း. . . ဘယ့်နှာဆောင်းပါးပါကလိမ့်"

"သလိုပါ. . . တမြန်နှစ်လောက်က ရွာဘက်မှာ နွားတွေ ခဏခဏပျောက်တာကို ရဲကခြေရာခံမိပြီး လိုက်ရာက မိသွားတဲ့ အမှုကို လက်စွမ်းပြရေးခဲ့သူပါ"

"ဩော်. . . ဩော်"

"ဟောသဟာကတော့ *ရွှေပွတ်မြေဝဋ္ဋာစိုး ပါငါးသလောက် အမြန်ပေါင်းလိုသော်*ဆိုတဲ့ ဆောင်းပါးကို မဖုရား မဂ္ဂဇင်းမှာ ရေးရာက စာရေးဆရာဖြစ်လာသူပါ"

"ဩော်. . . ဩော်"

"အဲ. . . သဟာကဖြင့် *စူးရှရဲရင့်* ကလောင်နဲ့ ကျန်ခဲ့တဲ့ လက *သိုက်နန်းရှင်* မဂ္ဂဇင်းမှာ *ဖားက မြွေကိုမြိုခြင်း* ဆိုတဲ့ ဆောင်းပါးကို ဓာတ်ပုံတွေနဲ့တကွ ရိုက်ကူးဖော်ပြရေးသား ခဲ့တဲ့ စာရေးဆရာပါ"

ဤနေရာ၌ ကျွန်ုပ်ကဩော်ဩော်ဟု မပြည် တမ်းရသေးမီ ကလေးမှာပင်လျှင် အနီးစာရေးဆရာဟုဆိုသူ စူးရှရဲရင့်က စကား အနည်းငယ်ဝင်ပြောလာချေ၏။

"ဟုတ်ပါတယ်. . . ဆရာကြီးဂျက် တကယ့်ကို ရှားရှား ပါးပါးဗျာ . . . ဖားနှယ်ဗျာ. . . မချိမဆံ့ကြီးကိုဖြစ်လို့ အဲ . . . ရှေ့အပတ်ထွက်မယ့် *ဥစ္စာစောင့်* ဂျာနယ်မှာ တော့ ခွေးပေါက်စကလေး တစ်ကောင်ကို နှိုတိုက်နေတဲ့ ကြောင်မကြီး တစ်ကောင်ရဲ့ ပုံကိုရိုက်ပြီး *မိဖြူမှာလည်း အသည်းနဲ့ပါ* ဆိုတဲ့ ဆောင်းပါးရေးထားပါသေးတယ်။ လာမယ့်အပတ်ထဲမှာ တော့ ဟိုဘက် နှာခေါင်းချောင်းရွာ ဘက်သွားပြီး ဓာတ်ပုံရိုက်စရာရှိသေးတယ်. . . သဘော်

http://www.linhtet.com



ပင်တစ်ပင်ဗျာ ထူးထူးဆန်းဆန်း သဘော်သီး အမြှာပူး ကြီးသီးနေလို့တဲ့. . .”

ကျွန်ုပ်ကား စာရေးဆရာဆိုသူ *စူးရှုရဲရင့်*ကို ကြောင်၍ ကြည့်နေမိချေ၏။ အနို့နောက်တွင်ကား စာရေးဆရာဆိုသူတို့က မိမိတို့ကိုယ် မိမိတို့ ဆက်လက် မိတ်ဆက် ကြတော့ချေသည်တည့်။

“ကျွန်တော်က *အရေပြားပေါ်မှာအဖြေရှာ* ဆိုတဲ့ လုံးချင်း တစ်အုပ် ထုတ်ပြီးပါပြီ ဆရာကြီးဂျက်၊ *လွမ်းထာဝစဉ် (သပွတ်အူ)* နာမည်နဲ့ပါ မှဲ့တို့၊ ညှင်းတို့၊ လက်သည်းပွင့်တာ တို့ကိုကြည့်ပြီး လူတစ်ယောက်ကို နိမိတ်ဖတ်တဲ့ နည်းတွေ ပါ။ ဥပမာ-ဗျာ မျက်ရည်ခံ မှဲ့ရှိသူနဲ့ လက်ဆက်ရင် ဘာဖြစ် မယ်. . . ဟဝ့ါမှာ မှဲ့ရှိရင် ဘာဖြစ်မယ်. . . အနာဂတ် ဟော ကိန်းကလေးတွေပေါ့”

“သြော်. . . သြော်”

“*အိမ်ရှင်မတို့ဖတ်ကြဖို့* ဆိုတဲ့ စာအုပ် ဖတ်ဖူးမလားပဲ။ ဆောင်းပါးပေါင်းချုပ်ကလေးပါ မုန့်ဟင်းခါးချက်ရင် ငှက်ပျောအူဖတ်တွေ မည်းမသွားအောင် ရေထဲမှာ နနွင်းမှုန့်ထည့်ပြီး စိမ်ထားရမယ်ဆိုတာတို့. . . မုန်လာဥ ချဉ်ဖတ်ကို ရှာလကာရည်နဲ့လုပ်မယ်ဆိုရင် မည်းမသွားရ အောင် ရိုးရိုးဆားပဲသုံး၊ အိုင်အိုဒင်းဆားမသုံးနဲ့ ဆိုတာတို့ အဲသဟာတွေကို ရေးတဲ့ *နွေဦးတင်ဇာ*ဆိုတာ တို့များပါ”

ကျွန်ုပ်ကား တို့များပါဟုဆိုသူ စာရေးဆရာ ခပ်နွဲ့နွဲ့ကို ကြည့်လျက် ရေနွေးကြမ်းပူပူ တစ်ခွက်ကိုသာ မော့လျက် သောက်ချ လိုက်မိချေတော့ပေသည်တမုံ့။

http://www.linhtet.com



## (လေး)

အနို့နှင့်သပွတ်အူမှအပြန် မော်တော်ဆိပ်သို့ လိုက်ပို့သူ ဆရာကလေးမောင်ဝင်းခိုင်ကို ကျွန်ုပ်က စကား တစ်ခွန်း ခြွေမိချေ၏။

"အကြင် မောင်ဝင်းခိုင်. . . ဂျပန်စာရေးဆရာကြီး ကာဝါဘတာအား နိုဘယ်ဆုချီးမြှင့်၏။ ဝတ္ထု အနုပညာကြောင့် ဖြစ်ပါ၏။ အိန္ဒိယ စာရေးဆရာကြီး ရာဘင်ဒြာနတ် တဂိုးအား နိုဘယ်ဆုချီးမြှင့်၏။ ကဗျာအနုပညာကြောင့် ဖြစ်ပါ၏။ စာရေးဆရာဟူသည် အဘယ်နည်း စဉ်းစား လော့ မောင်ဝင်းခိုင်ငယ်။ သပွတ်အူမွေးဌာနေမှ ငါတို့၏ ပုရစ် ပြုထွက်စ အဖူးကလေးတို့ကား . . . ဘဇာတွေမှန်း မသိ၊ ရေးမိရေးရာတွေ ရေးကာ. . . စာရေးဆရာ အမည်ခံ ကြချေ၏။ စာရေးတိုင်း စာရေးဆရာ မဟုတ်ချေကို အကြင် မောင်ဝင်းခိုင် မှတ်လော့စေသား"

http://www.linhtet.com



# ဂျက်တို့လူစု ခွေးဖြစ်ခဲ့ကြစဉ်



(တစ်)

"သဟာနဲ့ စကားမစပ် . . . "

စကားကို အနီ့နှယ် ပျိုး၍ ထားလိုက်ပြီးသည်၏နောက်၌ စဉ်းငယ်ခန့်မျှ ကြာသွားသည်အထိ အနီပျိုးထားသောစကားကို တန့်၍ထားလိုက်ပါချေ၏။ ကျွန်ုပ်၏မိတ်ဆွေ ဂျာနယ်တစ်စောင်၏ ပင်တိုင်ဆောင်းပါးရှင် မျက်မှန်ထူထူတပ် ဂျာနယ်လစ်ကြီးသည်ကား သို့ကလို သူ၏စကားကို တန့်ထားချေသည့် စဉ်းငယ်ခန့်မျှ အချိန်အတွင်းဝယ် စဉ်းငယ်ခန့်မျှနှင့် လျော်ညီစွာပင် မတ်ပဲကြော်တစ်ခုကို ကောက်၍ဝါးလိုက်ခြင်း၊ လက်ဖက်ရည်ခွက်ကို မြှောက်ကာ တစ်ငုံခန့်ကျိုက်ချလိုက်ပြီးနောက် ပြန်ချထားလိုက်ခြင်း၊ လျော့သွားသော ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်းကို ငှဲ့၍ထပ်ဖြည့်လိုက်ခြင်းစသည့် အမှုကိစ္စအဝဝတို့ကို ဆက်တိုက်ကြီးဆိုသလို ပြုတော်မူခဲ့ပါလေ၏။ အနီ၏ နောက်၌မူ တန့်ထားသည့် သူ၏စကားကို ဆက်ခြင်းသာ တကား

http://www.linhtet.com



ပေတည့်။

"သဟာနဲ့ စကားမစပ် . . . အဆွေတို့တွေ
အထဲမှာ . . ခွေးဖြစ်ဖူးသူတွေများ ရှိကြပါအံ့
ဗျာ"

မကြာခဏဆိုသလို တွေ့ကြ၊ ဆုံကြ ထွေရာလေးပါး စကားဝိုင်းဖွဲ့လေ့ရှိကြသည့် ကျွန်ုပ်တို့၏ အစုအဝေးကလေး အတွင်းဝယ် အန္တိကလို သူပြောချလိုက်သည့် စကားသည် အဆိုဝါကျပြင်ပြင် မဟုတ်မူ၍ အမေးဝါကျနှင်နှင်တကား။ အန္တိသော် မည်သူတစ်ဦး တစ်ယောက်၏ ထံပါးတွင်ဆီမှာမှ အသင့်ပြုလုပ်ထားသည့် အဖြေ မရှိပေ။ ရိုးစင်းစွာသော အမေးစကားမဟုတ်။ ပုစ္ဆာဆန်ဆန် အမေးစကားပဟေဠိဟန်ပန် အတွေးများပေတကား။

"မိမိကဖြင့် . . . ခွေးဖြစ်ဖူးခဲ့ပါသော်ကောဗျာ"

ပင်တိုင်ဆောင်းပါးရှင်ကား သူ၏ဝေလေ့အတိုင်း သူ့ကိုယ်သူ မိမိဟု ရည်ညွှန်းပြီးသည်၏ သကာလ သူသည် ခွေးဖြစ်ဖူးခဲ့ပါကြောင်း ဝန်ခံလိုက်လေတော့ရာ သူ၏အပိုင်းကဏ္ဍပြီးဆုံးသွားခဲ့ပြီဖြစ်၍ မဆွက သူ၏စကားတွင် ပါဝင်ခဲ့ပြီးဖြစ်သော ခွေးဖြစ်ဖူးသူတွေများ ရှိကြပါအံ့ဗျာဟူသည့် အမေးသည် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အပါအဝင်ကြွင်းသူစာပေသမားတစ်စုတို့၏ ပခုံးပေါ်သို့ တာဝန်ကျ၍ လာ တော့လေ၏။

"အကြင့်အနေနှင့် ဘယ့်နှယ်သို့
ခွေးဖြစ်ခဲ့ဖူးသည် . . .။ ကျွန်ုပ်တို့
အနေနှင့် ခွေးဖြစ်ဖူးကြောင်း
မည်သို့ တင်ဆက်ရမည်တို့ကို
ယခုမှုထက် ပို၍ ရှင်းစွာ

http://www.linhtet.com



ထို့အပြင် ပို၍လင်းစွာ လှစ်ဟသော်
သင့်အံ့ဟု ထင်ပါသည်လေ”
“သြ . . ဟုတ်ပ မိမိခွေးဖြစ်ခဲ့ပုံ
ကလေးကို ပြောမှပလေ”

သို့နှင့် ပင်တိုင်ဆောင်းပါးရှင် အတိတ်ကို လှန်ဘိပြန်ချေသည် တမုံ့။

(နှစ်)

အနှီနေ့က မြို့ရွှေရန်ကုန်၏ တစ်ခုသော နေ့လယ် လက်ဖက်ရည်ဝိုင်းကလေးဝယ် ပင်တိုင်ဆောင်းပါးရှင် ပြန်လည်တင်ဆက်သမှုပြုချေသည့် သူ ခွေးဖြစ်ခဲ့ရပုံ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤသို့နှင်နှင်ပေတည်း။

တစ်ခါသားဆီ၌ အကျွန်ုပ်တို့၏မိတ်ဆွေ ပင်တိုင်ဆောင်းပါးရှင်သည် ပေငါးထောင်လုလု ပုပ္ပါးတောင်ကြီး ကြံ့ကြံ့ရပ်တည်ရာ ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိသွားသည်ဆိုပါ၏။ အနို့နှင့် တစ်ခါမှ ဝင်ရောက်လည်ပတ်သမှု မပြုဖူးသော ကျောက်ပန်းတောင်းဝယ် ပုပ္ပါးတောင်ကြီးရှိရာဆီသို့ မသွားမီ မြို့တွင်းတစ်ဝိုက် ခြေစကြာဖြန့်လိုက်သေးသည်ဆိုပါ၏။ အနို့နှင့် နာရီဝက်ခန့်အကြာ . . .

“အဆွေတို့နှယ် . . မိမိငဲ့ဗျာ
လျှပ်တစ်ပြက် ရုပ်ချည်းဆိုသလို
ဈေးနားကိုလည်း ရောက်ကရော
ဟတ္တာဖြစ်ချင်လာတော့ တာပါပဲ . . .

http://www.linhtet.com



တတ်စွမ်းသ၍ စိတ်ကိုထိန်းပါရဲ့
ဘယ့်နှယ်မှ ထိန်းမရတော့ပါဘူး။
အဲသဟာနဲ့ ထမင်းဆိုင် တစ်ဆိုင်ထဲ
ဝင်သွားပြီး အိမ်သာ ခဏဝင်ချင်လို့
အပေါ့ကလေးသွားချင်လို့ တိုးလျှိုးတောင်းပန်
ရချေသပေါ့ . . . ဆိုင်ရှင်က မျက်ထောင့်နီကြီးနဲ့ ကြည့်လို့

အိမ်သာမရှိဘူးတဲ့ . . . အင်း . . . မိမိကလည်း ထမင်းမစားချင်သေး။ ထမင်းချိန်ကလည်းမဟုတ်သေး။ နို့မို့ ထမင်းမှာစားရင်း၊ ဘာရင်းနဲ့ အပေါ့သွားခွင့်တောင်းရချေမှာ။ အဲသမှာ . . . .

Tea Shop တစ်ခုထဲထပ်ဝင် . . .
အိမ်သာရော . . အိမ်သာရော မေးရ
ပြန်သပေါ့ . . . မရှိဘူး ဆရာကြီးတဲ့
Counter ကလူက . . သမှာ . . .
ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူး
ခြံကွက်အလွတ်တစ်ခုရှေ့ ထိုင်
ချလိုက်ရတော့တာပါပဲ။
ခြံဘေးမှာ ရေးထားလေသော စာက
ဤနေရာ၌ ခွေးများသာ သေးပေါက်ရန်တဲ့ . . .
ကဲ . . . . . .
မိမိမတတ်သာတော့ပါလေ . . .
ခွေးဖြစ်ကာမှဖြစ်ချေ . . . .
အန္တရာယ် ဘယ့်နှာလွယ်မတုံးဗျာ။
ခွေးဖြစ်ပုံ . . . ခွေးဖြစ်ခဲ့ပုံ”
ပင်တိုင်ဆောင်းပါးရှင်၏ ကျောက်ပန်းတောင်းမြို့၌ သူ ခွေး

http://www.linhtet.com



ဖြစ်ခဲ့ပုံကို လှစ်ဟ၍ အပြီးဝယ် အလုံးစုံသော ကွန်ုပ်တို့၏ မျက်နှာများပေါ်၌မူကား တို့တွေလည်း ခွေးဖြစ်ဖူးကြပေါ့ ဟူသော အတွေးဖြင့် ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ ဖြစ်ကြပြန်ချေသည်ဟူလို။

(သုံး)

"အဟတ် . . . ကွန်ုပ် ခွေးဖြစ်ဖူးခဲ့သည်က
မန္တလေး ရွှေမြို့တော်မှာ ခင်ဗျ"

အနှီစကားကို ပြောသူက ကဗျာဆရာပင်။ သူကား မန်းရွှေမြို့သို့ သွားရောက်လည်ပတ်စဉ် ကျုံးနှင့်မလှမ်းမကမ်းရှိ တည်းခိုခန်းကလေးတစ်ခုတွင် တည်းခိုရင်း မကြာမကြာကျုံးကို ပတ်၍ လမ်းလျှောက်သည်ဟုဆိုပါ၏။ အနှီနှင့် . . .

"ကျုံးကနေ ဈေးချိုတော်ဘက်ဆီသို့အသွား
အဲသမှာ ၂၆ လမ်းပေါ်မှာ အဝှာ . .
ရှုပေါက်ချင်တော့တာပါပဲသဗျ . . .
ဘဇာတတ်နိုင်မတုံး . . နီးရာတိုက်ဘေးကပ်အထိုင် . .
ခွေးများသာသေးပေါက်ရန်တဲ့
ဖြစ်ဘရစ်ပေါ့ . . . ဘယ့်နှယ်မှ ထိန်းမရဘူး"

ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ကြပြန်သည်ပင်။

http://www.linhtet.com



(လေး)

ထပ်၍တစ်ဖန် ခွေးဖြစ်ပြန်သည်က ဝတ္ထုတိုဆရာကလေး ဟူ၏။

"ဆောင်းတွင်းကြီးပေါ့လဗျာ . . . အကျွန့်မိတ်ဆွေ
နိုင်ငံခြားသားတစ်ယောက်လည်း ပါချေသပေါ့. . .
ဘီယာကလည်းသောက်ထား . . . ညောင်ဦးဈေး
အရှေ့နားမှာ ဘယ့်နှယ်လုပ်ရမည်မသိချေပါလေတော့
တည်းခိုခန်းရှိရာ ပုဂံအထိ ပြန်ရအောင်ကလည်းကွာဝေး
သူကလည်း I Want to Clean ချည်းပဲအော်နေ . . .
နောက်ဆုံးမတော့ ဆီစက်တစ်ခု နံဘေး
အသာကလေး မတ်တပ်ရပ်ရချေပါရော . . .
ခွေးများသာ အပေါ့သွားရန်ဆိုတဲ့
စာတန်းရှေ့ပေါ့"ဟူလို။

(ငါး)

"ကျုပ်ကတော့ လပွတ္တာဆိုတဲ့ မြို့ကလေးမှာဗျ . သည်စဉ်
ကတည်းခိုခန်းကလည်း မရှိ . . မိတ်ဆွေအိမ်ကလည်း
ရှာမရ . . . သဟာနဲ့ ကျူရှင်ခန်းတစ်ခုဘေးကပ်
အသွား . . . ထိုင်ချခါစလေးရှိသေး . . .
ခပ်ပုပု ခပ်ညှပ်ညှပ် အသံပြာပြာနဲ့
ဆရာဆိုတဲ့ လူရယ် . . ဟေ့လူတဲ့ . .

http://www.linhtet.com



လူဆိုရင် လူလိုသိတဲ့ . . ခွေးကျင့်မကျင့်နဲ့တဲ့ . . .
ကျုပ်နှယ် . . ပြီးပါပြီခင်ဗျ . .
ပြီးပါပြီ ခင်ဗျနဲ့ ဇွတ်ကြီးပင် အဆုံး
သတ်ခဲ့ရပါသော်ကော" စသည်ဖြင့်

လှစ်ဟ လာသူကမူ ဆောင်းပါးရှင် တစ်ဦးပေတည်း။ ယင်းထိုဤသို့ ရှိလေသော် အဆွေတို့တွေ ခွေးဖြစ်ဖူးကြပါလေစ ဟု မေးမြန်းသမှုပြုလေသူ ပင်တိုင်ဆောင်းပါးရှင်ကား မိမိနှယ် ခွေးဖြစ်ဖူးကြပါကလား ဟူမှု၍ မိန့်မိန့်လျှင် ခေါင်းကိုဆတ်ပေ၏။

## (ခြောက်)

မြို့ရွာတို့ ဖွံ့ထွားလာကြစဉ် ဧည့်သည်တို့ကလည်း အဝင်အထွက် ထူထပ်လာစမြဲပင်ဖြစ်ချေ၏။ ဤတွင်စိမ်းသောအရပ်၌ အန္တရာယ်ကို ဖြေရှင်းဖို့ ကြုံကြိုက်လာသောအခါ ဘယ့်နှယ်လုပ်ရမည်မသိ၊ ဒုက္ခဖြစ်တတ်ကြချေ၏။ ဂျနီတဲလ်မင်းတို့ပင်လျှင် ချေးပုံ့ရလေ့ရှိသော ကိစ္စရပ်ကြီးဖြစ်ရာ လေဒီတို့အဖို့ရာအတွက်မူ အတော့်ကို ဗလောင်ဆူရရှာချေမည်မလွဲပင်။ အနို့ဖြစ်ရာ ခေတ်နှင့်အညီ အများသုံး ကိုယ်လက်သန့်စင်ရာနေရာများ မြို့တိုင်းလိုလို လူထူထပ်ရာနေရာတိုင်းလိုလိုတွင် ထားရှိချေက ဟဝှာကိစ္စကို အားရပါးရဆောင်ရွက်နိုင်ပေစွဟု ကျွန်ုပ်ဆရာကြီးဂျက်က အတွေးရောက်မိပါ၏။ နို့မဟုတ်မူဘဲ ကျွန်ုပ်တို့ အစုအဝေးကလေးနှယ် ခွေးဖြစ်ရသည့်ဘဝမျိုးသို့ သက်ဆင်းသွားရမှုမျိုးအား ကျွန်ုပ်က မဖြစ်စေလိုကြောင်း ဟူလို။

http://www.linhtet.com



# ထာဝစဉ်တည်း၍ ထာဝရဖြတ်လေသူတစ်ဦး



(တစ်)

လောကဓံထိုက်ထိုက်တွင် ဖြစ်ပွားနေသည့် ရောဂါနှင့် ပတ်သက်၍ ဘယ့်နှယ်သောရောဂါဟု အမည်ကင်ပွန်းတပ်ရမည် မသိ။ သူကား အတော့်ကိုပင်လျှင် တည်းချင်ဖြတ်ချင်၍နေသော သပွတ်အူသား ဘုတ်အုပ်စာပေသမားကလေးပေတည်း။



(နှစ်)

လောကဓံထိုက်ထိုက်ကို မဆွကပင်လျှင် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း သိထားခဲ့ပါသည်။ လွန်လေပြီးသောအနှစ် နှစ်ဆယ်ကာလ ကျွန်ုပ်ဆရာကြီးဂျက်ဖြစ်လုလု သမယကတည်းက

http://www.linhtet.com



သူကလေးက အထက်တန်း ကျောင်းသားကလေးမျှဖြစ်ပါသည်။ စာပေမွေ့သူဖြစ်ရာ လာလတ္တံ့သောကာလ၌ ဘုတ်အုပ်စာပေများ ရေးသားရန်ဟူသော ရည်ရွယ်ချက်ဖြင့် Pan Name ခေါ် သူ၏ ကလောင်အမည်ကို သူ့ဘာသာသူ 'လောကခံထိုက်ထိုက်' ဟုမှည့်ခေါ် ကင်ပွန်းတပ်ခဲ့ခြင်းဖြစ်ပါ၏။

"လောကခံ ရှစ်ပါးလောက်ကတော့ ပျင်းတောင် ပျင်းသေးတယ်ဆိုတဲ့ အိုင်ဒီယာ. . . အဲ ဖီလော် ဆော်ဖီ အဲ. . ဒဿန နဲ့. . . လောကခံထိုက်ထိုက် ဆိုတဲ့ အမည်ကို ကျွန်တော်ယူလိုက်တာပါပဲ ဆရာကြီး ဂျက်ရာ"

တစ်ခုသော ထန်းရည်ဝိုင်းကလေးတွင် တစ်ခါသော ညနေချမ်းကလေး၌ လောကခံထိုက်ထိုက်က အန္တိုကလို ပြောလာခဲ့ခြင်းဖြစ်ပါ၏။ အန္တိုနှင့်အနှီကလေးသည် သူ့ဘာသာသူ လောကခံ ထိုက်ထိုက်ဟု အမည်တော်ခံယူလိုက်ပြီးသည့် သကာလ မကြာ မတင်မီအချိန်ကလေးအတွင်းဝယ် အခွင့်အလမ်းကြီး တစ်ခုနှင့်ကြုံဆုံ၏။ အနှီ ကလေးတို့ကျောင်းဝယ် နံရံကပ်စာစောင် ထုတ်ဝေသမှု ပြုခြင်းပေတကားတည်း။ လောကခံထိုက်ထိုက် စင်ပေါ်ရောက်ရှိ ချေပြီ။ ကဗျာသုံးပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်၊ ကာတွန်း ကလေးတစ်ပုဒ်တို့ကို မုန့်ဟင်းခါးဖတ်များနှင့် နံရံပေါ်တွင် ကိုယ်တိုင် ကပ်ရချေ၏။ နံရံကပ်စာစောင်၏ နဖူးစီးထိပ်တွင်ကား. . .

<u>အယ်ဒီတာချုပ်</u>

<u>လောကခံ ထိုက်ထိုက်</u> ဟူလို။

http://www.linhtet.com



## (သုံး)

လောကခံထိုက်ထိုက်သည် သပွတ်အူ အ. ထ. က၌ စာမေးပွဲ တဖုန်းဖုန်းကျပြီးနောက် သပွတ်အူ လူငယ်များစုစည်းပြီး ဖယောင်းမင်ကူးကဗျာစာအုပ်ကလေး ထုတ်ဝေသော် ဝင်ရောက်ရေးသားသည်သာမက စာအုပ်ချုပ်မှု၊ စာအုပ်ဖြတ်မှုတို့ကို ဝင်ရောက်လုပ်ကိုင်ခဲ့ပါသေး၏။ အနှီစာအုပ်၏ အဖွင့်စာမျက်နှာတွင် . . .

အယ်ဒီတာချုပ်

လောကခံထိုက်ထိုက် သာတည်း။



## (လေး)

နှောင်းကာလများတွင် လောကခံထိုက်ထိုက်၏ ကဗျာကလေး၊ ဝတ္ထုကလေး၊ ဆောင်းပါးကလေး ဟိုနားတစ်ပုဒ် သည်နားတစ်ပုဒ် ဂျာနယ်မဂ္ဂဇင်းဘုတ်အုပ်များတွင်ပါ၍ ပါ၍လာသေး၏။ ယင်းနောက်တွင်မှ အနှီလူ လောကခံ ထိုက်ထိုက် ရန်ကုန်မြို့သို့ဆိုက်ရောက်၍လာတော့၏။

အနို့သော် သူကား စာပေရေးသားဖို့အားမသန်၊ အယ်ဒီတာလုပ်ဖို့ရန်သာ အကွက်ချောင်းလျက်ရှိတော့ချေရာ ဂျာနယ်တွေက အထွေးထွေးအရှုပ်ရှုပ်၊ မဂ္ဂဇင်းဘုတ်အုပ်တွေက အပွေပွေ အလီလီ၊ အယ်ဒီတာပြီး အယ်ဒီတာ၍သာ နေတော့ချေသည်တည့်။

တစ်နေ့၌မူ လောကခံထိုက်ထိုက် ကျွန်ုပ် ဆရာကြီးဂျက်ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ၏။ ငွေအသပြာ ငါးရာကျပ်တိတိ

http://www.linhtet.com



ချေးငှားဖို့ရန်အကြောင်းတည်း။

“အန္တီ လောကခံရေ. . . ကိုယ့်လူ ပန်းဗေဒါ
မဂ္ဂဇင်းမှာ တာဝန်ခံ အယ်ဒီတာလုပ်နေသမို့
လားကွယ်”

“ဟုတ်ကဲ့. . . လုပ်ကြောင်းပါ ဆရာကြီးဂျက်
အန္တီ့သော် ဘဇာ လခမှမရ. . . နာမည်ခံ
သက်သက်မျှဖြစ်ကြောင်းပါ”

ဩော်. . . လစာတစ်ပြားမှ မရပါကပဲ၊ အယ်ဒီတာဟု အမည်ခံထားလျှင် ဂုဏ်ရှိမည်ဟုထင်သောငနဲကို ကျွန်ုပ်ကရုဏာသက်သွားမိကာ အသပြာတစ်ထောင်ကျပ်တိတိကိုပင်လျှင် ပေးလိုက်မိတော့ပါ၏။

တစ်ခါသား၌မူ တွေ့ကရာရှစ်သောင်းဂျာနယ်တွင် အယ်ဒီတာဖြစ်နေပြန်ပြီဟူသော သတင်းစကားကြောင့် အန္တီဂျာနယ်တိုက်ရှိ လောကခံထိုက်ထိုက်ထံ ကျွန်ုပ်သွားခဲ့ပါ၏။ စွပ်ကျယ်ချိုင်းပြတ် ရွှေသွားတဝင်းဝင်းနှင့် ငွေရှင်က ကျွန်ုပ်ကိုတွေ့သော် ပျာပျာသလဲဖြစ်သွားပြီးသည်၏ သကာလ

“ခဏကလေးထိုင်ပါ ဆရာကြီးဂျက် ဆရာထိုက်ကို
လက်ဖက်ရည်ဝယ်ခိုင်း ထားလို့ပါ. . . ဟောဟော
ပြောတုန်းဆိုတုန်း လာပါပြီ. . . ကဲ. . ဆရာထိုက်
လက်စနဲ့ပြန်ပြေးလိုက်ပါဦး. . . ပေ့ါကျ တစ်ခွက်”

လောကခံထိုက်ထိုက်သည်ကား လက်ထဲမှ လက်ဖက်ရည်ပါဆယ်ထုပ်များကို စွပ်ကျယ်ချိုင်းပြတ် ရွှေသွားလူသို့ကမ်းလိုက်ပြီးနောက်“ဆရာကြီးဂျက်ခဏ” ဟုဆိုကာပြန်ပြေးထွက်သွားပြန်၏။

ကျွန်ုပ်ကား တွေ့ကရာရှစ်သောင်းဂျာနယ် စာမျက်နှာပေါ်

http://www.linhtet.com



က တာဝန်ခံအယ်ဒီတာ လောကခံထိုက်ထိုက်ဟူသည့် စာလုံးကြီးကို သာ ပြေး၍မြင်မိတော့ချေ၏။

(ငါး)

လောကခံထိုက်ထိုက်သည်ကား သုံးရာသီ မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် သုံးလ၊ မြစ်ဝကျွန်းပေါ် မဂ္ဂဇင်းတွင် တစ်လနီးနီး (စာအုပ်မထွက်ခင် အယ်ဒီတာ အဖြစ်မှနုတ်ထွက်ရ၍) လောက ပါလ မဂ္ဂဇင်းတွင်လေးလ၊ ဆယ့်နှစ်မျိုးချင်းသုပ် ဂျာနယ်တွင် ခြောက်လ၊ ထိပ်တန်း မဂ္ဂဇင်းတွင် ခဏ(ထိုမဂ္ဂဇင်းမထွက်ဖြစ်ပါ)၊ ရွှေဝေဒနာ ဂျာနယ်တွင်သုံးပါတ် ၊Window ဂျာနယ်တွင်တစ်လ၊ မုဆိုးနဲ့သားကောင် ဂျာနယ်တွင် တစ်ပတ်ခွဲ၊ အောင်ပန်း သရဖူ ဂျာနယ်တွင် သုံးရက်နှင့်နေ့တစ်ဝက် စသည် စသည် စသည်ဖြင့် ရန်ကုန်စာနယ်ဇင်းလောကကြီးကို အလျှားလိုက်ကြီးမျောပါ၍ နေပြီး သည်၏နောက်ဝယ် ခေတ္တမျှ ပျောက်သွားပါသေး၏။ အနို့နှင့်တစ်နေ့ ၃၃လမ်း အကွေ့၌တွေ့ကြရာ

လောကခံ ထိုက်ထိုက်
အယ်ဒီတာ
တိကျစာပေ
၃၂လမ်း၊ ရန်ကုန်။

ဟူသော လိပ်စာကတ်ကလေးကို လှမ်းပေးသဖြင့် ကျွန်ုပ် မှာ ဩော်. . . စာအုပ်တိုက်တစ်ခုမှာ တိုက် ထိုင်အယ်ဒီတာဖြစ်တာ

http://www.linhtet.com



အေးချမ်းပါတယ်လေဟု နှလုံး သွင်းပြီးသည့်သကာလ တစ်နေ့သား ဆီဝယ် အနှီ တိကျ စာပေသို့ သွားရောက်လည်ပတ်မိချေ၏။

## (ခြောက်)

တိကျစာပေသည်ကား စာပေအမည်ခံထား သော်လည်း မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်ဟူ၍မရှိ။ စက္ကူထုပ်ကြီးများ၊ ဗလာစာအုပ်များ၊ လယ်ဂျာစာအုပ်များကိုသာတွေ့ရ၏။ နောက်ဘက်တွင်မူ စက္ကူဖြတ်စက်ကြီး တစ်လုံးကိုလှမ်းတွေ့နေရပါ၏။

ကျွန်ုပ်ကား ရင်းနှီးသမှုဖြင့် "ဟော့ လောကခံကြီး လောကခံကြီး" နှင့် ဝင်ချသွားရာ ကုလားအမျိုးသားကြီးတစ်ဦးက

"လောကခံကြီး စက္ကူထုပ်ဖြတ်နေတယ် ဆရာကြီး"ဟုဆို၍ အထဲကို လှမ်းကြည့်လိုက်ရာ ဖြတ်ပြီးစ စက္ကူထုပ်ကို မ,၍ ထွက်လာသူ လောကခံထိုက်ထိုက်ကို အပြုံးယဲ့ယဲ့ဖြင့် လှမ်းတွေ့လိုက်ရပါသတည်း။

ဩော် . . . တည်းခြင်း ဖြတ်ခြင်းအမှုနှင့် လုံးဝ မလွတ်ကင်းနိုင်ပါပေသော ကျွန်ုပ်တို့၏ လောကခံထိုက်ထိုက်ပါပေတကား။

http://www.linhtet.com



# အံ့ဖွယ်လူသား စာနယ်ဇင်းသမား



## (တစ်)

ဝဿန္တ၊ ဂိမန္တ၊ ဟေမန္တ အစရှိသဖြင့် ဥတုသုံးလီ ရာသီစက်ဝန်း အလီလီယွန်းလျက်ရှိချေသည့် ဤလောက မြေမဟီလွှာပေါ်ဝယ် ရံခါရံခါ၌ ဖရဲသီးစိတ်ချိုချိုလေးဟူသော အသံ၊ ရံခါရံခါ၌ ရေခဲမုန့် ရေခဲချောင်း တွန်းလှည်းကလေးဆီမှ ဂလောင်ဂလင် မြည်သော အသံတို့မှတစ်ပါး ဘဇာအသံမှမရှိ၊ တိတ်ဆိတ်ခြောက်ကပ်ခြင်း အတိပြီးချေသည့် ဂိမန္တနွေဦးရာသီ၏ မွဲသွေ့သွေ့နေ့လယ်ခင်းတစ်ခုဝယ် အကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည် ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ ရောက်ရှိ၍ နေခဲ့ပြီး ကျွန်ုပ်ရောက်ရှိလာသည့် အချိန်တိုင်းတွင် ကျွန်ုပ်အထံသို့ရောက်ရှိလာကြကာ မြန်မာစာပေရှေ့ရေး အတွက် ရင်လေးစဖွယ်မဖြစ်ရလေအောင် ဘယ့်နှယ်သို့များ လုပ်ဆောင်ရပါအံ့ လတ္တံ့ဟု လာရောက်ဩဝါဒခံယူလေ့ရှိကြချေကုန် သောကဗျာဆရာ၊စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာအသီးသီး

http://www.linhtet.com



အသကတို့သည် ကျွန်ုပ်နှင့်အတူ စကားစမြည်ပြောဆို၍သာနေကြချေကုန်၏။ အနို့နှင့် လမ်းတိုင်းသည် ရောမမြို့သို့ရောက်ကုန်၏ ဟု ဆိုရိုးရှိထားဘိသည့်အလား ကျွန်ုပ်တို့ပြောသော စကားတိုင်းကလည်း ဘုတ်အုပ်စာပေလောကထဲ၌သာလျှင် အခြေစိုက်၍နေချေပေတော့ရာ တစ်ကြိမ်တွင် ယနေ့ယခု မျက်မှောက် ပစ္စက္ခဂျာနယ်လစ် (Journ alist) လောကအကြောင်းခြင်းရာများဘက်ဆီသို့ ဦးတည်၍ သွားတော့ ပြန်ချေလေသည်တမုံ့။

အနှီတွင် ကျွန်ုပ်က စာနယ်ဇင်းသမားကလေးတို့နှင့် ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင် ဘဝင်မကျခဲ့ရမှုများနှင့် ပတ်သက်ဆက်နွှယ်ကာ တစ်ခုသောအတွေ့အကြုံကို ပြောပြမိခဲ့ပါချေသည်။

"အဲသည် ဂျာနယ်ကလေးက ကလေးဂျာနယ်ကလေးမျှသာ ရယ်ပဗျာ . . . ထုတ်လုပ်သူ ဆရာဝန်ကလေးကလည်း စာတတ်၊ ပေတတ်၊ လွန်စွာ့လွန်စွာ နှံ့စပ်သူ တစ်ဦးပေပ၊ အရောင်အသွေးစုံစုံ၊ တင်ဆက်ပုံ ကောင်းကောင်းနဲ့ အနှီဂျာနယ်ကလေးမှာ ရှေးစာဆိုကြီးများရဲ့ စာကောင်းပေမွန်ကလေးများကိုလည်း ရွေးကာ၊ထုတ်ကာ ပြန်လည်ဖော်ပြတတ်ချေသပေ့ . . .။ အနို့နှင့် ဆိုကြပါစို့ရဲ့ တစ်နေ့သောအခါ စေ့စပ်သူ အကြင်အနှီ ဆရာဝန်ကလေးက သူ့ဘုတ်အုပ်စာပေ လုပ်ငန်းက ဂျာနယ်လစ် ကလေးတစ်ဦးကို ကလေးဂျာနယ်တွင် ဝင်ရောက်ရေးသားသမှုပြုပြီး ယနေ့ထက်ထိတိုင် စာအုပ်နှင့် စာမူခ လာရောက်ထုတ်ယူခြင်းမပြုဘိသူ ဆရာ့ဆရာတို့အား နှိုးဆော်သမှု ပြုပေးပါရန် တာဝန်ပေးအပ်ဟန်တူပါငဲ့ . . .။ အနို့နှင့် ကလေးဂျာနယ် တစ်အုပ်ထွက်ရှိ၍ လာလတ်ချေသော်"

"ဘယ့်နှယ်များ နှိုးဆော် ကြော်ငြာပါသတဲ့တုံး ဂျက်ဆရာ"

"မလောလေနှင့် အဆွေ . . . ပြောအံ့မူးမူးငဲ့ပါ . . .

http://www.linhtet.com



သဟာနှင့် ကလေးဂျာနယ်ထွက်ရှိ လတ်လေသော် စာအုပ်နှင့် စာမူခ လာရောက်ထုတ်ယူရန် နှိုးဆော်ရာ၌ အမှတ်စဉ်တစ် ဒေါက်တာ မောင်ဖြူးဟူ၍ပေတည်း အဆွေတို့”

အဟတ် အဟတ် ဟူသော ရယ်သံခြောက်သွေ့သွေ့ကြီးတို့ သည် နွေနေ့လယ်ခင်းနှင့် လိုက်လျောညီထွေစွာပင် ကွဲအက်အက် ထွက်ပေါ်၍ လာလတ်ကုန်၏။ ဘဝတစ်ပါးသို့ ပြောင်းရွှေ့၍ သွား သည်မှာ နှစ်ကာလအတန်ပင် လင့်ညောင်းခဲ့ပြီဖြစ်သော ဒေါက်တာ မောင်ဖြူးကို ယခုရှိသေးသည်အထင်နှင့် နှိုးဆော်ခေါ်ယူသော အနှီ ဂျာနယ်လစ်ကလေးကို အလုပ်မှ ထုတ်ပစ်ဖို့သာ ကောင်းတော့ချေ၏။

အသို့ဖြင့် ဂျာနယ်လစ်ခေါ် စာနယ်ဇင်းဆရာကလေးတို့ အူကြောင်ကြောင်နိုင်ပုံများကို အကျွန်က စကားစလိုက်ရာအသီးသီး အသက အနုသုခုမသမားကလေးတို့သည် ‘သဟာက ဘာဟုတ်သေး လို့တုံးသဗျာ’ ဟူသော အနက်အဓိပ္ပာယ်ဖြင့် ရင်ဖွင့်၍ လာ လတ်ချေတော့ရော ထိုရင်ဖွင့်ချက်တို့ကို အဆင်သင့်ဂျက်က တင်ပြ ရပါပေတော့အံ့ တကားသတည်း။

(၁၀)

အော်ပီကျယ်ရင်ဖွင့်

တစ်နေ့သ၌ အင်ဂျင်နီယာလူထွက် ကာတွန်းဘက်၌ မခေ လှသော ကာတွန်းဆရာ အော်ပီကျယ်ကလေးသည် ဂျာနယ်တိုက် တစ်တိုက်သို့ သွားသည်ဖြစ်သတည်း။ အနှီဂျာနယ်မှာကား သပွတ်အူ

တော်ဝင်မြို့မ စာအုပ်တိုက်

http://www.linhtet.com



ဝီးကလီး (Weekly)ဟူချေ၏။ ထိုနေ့က ဆရာအော်ပီကျယ်၏ အထံမှ ကာတွန်းကလေး ချီးမြှင့်ပေးပါရန် တောင်းဆိုသမှုပြုထားလေသည့် အချုပ်အယ်ဒီတာမင်းရှိမနေချေ။ အနို့ ဖြစ်ရာ ဆရာအော်ပီကျယ်က စကတ်အကွဲနှင့် တာဝန်ခံအယ်ဒီတာ တင့်လှပေဟန် ဘက်မရန် ကလေးကို ကာတွန်းကမ်းလင့်ရချေ၏။ အနီ့တင့်လှပေဟန် ဘက်မ ရန် ကလေးက ငါးစိမ်းသည်မ ငါးပါးဟက်ကိုဖြပြီး လတ်၏ မလတ်၏ ကြည့်ဘိသောနှယ် ကာတွန်းကိုကြည့်ကာ . . .

"နောက် လေးငါးရက်လောက်ကြာရင် တစ်ခေါက်ပြန်လာ ခဲ့ပါလား . . ကာတွန်းကို ရွေးမရွေးသိရမှာပေါ့ Chief Editor လည်း မရှိဘူး"ဟုဆိုချေရာ ဆရာအော်ပီကျယ် စိတ်ထွတ်ပြီးသည့် သကာလ သူ၏ကာတွန်းကို ပြန်ပေးရန် တောင်းဆိုရာ ထိုအကြင်တင့်လှပေဟန် ကလေးက အေးဆေးသက်သာစွာပင် ပြန်ပေးတော်မူလှချေ၏။ ထို မျှမက . . .

"ကာတွန်းက နာမည်မရှိသေးတဲ့သူဆို သုံးမသုံး စဉ်းစား ရလို့ပါ" ဟု ဆင့်၍ ဆိုလာပြန်သေးရာ နာမည်မရှိသူ အော်ပီကျယ် ငိုင်တွေရချေသတည်း။

(သုံး)

စိုးဝင်းငြိမ်းရင်ဖွင့်

ထို တစ်ခါသားကမူ မန္တလေးတွင် နေစဉ်က ဘဲဥပုံကိုပင် လျှင် သုံးရက်လောက် အချိန်ယူကာ ပန်းချီပုံတူရေးဆွဲရချေသည့်

http://www.linhtet.com



ဘဝ၌ ရှိခဲ့ပြီး ရန်ကုန်သို့ ရောက်ခါမှ ပြင်သစ်ပြည်ကြီးထဲ ပေါ်ဂေါ် ဂင်ပြုတ်ကျသလို ဝုန်းခနဲ ဒိုင်းခနဲ တောက်ပသွားချေသည့် ပန်းချီ ဒီဇိုင်းဆရာ စိုးဝင်းငြိမ်းကလေးသည် သပ္ပတ်အူတိုင်းမ်(Time) ဂျာနယ် တိုက်သို့ဝင်ရောက်သွားကာ သူ၏ ဒီဇိုင်းခကို ထုတ်ယူခြင်းအလို့ငှာ အားထုတ်ပါ၏။ အနို့သော် အယ်ဒီတာ အဖွဲ့ဝင်ဆိုသူကလေးသုံး လေးယောက်တို့က ဆရာစိုးဝင်းငြိမ်းကိုမသိချေ။ သို့မှု၍ ဒီဇိုင်းခကို ထုတ်မပေးချေ။

"အကျွန်မဟောသီ အဖုံးတွေကို ဒီဇိုင်းလုပ်ပါသည်ခင်ဗျ. . ဟာဒယ အဖုံးတွေကိုလည်းဒီဇိုင်းလုပ်ပါသည် ခင်ဗျ . . . အနို့အပြင်"

"ထားပါအဆွေ . . . ဒီဇိုင်းစိုးဝင်းငြိမ်း စင်စစ်ဧကန်ဖြစ် ကြောင်း ခိုင်လုံသည့် အထောက်အထားပါရှိ လာပါက မဆိုင်းမတွ ထုတ်ပေးလိုက်မှာပါ အဆွေအနို့မဟုတ်ဟူမူက အယ်ဒီတာချုပ်ကြီး များ ခရီးဝေးက ပြန်လာမှသာ အဆွေ့ဒီဇိုင်းခကို ယူတော်မူလင့်ပါ အဆွေ"

အနှီညနေက လုံးလုံးကျစ်ကျစ် လိမ့်တိမ့် လိမ့်တိမ့်နှင့် ပန်းချီ ဒီဇိုင်းဆရာကလေးသည် လေထန်ကုန်း တစ်ဝိုက်၌ ဝေ့ကာ ဝဲကာ သူသည် စိုးဝင်းငြိမ်းဖြစ်ကြောင်း ဇာတ်ဆရာဂိုက်အပြည့်နှင့် ရှင်းပြနေရပါကြောင်း ဟူလို။

(လေး)

ဝသုန်ရင်ဖွင့်
ပန်းချီကျော် ဝသုန်ကလည်း တစ်နေ့သ၌ ဂျာနယ်တိုက်

http://www.linhtet.com



တစ်ခုသို့ဝင်၏။ သပွတ်အူဝိကလီး တယ်လီဂရဖ် (Weekly Telegraph) ဂျာနယ်တိုက်တည်း။ အနီး ဂျာနယ်တိုက်ကား ပန်းချီလက်ရာများကို အပတ်စဉ် ဖော်ပြလေ့ရှိသော ဂျာနယ်တစ်စောင်ကို ထုတ်ဝေ၍နေတော့ရာ တစ်ပတ်သောအခါ၌ ဆရာဝသုန်၏ ပန်းချီကားကို ဖော်ပြလိုက်၏။ ဤတွင် တစ်နေ့သော် ဆရာဝသုန်က ပန်းချီခထုတ်ချေသည်။ ဤ၌ စာနယ်ဇင်းသမား အယ်ဒီတာ ပေါက်စကလေးသည် ဆရာဝသုန်ကို အသပြာငွေ ၅၀၀ ကျပ်တိတိ ထုတ်ပေးချေ၏။ အံ့သြကုန်နိုင်ဖွယ် ဆရာဝသုန်တည်း။

"အင် ဒါပန်းချီခ၊ ဟုတ်စ"

စိတ်ထွက်လျှင် တောဆင်ရိုင်းနှယ်အဟုန်ကြီးသော ဆရာဝသုန်သည် တုန်ရင်သောလက်ဖြင့် အသပြာငွေ ၅၀၀ ကျပ်တန် (အသေး)ကို စားပွဲပေါ် ပစ်ချပေးကာ ဝုန်းခနဲ ပြန်ထွက်ချေ၏။ အံ့သြဖွယ်ကောင်းသည်မှာ ကျန်ခဲ့သူ အယ်ဒီတာဆိုသူကလေးသည် စိတ်မကောင်းလုံးဝမဖြစ်၊ စပ်ဖြဲဖြဲနှင့် ကျန်ရစ်သော ဟူ၏။

(၎)

**နေဝင်းမြင့်ရင်ဖွင့်**

အကြင်အခါ၌မူ မန္တလေးအခြေစိုက် စာရေးဆရာ နေဝင်းမြင့် ရန်ကုန်သို့ ဆိုက်ရောက်ချေသည်။ အနီးတွင် ဂျာနယ်တိုက် တစ်ခုသို့ ဝင်၏။ ဖားသပွတ်အူအီကိုနိုမစ်ရီဗျူး (Far သပွတ်အူ Economic Review) ဟူချေသည်တည်း။ ဆံပင်ရွှေရောင် GSM ကဖုန်းကို ကိုင်

http://www.linhtet.com



ဆောင်သူ ဝဏ္ဏပဘာကလေး ကွန်ပျူတာရှေ့မှထလာ၏။

"အမိန့်ရှိပါရှင် ကျွန်မက လက်ထောက်အယ်ဒီတာ စိုးဆင့်ဆင့်စိုးပါ"

"ကျွန်ုပ် မိမိ . . . နေဝင်းမြင့် ပါငဲ့"

"ဘုရားရေ ကျွန်မတို့ သပွတ်အူဝေးကွာ စီးပွားရေးရာ စာစောင်မှာ အက်ဆေးတွေရေးနေတဲ့ ဆရာကိုး"

"ဟုတ်စွငယ်လေ စဉ်းငယ်ခန့်ကပင် မန္တလေးမှ ရောက်ရှိလာခဲ့ပါတယ်"

"ဘုရားရေ ပင်ပန်းလိုက်တာ"

"ကျွန်ုပ် မိမိ၏ စာမူခကလေးများ"

"ဘုရားရေ ဟုတ်ပါရဲ့ ပေးရမှာပေါ့"

အနို လက်ထောက် အယ်ဒီတာ ဝဏ္ဏပဘာကလေးမှာ ဂျူး၏ ဝတ္ထုတွေထဲကများ ထွက်ကျလာခဲ့လေသလားမသိ။ ဘုရားရေချင်း မိုးမွှန်၍နေ၏။

"ဆရာ့ အက်ဆေးတွေကို သိပ်ကြိုက်ပါတယ်ဆရာ၊ ဆရာဝတ္ထုတိုရေးရင် သိပ်ကောင်းမှာပဲ ဝတ္ထုတို စမ်းရေးကြည့်ပါလား ဆရာက လက်ရှိသားပဲ"

စာရေးဆရာ နေဝင်းမြင့်ကား သူ့လက်မည်းမည်းကြီးတွေကို ယခုမှ ငုံ့ကြည့်ကာ ကျွန်ုပ်မိမိ၌လက်ရှိသည်၊ ကျွန်ုပ် မိမိ၌ လက်ရှိသည်ဟူ၍ တတွတ်တွတ်ရွတ်ကာ အနို Far သပွတ်အူ Economic Review ဂျာနယ်တိုက်မှ ယောင်ပေပေထွက်ခွာခဲ့ရကြောင်းဟူ၏။

http://www.linhtet.com



## (ခြောက်)

## ဆရာကြီးဂျက်၏ လှပသော ကောက်ချက်

အချို့ကား တခြားအလုပ်မရှိ၍၊ အချို့ကား လူတွင်ကျယ်လုပ်လို၍၊ အချို့ကား ငွေအရချောင်မည်ထင်၍၊ အချို့ကား ဟိုပွဲသည်ပွဲတက်လို၍၊ အချို့ကား စာပေမိခင်သို့မဟုတ် ဖခင်ဖြစ်လို၍ စာနယ်ဇင်းနှင့် ဘုတ်အုပ်လောကသို့ ချဉ်းကပ်ဝင်ရောက်လာခဲ့ကြပါကုန်၏။

အနို့သော် . . .

ဘဇာ ဝမ်းစာမှ သူတို့မှာမရှိ။ မြန်မာစာပေသမိုင်းကို အကြမ်းမျှမသိ။ အဘယ်စာရေးဆရာ၊ အဘယ်ပန်းချီဆရာ၊ အဘယ်ကာတွန်းဆရာ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဘဇာကိုမှ အကဲမခတ်တတ်၊ အနုပညာ တန်ဖိုးကို အနှီလူတို့မသိ။ သို့စဉ်လျက် အယ်ဒီတာချုပ်၊ တွဲဖက်အယ်ဒီတာ၊ အထွေထွေအယ်ဒီတာ၊ အလုပ်အမှုဆောင် အယ်ဒီတာ၊ တာဝန်ခံ အယ်ဒီတာ၊ အကြံပေး အယ်ဒီတာ၊ အဝေးရောက် အယ်ဒီတာ၊ အဖွဲ့ဝင် အယ်ဒီတာ စသည် စသည်ဖြင့် လုပ်စားလှုပ်ရှားလျက်ရှိကြဘိတော့သည် ဖြစ်ချေရာ မြန်မာစာပေမှ မတိုးတက် အဘယ်စာပေက တိုးတက်အံ့ပါတော့နည်း။

*(ဖြစ်ရပ်မှန် (True Story)များ၌ အခြေခံကာ အမည်နာမများကို စိတ်ကူး (Imagination)မှုလုပ်လျက် အနှီစာမူကို ရေးဘိသည်)*

http://www.linhtet.com



# သပွတ်အူက လူတွေမခေါ်ကြဘူး



## (တစ်)

နောက်ဆုံးအန္တိမ စာကြောင်း၏ အကြိုစာကြောင်းမှာ လေးစားမှုအနန္တဖြင့်ဟူသော စာကြောင်းဖြစ်ချေပြီး တကယ့်အန္တိမစာကြောင်းကမူ သပွတ်အူလုံးကျွတ်ဆိုင်ရာ အက်ကျူကိတ်တက်ကလေးများဟူသော စာကြောင်းဖြစ်ချေရာ ကျွန်ုပ်သည် ထိုစာနှစ်ကြောင်းကို အဆုံးသတ်ဖတ်ရှုပြီးသည်၏ သကာလငယ်၌ စဉ်းငယ်မျှတွေဝေ၍နေခဲ့မိသေးသည်မှာကား စင်စစ်အမှန်ပင် ဖြစ်ပါ၏။

အနို့သော် ယခုနှစ် ကာလပိုင်းအချိန်များဆီ၌ သပွတ်အူကား လင်းပွင့်ခဲ့ပြီ။ ဉာဏ်ပညာဆိုင်ရာ အမြော်အမြင်ကြီးမှုဘက်ဆီ၌ ရှေ့တစ်လှမ်းတက်ခဲ့ပြီ စသည်ဖြင့် စကားပလ္လင်ခံ၍ထားခဲ့သည် သာမက သပွတ်အူရွာထွက် ပညာတတ်လူငယ်ကလေးများစွာက သပွတ်အူ၏ အထင်ကရထွက်ကုန် များစွာအနက် ငါးပိပြီးလျှင် အတော်ကလေး အနံ့ထွက်သော ဆရာကြီး ဂျက်ကွမ်းခြံကုန်းနှင့်

http://www.linhtet.com



တွေ့ဆုံရင်းနှီးခွင့်ပွဲကလေးဝဲ့ချီးကျင်းပလို ပါသည်ဟူ၍ တောင်းပန်လင့်ခဲ့ပေချေသောကြောင့် ထိုခရီး တစ်ခေါက်က သပွတ်အူသို့ ရောက်ခဲ့ရခြင်းပင်ဖြစ်ဘိပါချေသည် တစ်မုံ့။

(နှစ်)

နေရာကား မြက်ခင်းတွေ စိမ်းစိုလန်းတဲ့ ပန်းခြံအလယ်တွင် မဟုတ်ချေ။ ထုံးစံအတိုင်း သပွတ်အူရွာဦးရှိ ဘကြီး ကိုကြွက်သိုးတို့၏ ထန်းတောထဲတွင်သာ ဖြစ်ပါ၏။ အချိန်ကား သစ်ရွက်ရော်ရီ၊ ကြန္တနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်း ချေသည့် နွေနှောင်းရာသီ၏ ဆည်းဆာရီလည်း မပီဝိုးဝါး၊ ယိုးမှားဖွယ်ရာ ညချမ်းချိန်ခါကလေးပင်။

တော်ဒီ (Toddy)ခေါ် မြန်မာ့ရိုးရာ နွေဦးကျက်သရေ ထန်းရည်ကလေးတွေကိုယ်စီ မော့ချလိုက်ကြ၊ အမျိုးသားယဉ်ကျေးမှု၏ ပုံရိပ်သဖွယ်ဖြစ်သော နွေဖားကြော်ကလေးတွေ၊ ပဒတ်ကင်ကလေးတွေ၊ လယ်ကြွက်ကြော်ကြီးတွေကို ရိုးရာခလေ့ မမေ့အပ်ဖွယ်ရာ ကောက်ယူဝါးမျိုနေလိုက်ကြနှင့် လင့်လေသော် ဝီအာတောကင်း အဘောက် အက်ကျူကေးရှင်းပေတည်း။ (We are talking about Education ဟူသည် ပညာရေး အကြောင်း ဆွေးနွေးသမှု ပြုကြသည် ဟူလို)

http://www.linhtet.com



## (သုံး)

တစ်ဦးသူကား History နှင့် ဘွဲ့ရရှိထားသူ သကောင့်သားကလေးတစ်ဦးပေတည်း။ သူက သူ၏ အက်ကျီုကေးရှင်း ဘဝ ပုံရိပ်ကို မေတ္တာစာလွှာကလေးတစ်စောင်ဖြင့် စတင်ပုံဖော်ခဲ့ပါ၏။

လူဆိုးမောင်

လူဆိုးမောင်ကို မိသဲ မတွေ့ချင်တော့ဘူး။ မိသဲဆီ မလာနဲ့တော့။ ဘာဖြစ်လို့ လူဆိုးမောင် Law ကို ယူတာလဲဟင်။ Law ယူတော့ မိသဲနဲ့ ဝေးတာပေါ့။ မိသဲကိုချစ်ရင် ပြောင်းပါလားကွယ်။ Law ယူရင် မိသဲကို မေ့လိုက်တော့။

ကျွန်ုပ်က အထက်ပါ အနှီစာကိုဖတ်ရှုပြီးသည်၏ သကာလ သကောင့်သား သမိုင်းဗေဒသမားကလေးကို မော့ကြည့်လိုက်ရာ သူက ကျွန်ုပ်၏ ထွေပြားဝေဝါးနေမှုကို ဂရုပြုမိဟန်ဖြင့် လင်းပ၍ လာပါချေ၏။

"ဆရာကြီးဂျက် ခေါင်းရှုပ်သွားပြီထင့်။ အနှီကလိုပါ ဂျက်ဆရာခင်ဗျ။ အကျွန်က Law ကို လျှောက်ခဲ့ရာ Law ဘာသာ သင်ယူခွင့်ရှိသည့် နှာခေါင်းချောင်း ယူနီဗာစီတီသို့ ရောက်သွားခဲ့ရပါသည်။ အနှီသော် ချစ်သူမိသဲက History ဘာသာဖြင့် သပွတ်အူကောလိပ်၌ပင် ကျန်ရစ်ခဲ့ရပါသည်။ ဤတွင် ဓင်းစာလွှာကို ပေးလာခဲ့ရာ"

"အဆွေ History ကို ပြောင်းခဲ့လိုက်တယ် ဆိုပါတော့"

"ဟုတ်ချေပ့် ဟုတ်ချေပ့်"

ကျွန်ုပ်က သူ၏စကားကို ဆုံးအောင် မစောင့်ချေဘဲ မေးခွန်းဆောလျှင် ထုတ်ထည့်လိုက်ရာ တစ်ဦးသူမှာ ဟုတ်ချေပ့် ဟုတ်ချေပ့် လိုက်ရတော့ချေသည်တည့်။

http://www.linhtet.com



## (လေး)

နောက်တစ်ဦးသူမှ Psychology ခေါ် စိတ္တဗေဒသမား ပေတည်း။ မျက်လုံးကလေး ကလယ်ကလယ်နှင့် တွယ်ရာမဲ့အသွင်ဆောင်သော အကြင်လူကို ကျွန်ုပ်က မေးခွန်းပြုရချေသည်။

"ဆိုက်ကော်လော်ဂျီခေါ် စိတ်ပညာအား ဘဇာ့ကြောင့် စိတ်ဝင်စားပါသနည်း"

ထို့နောက် တစ်ဦးသူသည် နှာခေါင်းကို နှိုက်၏။ နားပေါက်ကို ကလိ၏။ ဆံပင်ကို သပ်၏။ လက်နှင့်လက်ချင်းပွတ်၏။ အနို့နောက် တည်ငြိမ်သောအသွင်ဖြင့် . . .

"အဟတ် တက္ကသိုလ်ဝင်ခွင့်တွေ လျှောက်ကြားစဉ်က မိမိ အိမ်၌မရှိချေပါ ဆရာကြီးဂျက်ငဲ့။ အဲသမှာ ခြေရင်းက မိမိ၏ ဘကြီးက ငါလျှောက်ပေးမည်ဟုဆိုကာ တန်းစီရေးချလိုက်ရာက မိမိ ဆိုက်ကော်လောဂျစ်ခေါ် စိတ္တဗေဒသမားဖြစ်လာခဲ့ပုံရပါသည် ဆရာကြီး ဂျက်"

ခြေခြေမြစ်မြစ် တိတိကျကျ စိတ္တဗေဒသမားကလေးက နှာခေါင်းနှိုက်မှု၊ နှာခေါင်းပေါက်ကလိမှု၊ ဆံပင်သပ်မှု၊ လက်နှင့်လက်ချင်းပွတ်မှုတို့ကိုလုပ်၍သာ နေတော့ပြန်ချေသည်။

## (ငါး)

အခြား တစ်ဦးသူကမူ လူသားဗေဒခေါ် အဲန်သထော်ပေါ်လော်ဂျီ (Anthropology )ဘွဲ့ရဟူ၍ ဆို၏။

http://www.linhtet.com



"သဟာနှင့် အဆွေကရော ဘယ့်နှယ်ကြောင့်များ အဲန်သထော်ပေါ်လော်ဂျီ (Anthropology)ကို ယူခဲ့ရပါသတုံးဗျာ"

ဤကား ဂျက်ကွမ်းခြံကုန်း၏ အမေးဖြစ်ပါ၏။ သူ၏ အဖြေက အနှီသို့ ဖြစ်ချေသည်။

"အလွန်ဆန်းကြယ်ပေတယ် ဆရာကြီးဂျက်ရဲ့။ History တို့၊ Geography တို့၊ English တို့၊ Myanmarတို့၊ Physics တို့၊ Chemistry တို့၊ Mathsတို့ ဆိုသဟာတွေက လူတိုင်းသိပြီးဖြစ်နေကြသဗျာ။ သပ္ပတ်အူမှာ ဘယ်သူမှမသိတဲ့ ဆန်းသောအရာ ငါဘာလုပ်ရမလဲ။ အကျွန်က သို့နှယ် စဉ်းစားတာ သမှာသွားတွေ့ပြီ။ Anthropologyတဲ့။ ဘဇာကြီးလဲမသိ၊ စာလုံးကြီးက ဆန်းကြယ်စွပေတကား။ ငါတို့သပ္ပတ်အူက အဆွေတော်တို့ လန့်ပြီမှတ်၊ ကဲ . . အဲသမှာ အဲသည် ဘာကြီးမှန်းမသိသော Anthropology ကြီး ယူချလိုက်သဗျာ။ အင်း . . နှောင်းချေမှ မနုဿဗေဒပါတကား သိခွင့်ရခဲ့ချေတာ"ဟုသတည်း။

## (ခြောက်)

ယခုမူ သပ္ပတ်အူတွင် အက်ကျူကိတ်တက်ကလေးတွေ ကိုယ့်အတွေးနှင့်ကိုယ် သင်မိသင်ရာ စာပေဘာသာရပ်တို့ကို သင်ယူပြီးမြောက်လျက် ရှိကြပါချေ၏။ အမြော်အမြင်အယူအဆ၊ အိုင်ဒီယာတို့မှာ အတော့်ကိုလည်း ဆန်းကြယ်ကြချေ၏။ သပ္ပတ်အူရှေ့ရေးကို ဂျက်ကွမ်းခြံကုန်းတို့ ဘဇာသို့မှ ရင်လေးစရာမလိုချေပြီတကား တစ်မှုံ့သတည်း။

http://www.linhtet.com



# ဘုရားစူးမိုးကြိုးပစ် စာပေဟောပြောပွဲ



## (တစ်)

မြောက်အရပ်၌ရှိသော နှာခေါင်းချောင်းကျေးရွာဘက်ဆီ၌ ပါဖောင်းမင့်စ် (performance) ခေါ် ခင်းကျင်းပြသမှု အနုပညာပွဲကလေးများ ဝှဲချီးကျင်းပကြလေပြီဟူသော အသံသည် သပွတ်အူသို့ သဲ့သဲ့မျှ လွင့်ပျံ့၍လာ၏။ သပွတ်အူကား ပါဖောင်းမင့်စ်တော့သည်သာတည်း။ တောင်အရပ်၌ရှိသော ရေတွင်းကုန်းကျေးရွာဘက်ဆီ၌ အင်စတော်လေးရှင်း (Installation) ခေါ် တပ်ဆင်မှု အနုသုခုမပွဲကလေးများ ဝှဲချီး ကျင်းပကြပြန်လေပြီ ဟူသော အသံသည်လည်း သပွတ်အူသို့ ယဲ့ယဲ့မျှ လွင့်ပျံ့၍လာပြန်ချေ၏။ သပွတ်အူကား အင်စတော်လေးရှင်းတော့သည်သာတည်း။ အနို့နောက် အရှေ့အရပ်၌ရှိသော ပေကုန်းကျေးရွာဘက်ဆီ၌ ကဗျာရွတ်ပွဲ ဝှဲချီးကျင်းပပြန်ပြီဟူသော အသံသည် နွဲ့နွဲ့မျှလွင်ပျံ့၍ လာပြန်ပါချေ၏။ သပွတ်အူကား ကဗျာ ရွတ်တော့ပြန်သည်သာတည်း။ ထို့နောက် အနောက်

http://www.linhtet.com



အရပ်၌ရှိသော ဆူးကလပ်ကျေးရွာဘက်ဆီ၌ ဝတ္ထုတိုဖတ်ပွဲ ဝှဲချီး ကျင်းပကြပြန်လေပြီ ဟူသော အသံသည် တွဲ့တွဲ့မျှလွင့်ပျံ၍ လာပြန်ပါချေ၏။ သပွတ်အူကား ဝတ္ထုဖတ်တော့ ပြန်သည်သာတည်း။

ဝန်းကျင်တွင် ရှိရှိသမျှ ဘဇာသို့သော ကျေး လက်ဒေသနှင့်မှ နောက်ကျ၍မကျန်ရစ်သော မဟာသပွတ်အူအဖြစ် အခိပ္ပါယ်ကို ဆောင်ယူ၍ နေကြောင်းနှင်နှင် ဟူလို။

(၁၈)

အနှီကဲ့သို့ အခြားရွာကလေးများက ခြေတစ်လှမ်းဆိုလျှင် မိမိတို့ကလည်း ခြေတစ်လှမ်း၊ နှစ်လှမ်းဆိုလျှင် နှစ်လှမ်း လျှောက်လှမ်း၍နေခဲ့စဉ် မကြာသေးခင် ရက်ပိုင်းများအတွင်းကမူ သပွတ်အူဝန်းကျင်ရွာကလေးများ၌ ကျင်းပလိုက်ကြသည့် စာပေဟောပြောပွဲများမှာ ဟူးဟူးထန်ထန် ညံညံဟိန်းဟိန်း သိန်းသန်း ကုဋေကုဋာတည်း။ ဤ၌ သပွတ်အူကား သွေးကြွချေပြီ။ မိမိတို့၏ ဇာတိဂုဏ်ကို မြှင့်တင်ကြရန်အလို့ငှာ စာပေဟောပြောပွဲ ဝှဲချီးကျင်းပကြရန်အတွက် စိုင်းပြင်းကြပြန်ချေ၏။ အချုပ်ကိုဆိုရသော် စာပေဖြင့် သပွတ်အူကို ဝင့်စေမြင့်စေတင့်စေအံ့လတ္တံ့ ဟူသော ကြွေးကြော်သံနှင့်အတူ သပွတ်အူလုံးကျွတ်ဆိုင်ရာ စာပေဟောပြောပွဲကြီး ဟူ၍ ပေါ်ထွန်းလာ ရပြန်ချေသည် တမုံ့။

http://www.linhtet.com



## (သုံး)

သပွတ်အူလုံးကျွတ်ဆိုင်ရာ စာပေဟောပြောပွဲကြီး၌ အထူးပင်လျှင် ဝါယမစိုက်ထုတ်သူဟု ဆိုရမည့်သူမှာ ရွှေပွတ်စိုးမြင့်ပင်။

“ဘဇာမှ ပူမနေကြနဲ့. . . ဟောတတ်ပြောတတ်တဲ့ သူတွေမှ ရန်ကုန်မှာပြည့်လို့ ရိုက်သတ်လို့ပင် မကုန်ချေဘူး” ဟုမိန့်ဆိုတော်မူပြီးသည်၏ သကာလ ရန်ကုန်သို့ ရုတ်ချည်းဆိုသလိုထ,သွား၊ ရန်ကုန်မှရုတ်ချည်းဆိုသလို ပြန်လာ၊ အနို့နောက် တွင်မူ သပွတ်အူလုံးကျွတ်ဆိုင်ရာ မဟာစာပေဟောပြောပွဲပေတည်း။

## (လေး)

သပွတ်အူလုံးကျွတ်ဆိုင်ရာ စာပေဟောပြောပွဲကြီးကို ဦးလေးကိုကြွက်သိုးတို့၏ ထန်းတောနှင့်ကပ်လျက် ရိတ်သိမ်းပြီးစ လယ်ကွင်းပြင်ကြီးထဲတွင် ဝှဲချီးခဲ့ကြခြင်းဖြစ်ပါ၏။ သွေ့ခြောက်ခြောက်၊ထိုးထောင်ထောင်ရိုးပြတ်တောများ၏အလယ်တွင်ဟောပြောပွဲစင်မြင့်ကြီးမှာမူ ထီးထီးဟီးဟီးသာလျှင် တမုံ့။

ဦးစွာ သူကြီးက သူငယ်စဉ်က စာပေမှု၌ အထုံဝါသနာကြီးခဲ့ပုံများနှင့်တကွ မတတ်သာ၍ သူကြီးလုပ်ခဲ့ရပြီးသည်၏ နောက်တွင် စာပေအပေါ် သံယောဇဉ် မကုန်ဆုံးနိုင်ပုံများကို အတန်ကြာဟော၏။ သူကြီးကတော်က စာရေးဆရာဆိုသူများကို ကျေးဇူးတင် နှုတ်ခွန်းဆက်စကား အတန်ကြာပြော၏။ ရွှေပွတ်စိုးမြင့်က စာပေဟောပြော

http://www.linhtet.com



ပွဲ စင်မြင့်ဆောက်လုပ်ရာတွင် ကြုံခဲ့ရသောအခက်အခဲများကို အတန်ကြာတင်ပြ၏။ အနို့နောက်တွင်မှ အနှစ်အသားပါသည့် စာပေ ဟောပြောပွဲ ပေတကားတည်း။

(ငါး)

စင်ပေါ်သို့ မဆွတက်လာသူမှာ ဝတ္ထုတို စာရေးဆရာဆိုသူ ပင်ဖြစ်ပါ၏။ သူကားအတော့်ကိုပင်လျှင် အသံကောင်းသူ၊ အသံ အောင်သူ အသံနိုင်သူ၊ အသံခိုင်သူ ဖြစ်ပါ၏။ ဘဇာသို့သော အတီး အမှုတ်မှ မပါရှိပါဘဲကနှင့် နဂါးနီ သီချင်းကိုဆိုချလိုက်ရာ ကွင်းပြင် ကြီးတစ်ခုလုံး ဟိန်း၍ သွားတော့၏။ ဆုံးသော် နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်ဟူသည့် တောင်းဆိုသံကြီးများက ဟိန်းထ၍လာတော့ ချေရာ စစ်ကိုင်းတံတား၊ အနို့နောက် သူဌေးဝါဒ၊ ထို့နောက် လက်ရေတစ်ပြင်တည်း၊ သို့နောက် ရွှေဘို သနပ်ခါး စသည်စသည်ဖြင့် ဆိုထည့်နေတော့ရာ အချိန်အတန်လင့်လေသော် သူ၏ ဝတ္ထုတို သမား၏တာဝန် ဟောပြောမှုမှာ အဆုံးသတ်တော့ချေ၏။

သူကား သီချင်းငါးပုဒ်ကို ဆက်တိုက်ကြီး ဆိုသလို သီဆိုပြီး သည်၏နောက်၌ မြန်မာစာပေတိုးတက်ရမည်ဟု ဟစ်ကြွေးကာ အဆုံးသတ်တော်မူခဲ့ပါချေ၏။

http://www.linhtet.com



## (ခြောက်)

အနို့နောက် စင်ပေါ်သို့ တက်ရောက်လာခဲ့သူက ဝတ္ထုရှည် ရေးသူ နိုင်ငံသိစာရေးဆရာတစ်ဦးပင်။

သူကား သဘင်မှုကိစ္စများ ဘက်ဆီ၌လည်း အားကောင်း မောင်းသန်တစ်ဦးဟု ထင်ရှားလှပေရာ အနီလူစင်ပေါ်သို့ ရောက်ရှိ သွားသည်နှင့် ပရိသတ်ကြီးက က,ပါဗျို့ က,ပါ ဗျို့နှင့် ဟစ်ကြွေး လျက်တောင်းဆိုနေတော့ရာ အနီစာရေးဆရာက ရာမမင်း သမင်လိုက်အက၊ ဒသဂီရိဘီလူးမင်းအက စသည်များအပြင် ခုနစ်ထွေအကကိုပါ ဆိုင်းမပါ ပုံမပါဖြင့် အစွမ်းပြ က,ပြနေချေ တော့ရာ အချိန်လင့်လေသော် သူ၏ ယနေ့မြန်မာဝတ္ထုရှည် ဟူသည့် ခေါင်းစဉ်ကို ခေါင်းစဉ်မျှသာ ပြောပြီးသည်၏ သကာလ စင်ပေါ်မှ ဆင်းသွား တော်မူချေပါသတည်း။

မဆင်းမီ မြန်မာစာပေ တိုးတက်စေရမည်ဟူသော စကား ကိုမူ ခပ်သဲ့သဲ့ဟစ်ကြွေး၍ သွားသေးကြောင်းဟူလို။

## (ခုနစ်)

အကြင်စာရေးဆရာ၏ နောက်က ဆက်၍ တက်လာခဲ့သူ က အသံတုဝိဇ္ဇာဟုထင်ရှားသူတည်း။ သူက မြန်မာစာပေနှင့် အသံတု ဟူသည့် ခေါင်းစဉ်ကို ပေးထားသူဖြစ်ပါ၏။ မြန်မာစာပေ ကို တန်ဖိုးထားသင့်ကြောင်း နိဒါန်းချီပြီးသည်၏ သကာလ ခွေးဟောင်သံ၊ ခွေးနှစ်ကောင်မာန်ဖီနေသံ၊ ခွေးနှစ်ကောင်ကိုက်ကြသံ၊

http://www.linhtet.com



မြင်းခွာသံ၊ စစ်မြေပြင်က သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံ၊ ကြက်ဖကြီးတွန်သံ၊ ကြက်မကြီးကြက်ကလေးများကို အစာကျွေးနေသံ၊ ကြောင်အော်သံ၊ ကြောင်နှစ်ကောင် ချစ်ခွန်းတုံ့တင်သံ စသည်တို့အပြင် ထင်ရှားသူ (ဦးပမာဝင်းဦး၊ ကျော်ဆွေ၊ ကောလိပ်ဂျင်နေဝင်း စသည်. . . ) တော်တော်များများတို့၏ အသံများကိုလည်း တုပ၍လုပ်ပြသွားပါသေး၏။

မြန်မာစာပေတိုးတက်စေရမည်ဟူသော စကားကိုကား လက်သီးလက်မောင်းတန်းလျက် ဟစ်ကြွေးခဲ့သေးပါကြောင်းဟူလို။

(၅၀)

ဤသည်၏ နောက်က တက်လာပြန်သည်ကား ရုပ်ရှင်မင်းသမီး တစ်ဦးပေတည်း။ တစ်ခေတ်တစ်ခါက အကယ်ဒမီတွေဘာတွေရခဲ့၊ နိုင်ငံကျော်ခဲ့သည်မှာ မှန်သော်လည်း ယခုမျက်မှောက်ကာလ၌မူ သူ့ကိုသိသူက စဉ်းငယ်ခန့်မျှသာပင်။ သူကမူ ရုပ်ရှင်ရိုက်ကွင်းပေါ်တွင် ကြုံတွေ့ခဲ့ရသည့် ကမောက်ကမဖြစ်မှုများ၊ အဆီအငေါ်မတည့်မှုများ၊ နားလည်မှု လွဲခဲ့ရပုံများကို ဟာသကလေးနှောကာနှောကာဖြင့် ဟောသွားရှာသူကလေးဖြစ်ပါ၏။

အနို့နှင့် နိဂုံးချုပ်သော် မြန်မာစာပေတိုးတက်စေရမည်သာတကားတည်း။

တော်ဝင်မြို့ အဒုပ်တိုက်

## (ကိုး)

နှာခေါင်းချောင်းတို့၊ ရေတွင်းကုန်းတို့၊ ပေကုန်းတို့၊ ဆူးကလပ်တို့ အစရှိကြချေကုန်သည့် သပွတ်အူဝန်းကျင်တစ်ဝိုက်ရှိ ရွာငယ်ဇနပုဒ်ကလေးများဆီ၌ စာပေဟောပြောပွဲများ ဖြစ်ကြပြီ၊ လုပ်ကြပြီဟု ဆိုသောအခါ သပွတ် အူကလည်း အားမာန်အပြည့်ဖြင့် နိုးကြွပစ်လိုက်၏။ သပွတ်အူလုံးကျွတ်ဆိုင်ရာ စာပေဟောပြောပွဲကြီးကို သို့ကလို စီစဉ်ကျင်းပပစ်လိုက်၏။

<u>စာပေဖြင့် သပွတ်အူကို ဝင့်စေမြင့်စေတင့်စေအံ့လတ္တံ့</u> ဟူသော ကြွေးကြော်သံနှင့်အညီ ကျင်းပဖြစ်ခဲ့ ကြောင်းကို အဆိုပါ ဟောချက်ပြောချက်များက သက်သေခံ၍ နေခဲ့ပါကြောင်း နှင်နှင်တကားတည်း။

http://www.linhtet.com



# အမည်သညာ ခေါ်စရာကား အန့်ကယ်ကိုမြတ်စံ



## (တစ်)

ယခု မကြာမတင်သော ကာလငယ်ကလေးအတွင်း၌ပင် လျှင် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း ရေးသားဖော်ပြအံ့လတ္တံ့ချေသည့် အကြောင်းရင်း ကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်၍ ဝေးရပ်မြေ တစ်နေရာမှ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ အထံသို့ ရောက်ရှိ၍ လာ ကြချေသော စာလွှာပေါင်းများစွာအနက် သဘောအနက် အဓိပ္ပာယ် ချင်း ဆင်ဆင်တူချေသည့် စာလွှာကလေးများထဲမှ တစ်စောင်ကို မဆွ ဦးစွာ ဖော်ပြရချေသော် သင့်နိုးအံ့ဟု ထင်မြင်ယူဆမိပါ၏။ စာကား အသို့တည်း။

ဆရာကြီးဂျက် . . .

ဆရာကြီးဂျက်သည် ဝတ္ထု၊ ကဗျာ၊ ဘာသာပြန်၊ ဆောင်းပါး၊ ဘဇာတစ်ခုတွင်မှ လောက်လောက်လားလား ပြောစမှတ်ပြုလောက် ဖွယ်ရာ ရေးသားစီကုံးမှု မပြုခဲ့သော်လည်း ဆရာကြီးဂျက် ဆရာကြီး

ဂျက်နှင့် အတော့်ကို သမ္မာကြီးလျက်ရှိပါချေသည်။ ဘုတ်အုတ်စာပေမှ အနုပညာကမ္ဘာဝယ် ဘယ့်နှယ်သို့ ယခုလို နေရာရ တောက်ကြွားခဲ့ရသည်ကို အကျဉ်းမျှ လင်းပချေသော် စာပေသူငယ်နုပ်စားကလေးများအတွက် လင်းပွင့်နိုင်ပါကြောင်း ဟူလို။

ဟူ၍မေးတကားတည်း။ မှန်၏။ ဂျက်ကား သူ၏စာလွှာထဲ၌ ဖော်ပြထားဘိသလို ဘုတ်အုပ်လောက၌ အတော်ကလေး ဝင်ဆံ့၏။ စာပေအခမ်းအနားများ ကျင်းပ၏။ ဂျက်မှာ ကြွားကြွားဝံ့ဝံ့တည်း။ စာပေလောကဆိုင်ရာ သာမှု နာမှုများ ကျင်းပ၏။ ဂျက်မှာ မားမားမြင့်မြင့်တည်း။ ဂျက်ဆရာ ဂျက်ဆရာနှင့် မျက်နှာပွင့်ပန်းလန်းဆန်းဝေဆာဘိတော့ချေသည်။ အနှီသို့ ဖြစ်တည်နေရခြင်း၌ အကြောင်းအရပ်ရပ်တို့ ပေါင်းစပ်၍ ပါဝင်နေကြနိုင်သည်မှာ မှန်သော်လည်း အရေးအကြီးဆုံး အချက်အဖြစ် ဂျက်သုံးသပ်မိသည်မှာကား ကျွန်ုပ်သည် ကလောင်၏နောက်ကွယ်က နာမည်အရင်းများကို ကိုင်ထားနိုင်ခြင်းပင်လျှင် နှင်နှင်ဖြစ်ချေပေသည်။ လူရင်းတွေပါကွာ ဟူလို။

## (နှစ်)

တစ်ခါသော် နယ်မြို့ကလေးတစ်မြို့သို့ ဂျက်ရောက်သွား၏။ ပင်လယ်ကြီးနှင့် မလှမ်းမကမ်းမှ လပွတ္တာမည်သော မြို့ကလေးတည်း။ သစ်စိုး ဟူသော စာပေသမားကလေးဦးစီးကာ လူငယ်တစ်သိုက်နှင့် စကားဝိုင်းဖွဲ့ရချေ၏။ စကားဝိုင်းသည် ဆရာမောင်ထင်၏

http://www.linhtet.com



ဘော ဝတ္ထုဆီသို့ ရောက်သွား၏။ တစ်ဦးက ဘောသည် လယ်သမား ဘဝကို သရုပ်ဖော်သည်ထက် လယ်သမားတို့ကို လှောင်ပြောင်သရော်ထားခြင်းဖြစ်သည်ဟူသော ဆရာမောင်သာနိုး၏ ဝေဖန်မှုကို ဆွေးနွေး၏။ အနီးတွင် ဂျက်က . . .

"ဦးထင်ဖတ်ရဲ့ ဘောက ဂျပန်ခေတ် လယ်သမားဘဝ ပေါ်လွင်ပါပေတယ်ဗျာ။ အဲ . . . သဟာနဲ့ စကားမစပ် ကိုခင်မောင်တင့်ကလည်း လယ်သမားနောက်ခံဝတ္ထုတော့ ရေးဖူးသေးတာပါပဲ။ ဦးကြီးဘထိုက် (သို့မဟုတ်) မိုးနှင့်မြေကို အောင်နိုင်ခြင်းဗျာ။ အနို့သော် ကိုခင်မောင်တင့်က လယ်သမားဘဝကို သိပ်အကျွမ်းမဝင်လှဘူး။ သူက ခမ်းနားတဲ့ အချစ်ဝတ္ထုကြီးတွေ၊ ရသသဘောတရားတွေ၊ သမိုင်းနောက်ခံဝတ္ထုတွေမှာပဲ အားသန်တာ"

ကျွန်ုပ်က ဆရာမောင်ထင်ကို ဦးထင်ဖတ်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ကို ကိုခင်မောင်တင့် စသည်ဖြင့် လုပ်ထည့်လိုက်ရာ ကိုသစ်စိုးက မျက်စိကလေး ပေကလပ် ပေကလပ်ဖြစ်နေသော သူ့ရဲဘော်ကလေးများကို ဦးထင်ဖတ် ညီမျှခြင်း မောင်ထင်၊ ကိုခင်မောင်တင့် ညီမျှခြင်း တက္ကသိုလ်ဘုန်းနိုင် စသည်ဖြင့် တီးတိုးကလေး ရှင်းပြနေချေ၏။ သို့စဉ်တော့မှ တစ်ယောက်က . . .

"တက္ကသိုလ်ဘုန်းနိုင်ကို ဆရာကြီးဂျက် ကြိုက်သလားခင်ဗျ"

"အဟုတ် ရင်ခုန်ခဲ့ချေသပေ့။ ကိုမောင်မောင်ကြီးကိုလည်း ကြိုက်တာပါပဲ။ ငွေတောင်လို သုတေသနစာအုပ်ရေးခဲ့သူက အချစ်ဝတ္ထုစကားပြေမှာလည်း ညက်ပေသဗျာ"

အနီးတွင် ကိုသစ်စိုးက ကိုမောင်မောင်ကြီး ညီမျှခြင်း ငြိမ်းကျော်ဟူ၍ တီးတိုးရှင်းပြနေရပြန်ပါချေ၏။ အချုပ်ကို ဆိုရသော်

http://www.linhtet.com



လပွတ္တာသားကလေးတို့ ဂျက်ကို ဖြုံသွား တုန်သွားဘိတော့ချေသည် တကား။

## (သုံး)

တစ်ရံရောအခါ၌ ဂျက်ကွမ်းခြံကုန်းတည်းဟူသော ပင်လယ်ကူး သင်္ဘောကြီးသည် တောင်တွင်းကြီးမြို့သို့ ဆိုက်ရောက်၏။ ပေလေးပင် ရှင်လေးပါးအစ ရှင်ဥက္ကဋ္ဌအလယ်၊ ဆရာအောင်သင်း၊ အဆုံး၊ မောင်ခင်သာ (တောင်တွင်း)၊ မောင်ကြည်သာ (တောင်တွင်း)၊ တောင်တွင်း မောင်မုန်းမာန်၊ တောင်တွင်းမောင်သင်းကျော် စသည် စသည်ဖြင့် တရုန်းရုန်း မြို့ကလေး၌ မောင်မုန်းမာန်ဦးဆောင်သော လူငယ်တစ်သိုက်တို့က ဂါရဝပြု စာပေဝိုင်းကလေးဖြင့် ခင်းကျင်းဧည့်ခံ၏။ တူးလက်စ ဗိဿနိုးမြို့ဟောင်းဆီ စကားရောက်သွားကြကာ မဟူရာမေတ္တာ အစချီသော ရာဇဝင်နောက်ခံ ဝတ္ထုများဆီသို့ ရောက်သွားကြသည်တွင် . . .

"ပသို့ဆိုစေ ရာဇဝင်နောက်ခံခေါ်ခေါ် သမိုင်းနောက်ခံဆိုဆို ကိုကျော်စွာကို ချန်ထားလို့ကတော့ မဖြစ်ချေဘူးပေါ့။ ခုနစ်အိမ်တန်းက မိဂျမ်းဘုံလို ဟာသကလွဲရင် ကိုကျော်စွာဟာ"

အနှီသို့ စကားဆိုနေစဉ်အတွင်း မောင်မုန်းမာန်ကလေးက ကိုကျော်စွာ ညီမျှခြင်း ချစ်ဦးညို၊ ကိုကျော်စွာ ညီမျှခြင်း ချစ်ဦးညိုနှင့် တီးတိုးရှင်းပြနေခဲ့ရာ တောင်တွင်းသားတို့ ကျွန်ုပ်ကို အံ့အံ့သြသြ ငေးငေးမောမောနှင့်ပေတကား။

http://www.linhtet.com



## (လေး)

အကြင်တစ်ခေါက်ကမူ ဂျက်သည် ရတုဘုရင်ကြီး နတ်ရှင်နောင်၏ ကေတုမတီ တောင်ငူမြို့တော်သို့ ရောက်သွားမိပြန်ပါချေ၏။ အနီးတွင်လည်း တပင်ရွှေထီးထန်းတောအတွင်း၌ မြန်မာကဗျာ ရှေ့ရေး ဆွေးနွေးဖြစ်ကြလေရာ မောင်နီမွန်၏ ဦးဆောင်မှုနှင့်အတူ အောင်ခိုင်မြတ်ကလေးတို့၊ မောင်ထင်ဘို ကလေးတို့၊ အောင်လွန်းမြိုင်ကလေးတို့သည် ကျွန်ုပ်၏မျက်နှာကို ငေးမောကာ လာရောက်နားထောင်ကြချေ၏။

"ကိုသန်းဝင်းဆိုတဲ့လူက နည်းနည်းရမ်းချင်တယ်ဗျ။ ကာရန်ဝါဒ ကျဆုံးပါစေဆိုတော့ ဆရာဦးငွေးမြိုင် ဘယ်လောက် ခံစားရမလဲ။ တစ်ဖန် စာပေ ဓမ္မန္တရာယ်ဆိုပြီး ထိုးနှက်လိုက်တာ ဦးဇော်မြင့် ရင်နာလေမပေ့ါ"

အနီးတွင် မောင်နီမွန်ကြီးက ကိုသန်းဝင်း ညီမျှခြင်း အောင်ဝေး၊ ဦးငွေးမြိုင် ညီမျှခြင်း ဆရာဒဂုန်တာရာ၊ ဦးဇော်မြင့် ညီမျှခြင်း ဆရာဇော်ဇော်အောင် စသည် စသည်ဖြင့် ရှင်းပြနေခဲ့ရာ တောင်ငူသားကလေးတို့ အတင်းလိုက်မှတ်နေကြရှာလေ၏။

အနို့နှင့် နှစ်ကာလများ ရှည်လျားထွေပြား မနေမနားစွာ မောင်းနှင်လျက်ရှိကြချေကုန်၏။

ဂျက်ကား မည်သည့်အနုသုခုမ သမားကိုမှ အနုပညာ အမည် မခေါ်တော့။

ဆရာကြီး ရွှေဥဒေါင်းကို ဦးဖေသိန်း၊ ဆရာဇော်ဂျီကို ဦးသိန်းဟန်၊ ဆရာနတ်နွယ်ကို၊ ကိုလှမြင့်၊ ဆရာထင်လင်းကို ဦးသိန်းမောင်၊ ဆရာမောင်ဝံသကို အစ်ကို ကိုစိုးသိမ်း၊ ကိုအော်ပီကျယ်ကို ကိုဝင်းနိုင် စသည်စသည်ဖြင့် ပြောဆို ဆွေးနွေးဝေဖန်

http://www.linhtet.com



သုံးသပ်လျက်ရှိတော့ရာ စာပေလောကကြီးတစ်ခုလုံး ဂျက်သည် ထိုပုဂ္ဂိုလ်ကျော်များနှင့် တကယ့် အတွင်းလူဟု ထင်မှတ်သွားတော့ကာ ဂျက်ကွမ်းခြံကုန်းသည်လည်း ရောရောယောင်ယောင် သောက်ရှူး ကြယ်ရောင် ထွန်းလင်းလျက်ရှိတော့ပါချေ၏။

ယခု ထိုထွန်းလင်းပုံကိုပင်လျှင် ဝေးမြေတစ်နေရာမှ စာချစ်သူကလေးတစ်ယောက်က စာဖြင့် မေးမြန်းလာခဲ့ခြင်းဖြစ်ချေရာ ကျွန်ုပ်ကလည်း နာမည်ရင်းတွေကိုခေါ်ပြီး ဂျက်ကွမ်းခြံကုန်း လူတွင်ကျယ်ဘဝ ရောက်လာခဲ့ရကြောင်း အကြောင်းပြန်ရချေ၏။

အနို့နှင့် တစ်ခါသားသော် ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ မဂ္ဂဇင်းတိုက်တစ်ခုဝယ် အယ်ဒီတာဖြစ်လျက်ရှိ၏။

သို့ရှိစဉ် တစ်နေ့သော် ဂျက်ထံ လူငယ်တစ်ဦး ရောက်လာ၏။

"စာမူပို့ချင်လို့ပါ"

"ရပါတယ် မောင်ရင်"

"ကဗျာအကြောင်း ဆောင်းပါးကလေးပါ"

"ဘယ်သူ့ကဗျာအကြောင်းပါလိမ့်"

"အန်ကယ် ကိုမြတ်စံပါ"

"ဘယ် ကိုမြတ်စံလဲ၊ မြောက်ဒဂုံကလား"

"ကဗျာဆရာ အန်ကယ် ကိုမြတ်စံလေဗျာ"

"ကိုမြတ်စံ"

ဤနေရာ၌ ဂျက်ကွမ်းခြံကုန်း စိတ်ရှုပ်နေသည်။

"မဲဇာတောင်ခြေရေးတဲ့ အန်ကယ် ကိုမြတ်စံလေဗျာ"

"လက်ဝဲသုန္ဒရ မဟုတ်လားကွ မောင်ရင်ရဲ့"

"အဲ . . ဟုတ်ပ ကျွန်တော်က ကိုမြတ်စံပဲ နှုတ်စွဲနေလို့"

http://www.linhtet.com



“တောက် . . မင်းနှယ်ကွာ”

ဂျက်ဆရာကား လက်မပါအောင် မနည်းထိန်းသိမ်းလိုက်ရချေသည်တမုံ့။

http://www.linhtet.com



# ဘယ်စာကို ဘယ်နှလွှာမှာ သင်မတုံး

(တစ်)

ကျွန်ုပ် ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည်ကား တူ၊ တူမ ပေါင်း သောင်းခြောက်ထောင်တို့ ဝန်းရံခလျက်ရှိချေသည့် အန်ကယ် လေးလေးဂျက်ပင် ဖြစ်ဘိချေသည်။ ကျွန်ုပ်သည် အက်ကျူကေးရှင်း ခေါ် ပညာဗဟုသုတဘက်၌ အတော်ကလေးကို သိမြင်နှံ့စပ်သူ ဖြစ် ၏ဟုဆိုလျှင် ကိုယ်ရည်သွေးရာများ ရောက်ချေလေရော့မလား မပြော တတ်ပါချေ။ ပသို့ဆိုစေ အကြောင်းအနှီ တူ၊ တူမကလေးတို့၏ ဆွေ တော်အပေါင်း မျိုးတော်အသောင်းသောင်းတို့သည် အက်ကျူးကေး ရှင်းပိုင်းဆိုင်ရာ အကြံဉာဏ်များနှင့်ပတ်သက်လာသော် ဂျက်ကွမ်းခြံ ကုန်းထံသို့သာ ချဉ်းကပ်၍ လာလေ့ရှိကြပါကုန်၏။

LCCI ဖြေလတ္တံ့ဟုဆိုကာ ဂျက်ကွမ်းခြံကုန်းထံ လာကြ၏။ MBA ဖြေလတ္တံ့ဟုဆိုကာ ဂျက်ကွမ်းခြံကုန်းထံ လာကြ၏။ TOEFL ဖြေလတ္တံ့ဟုဆိုကာ ဂျက်ကွမ်းခြံကုန်းထံ လာကြ၏။ IELTS ဖြေလတ္တံ့

http://www.linhtet.com



ဟုဆိုကာ ဂျက်ကွမ်းခြံကုန်းထံ လာကြ၏။ SAT ဖြေလတ္တံ့ဟုဆိုကာ ဂျက်ကွမ်းခြံကုန်းထံ လာကြ၏။ ဂျက်ကား သရုပ်ပြ အမှန်းတင်စီစဉ် ဆောင်ရွက်ပေးရတော့သည်သာ။

အနို့နှင့် တစ်နေ့သ၌သော် တူ၊တူမလေး ငါးယောက်စ ခြောက်ယောက်စ တစ်သိုက်တို့သည် မိမိကျွန်ုပ်ထံ ရောက်ရှိ၍ လာကြချေကုန်သည်။

"လေးလေးဂျက် . . မီးတို့ English Speaking တက်ချင်တယ် . . . Teacher ရှာပေး"

ဟူချေသတည်း။

(နှစ်)

ဇာတ်သွားကို တတ်အားသလောက် ချုပ်ရချေသော် ဗြိတိသျှစကားအပြောအဆိုဘက်၌ မခေလှဟူ၍ နာမည်ထွက်သော အကြင်ဒွတ်ဒက်ရွှတ်ရှက် ဆရာကလေးတစ်ဦးကို အိမ်သို့ ပင့်ဖိတ်ပြီးသည်၏ သကာလ သင်ကြားရေးကိစ္စ ဆွေးနွေးရတော့ချေသည်။

ကျွန်ုပ်။ ။သီတင်းတစ်ပတ်လျှင် နှစ်ချိန် တစ်ချိန်လျှင် နှစ်နာရီဆိုသည်ကဖြင့် သင့်မြတ်ပေစွဟု ကျွန်ုပ်ထင်ပါသည် . . ဉာဏ်ပူဇော်ခကလေးများကိုပါ မိန့်ဆိုပါလေဦးခင်ဗျာ။

ဒွတ်ဒက်။ ။တစ်လလျှင် လေးသောင်းယူချေသည် . . ၊အနို့သော်. .

ဤနေရာတွင် ကျွန်ုပ်က သင့်ပေစွဟု မှတ်ပိုက်နေဆဲ ဒွတ်ဒက်ရွှတ်ရှက်ဆရာက အနို့သော် ဟူသော စကားဖြင့် စကားကို စဉ်းငယ်ခန့် ဆိုင်းငံ့၍ထားလိုက်ချေရာ ကျွန်ုပ်မှာ ဘဇာပါအံ့ဟု ငေးမျှော်၍နေရချေ၏။

http://www.linhtet.com



ဒွတ်ဒက်။ ။အကြင် လခန္နန်းထားသည် မြေညီထပ်အတွက်သာဖြစ်ပါချေသည်။ ပထမထပ်သို့တက်ရပါမူ အပိုတစ်သောင်း . . ၊ ဒုတိယထပ်သို့တက်ရပါမူ နောက်ထပ်တစ်သောင်း၊ တစ်ထပ်တစ်သောင်းထပ်ဆောင်းလျက် ယူငင်ကြောင်းပါ ဆရာကြီးဂျက်ခင်ဗျာ။

ကျွန်ုပ်။ ။သဟာဖြင့် ကျွန်ုပ်၏ တူ၊ တူမကလေးတို့သည် သုံးထပ်၌နေကြသည်ဖြစ်ရာ . . . လေးသောင်းကျပ်တွင်သုံးသောင်း ပလပ်စ် (Plus) ရမည် . . . ဟုတ်ပါစ။

ဒွတ်ဒက်။ ။ဟုတ်စွ ငဲ့လေ။

(သုံး)

အနှိုနှင့် အချိန်ကာလတို့သည် အတန်ငယ်ခန့် ညောင်းလင့်၍ သွား၏။ ဤတွင် ကျွန်ုပ်နှင့် ဒွတ်ဒက်ရွတ်ရှက်တို့သည်လည်း အကျွမ်းဝင်စ ပြု၍လာ၏။

ကျွန်ုပ်သည်ကား အရာရာကို ရင်တွင်း၌ ဝှက်သိုဖုံးဖိ၍ မထားတတ်မူဘဲ တုတ်ထိုးအိုးပေါက် ဘွင်းဘွင်းရှင်းရှင်း ဖြောင့်ဖြောင့်စင်းစင်းကြီးဖြစ်ရာ သူ့အား ကလူမိချေ၏။

"ကျွန်ုပ်ကတော့ ဆွေတွေမျိုးတွေထဲမှာရော သင်္ဂဟတွေထဲမှာရော . . သတိပေးစကားတွေပြော ပြောနေရချေသဗျ . . သည်းချာရင်နှစ်တို့ရဲ့ အက်ကျူကေးရှင်းကိုများ စိတ်ဝင်စားကြတယ်ဆိုရင် ငွေကုန်ကြေးကျနည်းအောင် မြေအောက်ခန်းထဲမှာ နေကြဖို့ တတ်နိုင်ရင် အဝီစိငရဲမှာ တစ်ခန်းလောက် ဝယ်ထားဖို့"

ဒွတ်ဒက်ရွတ်ရှက်ကား အဟုတ်အဟုတ်နှင့် ကန္တာရ ဆန်

http://www.linhtet.com



ဆန်ကြီး ရယ်မောနေခဲ့သော်လည်း မျက်ထောင့်နီနီကြီး အစုံနှင့်မူ ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်ရှု၍ နေဘိပြန်ချေသည် တမုံ့။

http://www.linhtet.com



# ပစိဖိတ်သမုဒ္ဒရာထဲယောက်ျားနှင့် ရုပ်မြင်သံကြားမကြည့်သောမိန်းမ



## (တစ်)

“ဟော့. . . အားလုံး ခဏတိတ်. . . ကိုယ့်ညီကို တွေကို ကိုယ်မေးခွန်းကလေး တစ်ခုမေးမယ်. . . မှန်အောင် ဖြေကြည့်ကြ စမ်းပါဦး. . . ဟုတ်ပြီနော်”

အနီးစကားကို ဆိုလိုက်သူမှာကား မျက်နှာ တစ်ခုလုံး အထူးသဖြင့် ပွစိစိနှာခေါင်းကြီးတစ်ခုလုံး ဘီယာ၏တန်ခိုးအာနိသင်ဖြင့် နီစပ်စပ်ဖြစ်နေချေသည့် မစိမ်းမကျက် မိတ်ဆွေကြီးပင် ဖြစ်ဘိပါချေသည်။ ဤနေရာ၌ မစိမ်းမကျက် မိတ်ဆွေဟု သုံးနှုန်းလိုက်ရခြင်းတွင် အနက်အဓိပ္ပါယ်တို့သည် အပြည့်ရှိ၏။ သူကား ကျွန်ုပ်တို့၏ အနီးအစုအဝေးကလေးအတွင်းသို့ နှောင်းမှ ဝင်ရောက်လာခဲ့သူ တစ်ဦးပင်။ အနို့သို့ဝင်ရောက်လာခဲ့ရာတွင်လည်း မိတ်ဆွေတစ်ဦး၏ မိတ်ဆွေအဖြစ် ထပ်ဆင့်၍ စာရင်းတိုးဝင်ရောက်လာခဲ့သူ ဖြစ်သဖြင့် မစိမ်းမကျက် မိတ်ဆွေဟု သုံးနှုန်းလိုက်ရခြင်း ဖြစ်ဘိပါတုံ၏။

http://www.linhtet.com



အနီ့ မိတ်ဆွေက အထက်တွင် ဖော်ပြထားခဲ့သော စကားကို ဆိုလှာခဲ့ချေသည့် အခါတစ်ပါးက ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အပါအဝင် မိတ်ဆွေတစ်သိုက်တို့သည် မြန်မာ့အားမာန် အာရှဂုဏ်ဆောင် မြန်မာစည်ဘီယာများကို တစ်ဂျားပြီး တစ်ဂျား ဝိုင်းအလယ်တွင် ချထားပြီးသည်၏ သကာလ စာနယ်ဇင်းဗေဒ၊ အနုပညာဗေဒ၊ ဓနဥစ္စာဗေဒ၊ နိုင်ငံတကာရေးရာဗေဒ စသည်စသည် တောင်တောင်အီအီတို့ကို ဆွေးနွေးငြင်းခုန်၊ အာရုံဝင်စား နေခိုက် အခါတစ်ပါးလည်း ဖြစ်ပါ၏။

ကျွန်ုပ်တို့၏ မစိမ်းမကျက် နောက်တိုးမိတ်ဆွေ ကြီးသည်ကား ဉာဏ်ပညာကိစ္စ၊ အနုသုခုမကိစ္စတို့၌ အတော်ကလေးကို ပင်လျှင် အလှမ်းဝေးလှသူ ဖြစ်ချေရာ စကားဝိုင်းထဲတွင် ပြောစရာစကားမရှိ ငေါင်းတိတိကြီး ဖြစ်၍ နေပုံရပါ၏။ ဤစဉ်တွင် စကားမစပ်ကြားညှပ်၍ ဟုဆိုသလို အထက်ပါစကားကို ဆိုလှာခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်ုပ်တို့သည်ကား ဂျားအဆက်ဆက်နှင့် စကားအသွက်အလက်တို့ကို ခေတ္တခဏ တန့်ထားပြီးသည်၏ နောက် အနီ့မစိမ်းမကျက် မိတ်ဆွေကြီးကို ငေးငိုင့်၍နေမိပါ ချေ၏။

"ဟုတ်ပြီနော်. . . ကိုယ့်ညီကိုတွေကို ကိုယ်မေးခွန်းတစ်ခု မေးမယ် သေချာဖြေပေါ့"

"မေးပါ. . . မေးပါ"

"မနှစ်က သည်အချိန်လောက်မှာ. . ကိုယ်ဘယ် ရောက်နေလဲ. . . သိလား"

"အယ်"

အနီ့အယ်ကား သံပြိုင်ညီညာ အယ်သံပါပေတကား။ မဖြေတတ်နိုင်ရှာသူ ကျွန်ုပ်တို့တစ်သိုက်မှာ အယ်ဟူသော

http://www.linhtet.com



အာမေဋိတ်သံကြီးများကို ပြိုင်တူပြုလိုက်ပြီးသည်၏ သကာလ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍သာ နေမိကြပါချေကုန်၏။

"လုပ်လေ. . . လုပ်လေ. . . မနှစ်က သည်အချိန် ကိုယ်ဘယ်ရောက်နေသလဲဆိုတာ"

သူက အမေးကို သို့ကလို ဆင့်ပြန်ပါ၏။

ဘယ့်နှာကမှ စဉ်းစားမရသူ ကျွန်ုပ်တို့ထဲမှ တစ်ယောက်က ဘဝကိုလက်မြှောက်အရှုံးပေးကာ

"ဘယ်များ ရောက်နေဘိသတုံးဗျာ" ဟု မေးခွန်းပြုရတော့ ချေသည်။ ဤတွင်မှ တဝါးဝါးတဟားဟား ရယ်မောကာ. . .

"ဟား ဟား. . . ကိုယ့်ညီကိုတွေ မနပ်ဘူးကွာ ပစိဖိတ်. . ပစိဖိတ်သမုဒ္ဒရာထဲမှာ ရောက်နေတာ. . . လှိုင်းက တအားကြီး. . သင်္ဘောကကြီးလို့သာပေါ့. . . ဟား ဟား"

ဟုသတည်း။

ဤတွင်မှ သြော်. . . သူ သင်္ဘောသားဖြစ်ဖူးတာကို ကြွားဝါနေတာပါကလား ဟူ၍ ကျွန်ုပ်တို့က နားလည်သဘော ပေါက်ရချေ၏။

(နှစ်)

တရုတ်ဘာသာစကား၌ ကြွားဝါးတတ်သူကို စကားလုံး နှစ်လုံးဖြင့် ဖော်ပြရသည်ဟု ဆိုပါ၏။ တစ်လုံးက မိုးကောင်းကင်။ အခြားတစ်လုံးက ပါးစပ်။ ကောင်းကင်ပေါ်၌ ပါးစပ်ကိုတင်ထား လိုက်လျှင် ကြွားဟု အနက်ထွက်ပြီ။ နေရာတိုင်းတွင် မိုးကောင်းကင်

http://www.linhtet.com



ပေါ်၌ ပါးစပ်ရောက်နေသူတွေ ရှိ၏။ အနို့သော် မနှစ်က သည်အချိန် ကိုယ်ဘယ်ရောက်နေသလဲသိလားဟု မေးပြီးမှ ပစိဖိတ်သမုဒ္ဒရာထဲ ရောက်နေသဗျဟုဆိုသူ ယောက်ျားမျိုးမှာကား အလွန်ပညာသား ပါ၏။ အနို့ကလို ယောက်ျားမျိုးနှင့် ဘယ့်နှာကဲ့သို့သော မိန်းမမျိုးကို ပေးစားရသော်ကောင်းပါအံ့ဟု ကျွန်ုပ်စဉ်းစားမိရာ ရုပ်မြင်သံကြား မကြည့်သူ အကြင်မိန်းမကို ရုတ်ချည်းသတိရ၏။

(သုံး)

အကြင်မိန်းမနှင့် ကျွန်ုပ်တို့သည်ကား ဆူးလေနှင့် မြောက်ဥက္ကလာသွား တက္ကစီကားကလေး တစ်စီးပေါ်တွင် ဆုံမိကြခြင်းဖြစ်ပါ၏။ ဆူးလေတစ်ဝိုက်၌ အခြေစိုက်သည့် တက္ကစီကား ကလေးများတွင် ဆူးလေ မြောက်ဥက္ကလာ တက္ကစီကလေးတို့သည် ရှေ့ခန်းအသပြာ၁၀၀၀၊ နောက်ခန်း အသပြာကျပ် ၈၀၀ ယူချေရာ မရှိမရှား ကျွန်ုပ်တို့လို လူသားများအဖို့ အလွန်ပင် အဆင်ပြေလှ၏။ ကျွန်ုပ်ကား အကြင်မိန်းမကို အနီကားပေါ်၌ တွေ့ခဲ့ရခြင်း ဖြစ်ပါ၏။

ထိုနေ့က ကျွန်ုပ်သည် လူသုံးယောက်တင်သော နောက်ခန်း၌ အခြားအမျိုးသမီးတစ်ဦးနှင့်အတူထိုင်လျက်ရှိစဉ် အကြင်မိန်းမ ရောက်လာခဲ့ခြင်းဖြစ်ပါ၏။ အကြင်မိန်းမနောက်ခန်းထဲ၌ ထိုင်ပြီး သည်ရှိသော် ကားထွက်ရန် အသင့်အခြေအနေပေတည်း။

"ဟယ်. . . မမ"

"အို. . . စိုး"

ဟယ်မမသည် ကားပေါ်ရှိ ပထမအမျိုးသမီး၏ ဟယ်မမ

http://www.linhtet.com



ဖြစ်ချေ၏။ အို-စိုးပေတကားတည်း။

"မမနဲ့ မတွေ့တာတောင်ကြာပြီ. . . အင်း ၆နာရီ ဆိုတော့ ၇နာရီကိုရီးယားကားအမီပဲ မမရေ မေတ္တာသည်သာက လည်းကောင်း နန်းတွင်းရတနာ ကလည်းကောင်း ၇နာရီဆို ရုပ်မြင်သံကြားရှေ့ အိမ်ရှိလူကုန်ပဲ"

ကားပေါ်ရှိ ပထမ အမျိုးသမီးက မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ကိုရီးယားကားများကို ရည်ညွှန်းကာ ကားအထွက်မှာ စကားသွက်ချေ၏။ အကြင်မိန်းမမှာမူ ရင့်ကျက်တ္တန္ဓေရှင်တည်း။

"စိုးရေ. . . မမ ရုပ်မြင်သံကြားမကြည့်တာ သုံးနှစ်ရှိပြီ. . . အမြဲပိတ်ထားတယ်"

အလို ဘုရား ဘုရား။ ဘယ့်နှာသော အကြင် မိန်းမသားပေနည်း။ ရုပ်မြင်သံကြားကို သုံးနှစ်တိုင်တိုင် ပိတ်ထားသည်ဟူ၍။ စကားအဖွင့်ကို နားစွင့်ရချေ၏။

"မောင်. . . စက်ဘူကို ရောက်နေတာ သုံးနှစ်ရှိပြီ စိုးရယ်. . . တစ်လကို ဆယ်သိန်း မမကိုပို့ပေးနေတာ. . . မိသားစုနဲ့ခွဲပြီး ဒုက္ခခံနေရရှာတာလေ. . . ဒါ့ကြောင့် ပျော်စရာရှင်စရာ အလုပ်ဆို. . . မမ ဘာမှမလုပ်ဘူး. . . ရုပ်မြင်သံကြား. . . မောင် စက်ဘူကို ထွက်သွားပြီဆိုတဲ့ နေ့ကတည်းက စ,ပိတ်ထားလိုက်တယ်. . . သူ့ခမျာ တစ်လ ဆယ်သိန်းပို့ပေးနေရရှာတာ. . . ဆိုသံငိုသံတွေ. . . ရယ်သံမောသံတွေ မမ မကြားချင်ဘူး. . . ဘယ်သွားချင်ပါ့မလဲ. . . ကိုယ့်မိသားစုနဲ့ပဲ ကိုယ်နေချင်ကြတာပေါ့. . . တစ်ခါတစ်ခါတော့ သူပို့ပေးနေတဲ့ တစ်လ ဆယ်သိန်းတွေလည်း မလိုချင်တော့ပါဘူး စိုးရယ် ပြန်လာ

http://www.linhtet.com



တော့လို့ မှာရတယ်. . . မောင်က ရှာဦးမယ်တဲ့. . .
မမလေ အဲလိုပြောလေ ရုပ်မြင်သံကြားကိုမုန်းလေ သိလား
မကြည့်ဘူးစိုးရယ်. . . မောင်စက်ာပူကနေ ပြန်လာ
မှ. . . ကြည့်မယ်"

ရုပ်မြင်သံကြား မကြည့်သော မိန်းမ၏ ရှည်လျား ထွေပြား မနေမနား စကားတို့ကို တက္ကစီတစ်စီးပေါ်တွင် သို့ကလို နားဆင်သမှု ပြုခဲ့ရပါ၏။

(လေး)

မနှစ်က သည်အချိန် ကိုယ်ဘယ်ကိုရောက်နေသလဲသိလား ပစိဖိတ်သမုဒ္ဒရာထဲမှာပေါ့ ဟုဆိုသူ အကြင် ယောက်ျားနှင့် ရုပ်မြင်သံကြားမကြည့်တာ မောင်စင်္ကာပူ သွားကတည်းက ဟု ဆိုလာသူ အကြင်မိန်းမတို့ကို အကြောင်းဆက်ပေါင်းဖက်ပေးရသော် ဘယ့်နှယ်ရှိပါစဟု ဂျက်အတွေးဝင်နေမိသည်မှာ အကြိမ်ကြိမ်အခါခါ ရှိပါချေပြီ တမုံ့။ ။

http://www.linhtet.com



# မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ဂျာမန်ဘက်သို့ ငဲ့စောင်းကြည့်သောအခါ



**(တစ်)**

မြန်မာဘုတ်အုပ်စာပေလောကကြီးတစ်ခုလုံးက အတော့်ကို ရှူးသွပ်သွပ်နိုင်လှသော ဆရာကြီးဂျက်ကွမ်းခြံကုန်းဟုဆိုကာ အကျွန်ုပ်ကို မြင်ပြင်းကတ်လျှင်လည်း ကတ်စေတော့။ အကျွန်ုပ်၏ ချင်ခြင်းတပ်မှုမှာ ချင်ခြင်းတပ်မှုသာဖြစ်၍ အနှီရင်တွင်းခတ်ကို အဘယ်သူသကောင့်သား တစ်ယောက်တလေသော်ကမှ ဖြိုဖျက်နှောင့်ယှက်ခြင်းငှာ မစွမ်းသာချေ။ မှန်၏။ ပစ္စက္ခ၌ အကျွန်ုပ်တွင် အံ့စဖွယ် ချင်ခြင်းတပ်လျက်ရှိချေ၏။ ယင်းကား စာပေတစ်ခေတ်ခေါင်းဆောင်ဖြစ်လိုသည့် ချင်ခြင်းပင်လျှင် ဖြစ်ဘိပါချေလေကုန်သတည်း။

http://www.linhtet.com



(၁၈)

အတိတ်ကို စောင်းငဲ့သော် မြန်မာဘုတ်အုပ်စာပေလောက၌ သြဇာတိက္ကမကြီးသူတွေမှာ အနမတဂ္ဂပင်ဖြစ်၏။ ပုဂံအစ ကုန်းဘောင်အဆုံး ဂန္ထဝင်စာပေအနုပညာ မိုးကောင်းကင် အဇဋ္ဌာပြင်ကြီး တစ်ခုလုံးဆီ၌ တဖျတ်ဖျတ် တောက်ရှန်းထွန်းပနေချေကုန်သော ကြယ်တာရာ လင်းလင်းလက်လက်တို့မှာ ကွင်းကွင်းကွက်ကွက် သိန်းသန်းကုဋေကုဋ္ဌာပင်။ ခေတ်စမ်းစာပေဟုဆိုလျှင် ဆရာကြီးဦးဖေမောင်တင် အကြီးအမှူးပြုလျက် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာသိပ္ပံမောင်ဝ စသည် စသည်တို့မှာ အထင်ကရဖြစ်ဘိ၏။ စာပေသစ်လမ်းကြောင်းကြီးဆီတွင်ကား ဆရာဒဂုန်တာရာအမှူးပြုသော လက်ဝဲယိမ်းနွဲ့ စာရေးဆရာတို့မှာ အထင်အရှားဖြစ်၏။ ကလေးကဗျာတစ်ခေတ်ဆန်းစေသည့် ဒေါက်တာမောင်ဖြူး၊ ဆရာမင်းသုဝဏ်၊ ဇဂျမ်းနန်းမြင့်နွယ်၊ ဝေဖန်ရေးတစ်ခေတ်ဆန်းစေသည့် အမေ့ခေါ် သံကိုရင်ဝက်၊ မော်ဒန်ပေါ် ယဲ့ထရီကို နိုးအောင်နှိုးပေးသည့် ဆရာမောင်သာနိုး၊ လွန်ထွက်မော်ဒန် (Post Modern)တွင် ပြောရေးဆိုခွင့်ရှိနေသည့် ဆရာဇော်ဇော်အောင်။ တွက်ရေသော် လက်တွေ ညောင်းညာလတ္တံ့။

အနို့အပြင် ဘာသာမျိုးခြား။ စာစကားတို့တွင် အကျွမ်းတဝင်ရှိသည်ကြောင့် ထင်ပေါ်နေသည့် ဘုတ်အုပ်စာပေသမားကြီးတို့မှာလည်း ရှာ၍မရှားချေ။ ဟင်ဒီကို အခြေခံကာ ဆရာကြီး ပါရဂူထင်ရှားဘိ၏။ ပြင်သစ်ကိုအခြေခံကာ ဒေါက်တာခင်လေးမြင့် ထင်ရှားဘိ၏။ ဂျပန်ကိုအခြေခံကာ ဆရာရဲမြလွင် ထင်ရှားဘိ၏။ အင်္ဂလိပ်ကို အခြေခံကာ ဆရာကြီးရွှေဥဒေါင်းအစ ယနေ့ဆရာ

http://www.linhtet.com



ဇေယျာလင်းအဆုံး စာပေ့ဩဇာ မိုးသို့ချုန်းချေသည်။

ကျွန်ုပ်၌မူ ဂျက်ကွမ်းခြံကုန်း ဘာလဲ ဘယ်လဲ မေးခဲ့သော်မှ အဖြေမရှိ။ စာပေ့ဩဇာဗလာနတ္ထိ။ အင်္ဂလိပ်ကဗျာလောကကို ပြန်ငဲ့စောင်းကြည့်လေသောအခါ၊ အင်္ဂလိပ်ဝတ္ထုတိုလောကကို စေ့ငု လေသောအခါ၊ အင်္ဂလိပ်ဝေဖန်ရေးလောကကို သုံးသပ်စိစစ်လေ သောအခါ၊ အင်္ဂလိပ်ပြဇာတ်လောကကို ခွဲခြမ်းလိုက်လေသောအခါ၊ အင်္ဂလိပ်ဝတ္ထုရှည်သမိုင်းကို ခြေရာခံလိုက်သောလေသောအခါ စသည် စသည်ဖြင့် အစချီနိဒါန်းပျိုးပြီးလေသည်၏ သကာလ မြန်မာ စာပေသဘောတရားများကို ဆရာကြီးဂျက် လမ်းကြောင်းချပေးချင် ပါဘိ။

အနို့ လမ်းရှာနေခဲ့ရှာ ရှာစဥ်အခိုက် ဂျာမန်ကြီးတစ် ယောက်နှင့် ခလုတ်တိုက်မိခဲ့ချေသည်။ ဤ၌ ဂျာမန်လေ့လာသူ ဆရာ ကြီး ဂျက်ကွမ်းခြံကုန်းပေတည်း။

(၁၂)

မှန်၏။ အခြားဘာသာစကားများနှင့်သော် သပွတ်အူတွင် ဆရာတစ်ဆူလုပ်ဖို့ရာ ဂျက်ကွမ်းခြံကုန်းတွင် လမ်းမရှိ။ အားလုံးသည် ဂျက်ထက် တီးမိခေါက်မိရှိကြ၏။ အနို့သော် သပွတ်အူတွင် ဂျာမန် လိုတတ်သူတစ်ယောက်မှမရှိ။ ဂျက်ကားလမ်းပွင့်တော့ဘိချေသည် တမုံ့။

http://www.linhtet.com



## (လေး)

ဒတ်စ် ဘတ်ဇာ (das Wasser)ရေ
ဒဲရာ ဗဲင်း (der Wind)လေ
ဒီ အေးရဲဒါး (die Erde)မြေ
ဒတ်စ် ဖွိုင်းရား (das Feuer)မီး

ဂျက်ကား ရေမြေလေမီး ဓာတ်ကြီးလေးပါးကို အပိုင်ကျက်ထားလိုက်၏။ အနို့နောက် . . .

ဂေဒစ်ရှိ (Gedicht)ကဗျာ
ရိုမန်း(Roman)ဝတ္ထု

ထပ်ဆင့်၍ ကျက်ထားလိုက်ပြန်၏။ သပွတ်အူသားတွေ ကျောကော့ဖို့သာ ပြင်ကြပလေတော့။ ဂျာမန်စကားလုံး ၆လုံးကို အခြေခံပြီးသည်၏ သကာလ ဂျက်ကွမ်းခြံကုန်း သဘောတရားဆရာကြီးအဖြစ် တောက်ကြွားတော့အံ့လတ္တံ့ပေတည်း။

သပွတ်အူ၏ ရှားပါးရတနာစာပေဂျက်။

## (ငါး)

တစ်နေ့သ၌ သပွတ်အူ၏ နာမည်ကျော် ကယ်လီဖိုးနီးယားလက်ဖက်ရည်ဆိုင်တွင် ဂျက်တို့လူစု ထိုင်ကြစဉ် လူငယ်တစ်ယောက်က ဤသို့စကားစ၏။

"ကဗျာမှာ ခံစားမှုကို ဖော်ပြနိုင်ရင် ကာရန်ကို မငဲ့သင့်ဘူး"

http://www.linhtet.com



“ငှဲရမှာပေ့ါအဆွေရဲ့၊ ကာရန်ပါမှ ကဗျာဖြစ်တာ။ ကိုယ်တို့ ဂျာမန် ဂေဒစ်ရှ် (German Gedicht)အဲ . . ဂျာမန်ကဗျာလောကကို ကြည့်တဲ့အခါ အားလုံးဟာ ကာရန်အညီပဲ။ ရိုးမန်း(Roman)ဝတ္ထုပေ့ါ၊ ဝတ္ထုနဲ့ကဗျာ ရိုမန်းနဲ့ ဂေဒစ်ရှ်ကို ကာရန်နဲ့ပဲခွဲကြတာ”

ဟုတ်သလား မဟုတ်သလား ဂျက်ကွမ်းခြံကုန်းမသိ။ ဂျာမန် စကားလုံးနှစ်လုံးသုံးပြီး ပြောထည့်လိုက်ရာ တစ်ဝိုင်းလုံးငြိမ်ကျသွား၏။ ဂျာမန်တတ်သူဂျက်အဖြစ် သပွတ်အူက လန့်ပြီ။

## (ခြောက်)

ထိုနေ့ကလည်း ထိုနည်းလည်းကောင်း လက်ဖက်ရည်ဆိုင်၌ ပင် ဖြစ်ပါ၏။ တစ်ယောက်က စကားစပြန်ချေသည်။

“ကဗျာထက်စာရင် ဝတ္ထုက လူထုနဲ့ နီးတယ်ဗျ”

“ဘယ်ကကွာ ဂျာမန်စာပေမှာ ရိုးမန်း(ဝတ္ထု)ရေးသူရှား တယ်ကွ။ ရိုမန်းသမားကို ဘယ်သူမှ လူရာမသွင်းဘူး။ ဂေဒစ်ရှ် (Gedicht) ကဗျာရေးသူတွေသာ နေရာရကြတာ၊ ဂေဒစ်ရှ်မဂ္ဂဇင်းတွေ က လစဉ်ထွက်နေတာ။ မြန်မာစာပေမှာ ဝတ္ထုစာပေရပ်ဆိုင်းလိုက် သင့်ပြီကွာ”

ဂျက်ကား ဟုတ်သလား မဟုတ်သလားမသိ။ ဂျာမန်စကား နှစ်လုံးသုံးပြီး အုပ်ထည့်လိုက်ရာ ဘုတ်အုပ်ချစ်သူတွေ ငြိမ်သွားကြ ပြန်၏။

‘ဆရာကြီးဂျက်က ဂျာမန်ကျွမ်းတယ်ကွ’ ဟူသော လေသံ

http://www.linhtet.com



သွဲ့သွဲ့မျှ လွင့်ပျံ၏။ ဂျာမန်စာပေအခြေခံသည့် ဂျက်အယူအဆများ ဟုဆိုကာ အနည်းငယ် နာမည်ထွက်၏။

(ခုနစ်)

ထိုနည်းလည်းကောင်း လက်ဖက်ရည်ဆိုင်ကလေး၌ပင်။

"မြန်မာစာပေသမားဟာ ဗုဒ္ဓဘာသာအခြေခံတော့ ရှိသင့်သပေါ့"

"မှားတယ်ကွ။ စာပေမှာ ဘာသာရေးအငွေ့အသက် မလွှမ်းသင့်ဘူး။ အနုပညာသမားဟာ ဘာသာရေးက လွတ်ကင်းသင့်တယ်။ ဂျာမန်မှာဆိုရင် ဘတ်ဇာ(Wasser)၊ အေးရဲဒါး (Erde)၊ ဗဲင်း (Wind)၊ ဖွိုင်းရာ (Feuer)၊ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး အခြေခံတဲ့ စာပေသမားတွေက ထိပ်ဆုံးမှာရှိနေတာပဲ"

သူတို့ထက် ဂျာမန်စကားလုံး ၆ လုံး သိထားခြင်းသာလျှင် ပိုမိုတတ်ကျွမ်းချေသော ဂျက်က သို့ကလို နှက်တော့ရာ သပွတ်အူ စာပေသမားကလေးတို့ ပါးစပ်မဟရဲကြရှာကပြီ။

(ရှစ်)

စာပေလောကတွင် အများသိထားနှင့်သော ဘာသာစကား။ အများသိထားနှင့်သော စကားလုံးသုံးရုံမျှနှင့် ဘယ်နံ့ရော

http://www.linhtet.com




ကာလတွင်မှ လူမလန့်၊ လူမဟန့်။ စိမ်းလေလေ ကောင်းလေလေ။ သို့မှ ခြောက်ရ ဟောက်ရ ငေါက်ရ ငမ်းရ ဖိန့်ဖိန့် တုန်ကြချေမည်။

သပွတ်အူက ဘုတ်အုတ်စာပေသမားကလေးတွေ မလှန်နိုင်ဖို့ ကိုရီးယားစကားလုံး ၅ လုံးလောက်၊ ပေါ်တူဂီ စကားလုံးကလေး ၃လုံးလောက်၊ ဖင်လန်စကားလုံးကလေး ၂ လုံးခွဲလောက်၊ ဘူလ်တန်စကားလုံး ၄ လုံးလောက် ကျက်မှတ်ပြီးသည်၏ သကာလ ဆရာကြီးဂျက်တစ်ဆူလုပ်ရန် ဂျက်ကွမ်းခြံကုန်းမှာအသင့်။

http://www.linhtet.com



# ဘာရယ်မှုတ်ဘူးနေ့ရက်များ



## (တစ်)

မြန်မာသံလောကဌ် နွဲ့နောင်း၍ သွဲ့ပျောင်းသော အဆိုတော်ကြီးတစ်ဦးသည် ရှိခဲ့ဖူးသည် အမှန်ဖြစ်၏။ အနှီအဆိုတော်ကြီးကို ဂီတနက်သန် ကိုစောညိမ်း ဟူ၍ လူသိများလှချေ၏။ ထိုအနှီ ဂီတနက်သန် ကိုစောညိမ်း၏ တေးသီချင်းများထဲ၌ မိုးသက်လေနှင် ဟူ၍ တေးတစ်ပုဒ်ရှိရာ ထိုတေးထဲကအတိုင်း မိုးသားတိမ်လိပ်တို့ တရိပ်ရိပ်တက်လာနေသည့် နေ့တစ်နေ့ဝယ် ဒွေးလေးမလုံးတင်သည် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း ယာယီခေတ္တမှီတင်းနေထိုင်လျက်ရှိသည့် ရန်ကုန်မြို့တော်ရှိ ဂေဟာသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။ သူကား ဘာရယ်မှုတ်ဘူး တို့လောကတွင် နောက်ဆုံးလူသားပင် ဖြစ်ဟန်တူဘိပါ၏။

ဒွေးလေး မလုံးတင်က သူ၏ လက်ထဲမှ GSM ဖုန်းကို ကျွန်ုပ်၏ရှေ့ရှိ စားပွဲပေါ်သို့ လျှောခနဲ ပစ်တင်လိုက်ပါသည်။ ယင်း

http://www.linhtet.com



သည်၏ နောက်တွင်မူ စကားထွေတလာ ပဒေသာတို့မှာ အပြွတ်လိုက် အခိုင်လိုက် မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ဝေဝေသာတည်း။

"ပိုက်ဆံရှိလွန်းလို့တော့ မဟုတ်ဘူး ဆရာကြီး ဂျက် . . မခံချင်လွန်းလို့ . . . မခံချင်လွန်းလို့ကို ဟောသည့် ဖုန်းကို ဆွဲထားလိုက်တာ . . ဝယ်ဖို့လည်း ဒွေးလေးလုံးတင် မတတ်နိုင်ပါဘူး . . တစ်လကို ငါးသောင်းနဲ့ ငှားကိုင်တာ အဲသမှာ စပေါ်က နှစ်သိန်းတဲ့ တစ်သိန်းတည်း ပေးရသေးတာပါကလား . . . အခု လောလောဆယ်ဆယ် ကျန်ငွေတစ်သိန်းပေးစရာရှိလို့ ဆရာကြီးဂျက်ဆီလာဆွဲတာ . . . စပေါ်ဆိုတော့ ဆုံးစရာအကြောင်း မရှိပါဘူးတော် . . . ဖုန်းပြန်အပ်ရင် ငွေပြန်ရမှာ ဖြစ်အောင်ကူညီဦး"

ကျွန်ုပ်ကား သီရိမင်္ဂလာဈေး၌ ဝက်သားတုတ်ထိုးလာရောင်းနေသော သပွတ်အူရွာသူကြီး ဒွေးလေးမလုံးတင်ကို ကြည့်ကာ မလူးသာ မလွန့်သာရှိရချေ၏။

"ဒွေးလေးရယ် . . ဒွေးလေးမှာ ဖုန်းပြောစရာ အကြောင်းကိစ္စ ရှိတတ်လှသည်လည်း မဟုတ်ချေ ပါပဲကနှင့် . . ငွေတွေတရင်းတနှီးနဲ့ တစ်ခါတလေ ဆက်ချင်သမှုဖြင့်ဆိုရင်လည်း လမ်းဘေးဘယ်နေရာက ဆက်ဆက် ရသမင့်ဟာ"

ဒွေးလေး မလုံးတင်ကား ဦးခေါင်းကို တွင်တွင်ခါနေရင်းပင် ကျွန်ုပ်ကို ဆန့်ကျင်သမှု ပြုဘိပါချေ၏။

"သပွတ်အူကနေ ရန်ကုန်တက်လာသမျှလူတွေအကုန်လုံး၊ လက်ထဲမှာ Hand Phone တွေနဲ့ချည်းပဲ သူ ဟဲလို ကိုယ် ဟဲလိုပဲ"

ကျွန်ုပ်ကား ရင်မောရဘိချေ၏။ ယခုအခါ ရန်ကုန်ရွှေမြို့တော်၌ သပွတ်အူဇာတိဖွားတို့ အတော်ကလေးကိုပင်လျှင် အခြေချလုပ်ရှားလျက်ရှိကြချေရာ အားလုံးနှင်နှင် GSM ဖုန်းကလေးတွေ

http://www.linhtet.com



ကိုယ်စီနှင့်ပင်။ အချို့ရွာက လယ်ကလေး၊ နွားကလေး အကုန်ရောင်းပစ်ကာ GSM ဖုန်းဝယ်ကိုင်၏။ အချို့အိမ်ခြံမြေနှင့်တကွ လက်ဝတ်လက်စားကလေးများပါ ချရောင်းကာ GSM ဖုန်း ဝယ်ကိုင်၏။ အချို့ငှားကိုင်၏။ ဝယ်သော် သိန်း ၃၀ ဝန်းကျင်၊ ငှားသော် တစ်လငါးသောင်း၊ စပေါ် ၂ သိန်း ဟုဆိုချေရာ၊ ပြောစရာဆိုစရာ အချိန်နှင့်အမျှ ဆက်သွယ်စရာ လုပ်ငန်းကိုင်ငန်း မရှိပါဘဲကနှင့် ဘယ့်နှယ်ကြောင့် ဟန်ရေးပြနေကြသည်ကို အကျွန်ုပ် မသိချေ။

"အဟော် . . သဟာနှင့် ရွှေပွတ်စိုးမြင့်တို့လို . . "

အကျွန်ုပ်က တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရမိလိုက်တာ စကားစ လတ္တံ့အံ့ဟု ကြံရုံရှိသေး ဒွေးလေး မလုံးတင်က အတင်းငြင်းဆန်တော့ချေ၏။

"ဂျက်ဆရာကြီးနဲ့ကွယ် . . . မောင်စိုးမြင့်တို့လို ဟန်ရေးပြဖို့ကတော့ ဒွေးလေးရှက်ပ့ါ"

မှန်သည်။ ရွှေပွတ်စိုးမြင့်တို့ ဟန်ရေးပြပုံကဖြင့် ရှင်းသည်။ မည်သည့်နေရာနှင့်မှ ဆက်သွယ်၍မရသော Hand Set ကောင်းကောင်းတစ်လုံးကို ၁ သိန်းနှင့် ဝယ်ကာ ခပ်တည်တည်ကိုင်ထားလိုက်ချေသည်။ ဘက်ထရီဒေါင်းနေလို့ဗျာ ဟူသော စကားကိုတွင်တွင်ဆောင်လျက်ဝင်ထွက် စပီပိတ် GSM သမားအဖြစ် ခရီးသွက်နေချေ၏။

"ဒွေးလေးရေ . . လောလောဆယ်မှာကဖြင့်
ကျွန်ုပ်ဂျက်မှာလည်း ငွေတစ်သိန်းမရှိချေပါဘူး
အခြားမှာ ရှာကြည့်ပါလင့်"

နောက်ဆုံးတွင်ဖြင့် အနို့ကလို ငြင်းဆန်ရဘိချေကာ ဒွေးလေး မလုံးတင်ကို ဟင့်အင်း လိုက်ရပါချေသည် တမုံ့။

http://www.linhtet.com



## (၅၈)

မြောက်ဥက္ကလာ-ဆူးလေသွား ၄၃ ဘတ်စ်ကားပေါ်၌

အနီးနေ့က ကျွန်ုပ်သည် စာမူကိစ္စတစ်ခုဖြင့် မြို့ထဲသို့ထွက်ခဲ့ရာ ရုံးချိန်ကျောင်းချိန်ဖြစ်သဖြင့် ဘတ်စ်ကားသည် ပြွတ်သိပ်ကျပ်ခဲလျက်ရှိ၏။ ရန်ကုန်ရောက် သပွတ်အူသားကြီးတစ်ဦးဖြစ်သူ ဦးလေးကိုကံလှသည် ထိုင်ခုံတစ်ခုတွင် ထိုင်နေရာက သူ၏ GSM ဖုန်းကို ထုတ်တော့ချေ၏။ အနီ့နောက် ဂဏန်း ၉ လုံးခန့်ကို နှိပ်ကစားပြီးသည်၏ သကာလ . . .

“ဟယ်လို . . . ငါပါ . . ကံလှပါ . .
ဘာရယ်မှုတ်ဘူး . . သတိရလို့ . .
လှမ်းဆက်တာ . . နေကောင်း
တယ်နော် . . . ငါလည်းနေကောင်းတယ် . .
ဒါပဲနော် . . . အေးအေး”

ဦးလေးကိုကံလှအား သေရေးရှင်ရေး ကိစ္စရပ်ကြီးတစ်ခုကို လူတို့ပြွတ်သိပ်ကျပ်ခဲလျက်ရှိသည့် ဘတ်စ်ကားပေါ်မှနေ၍ လှမ်းဆက်လိုက်ပြီးသည့် သကာလဝယ် ကျေနပ်ပီတိဖြစ်နေဟန်ကို အတန်ငယ်လှမ်းသည့် ဘတ်စ်ကားတစ်နေရာမှ ကျွန်ုပ်လှမ်းမြင်မိ၏။ အော် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း၌ ကွမ်းယာဆိုင်ဖွင့်ထားသူ ဦးလေးကိုကံလှ။

http://www.linhtet.com



## (သုံး)

အနှီနေ့က ကျွန်ုပ်သည် ရန်ကုန်ဘူတာကြီးမှနေ၍ အင်းစိန်ဘက်သို့ မြို့ပတ်ရထားစီးကာလာခဲ့၏။ ရထားပေါ်၌ ကျကျနန ထိုင်ရင်း GSM ဖုန်း ထုတ်၍ ဆက်နေသူမှာ သပွတ်အူသူ ခင်သီမော်။ ယခုသော် ဖြူတီပါလာဖွင့်ထားသူတည်း။

"ဟယ်လို . . . ညီမလေး အိလား. . .
မမမော်ပါကွ . . ဒီနေ့ဘာဟင်း. . .
ချက်လဲ . . . ကြက်သားစင်းကော . . .
ပြီးတော့ ဘာ. . ချဉ်ပေါင် . . ဟုတ်ပြီ
ချဉ်ပေါင်ရယ် မျှစ်ဝါဝါလေးတွေရယ် . .
ငရုတ်စိမ်းရယ် . . ရုံးပတီသီးရယ် . . . ရောကျိုတယ်. .
ကြည့် မမမော် သွားရည်ကျလာပြီ . . . ဘာရယ်မှုတ်
ဘူး . . ပျင်းလို့လှမ်းဆက်တာ . . အေးအေး
ဘာရယ်မှုတ်ဘူးနော် . . အိ"

ခင်သီမော်ကား သူ၏ GSM ဖုန်းကို ပိတ်ပြီးသည်၏ သကာလ ရထားတွဲကို ဝေ့အကြည့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းနှင့် မျက်လုံးချင်းဆုံ၏။

## (လေး)

ထိုနေ့က သမ္မတရုပ်ရှင်ရုံတွင် ဆဋ္ဌဂံဇာတ်ကားပြသ၏။ အနှီကားကို ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်၏။ ကျွန်ုပ်ကား ဒါရိုက်တာနှင့် ခင်ရင်းစွဲရှိသူဖြစ်ရာ အားပေးသမှုအနေနှင့် သွားရောက်ကြည့်ရှု၏။ တွေ့ပါလေပြီ သီရိမင်္ဂလာဈေး၌ ဝက်သားတုတ်ထိုးရောင်းသူ ဒွေးလေးမလုံးတင်။ လူကြီးမင်းတို့၏ လက်ကိုင်ဖုန်းများအား ပိတ်ထားပေးပါရန်ဟူသည့် သတိပေးစာတမ်း မပြသမီမှာပင် သူမ၏ လက်ကိုင်ဖုန်းသို့ ဖုန်းဝင်၏။ တီ . . တီ။

"ဟယ်လို . . မလုံးတင်ပါ . . .
ဘယ်သူ . . သန်းသန်းမြင့် . . .
အော် . . အေး . . မနေ့ကလား . .
ငါဆက်တာ . . ဘာရယ်မှုတ်ဘူး . . .
သတိရလို့ . . . ပြော
ဘာရယ်မှုတ်ဘူးလား . . အော် . . အေး
ဘာရယ်မှုတ်ဘူးနော် . . ဒါပဲ ဒါပဲ"

ဒွေးလေး မလုံးတင်ကား ဘာရယ်မှုတ်ဘူးကိုတွင်တွင်ပြောလျက်က သူ၏ GSM ဖုန်းကို ဝင့်ကြွားစွာ ပိတ်၏။

http://www.linhtet.com



(ငါး)

**သပွတ်အူအသင်းအစည်းအဝေး**


တစ်နေ့သား၌ သပွတ်အူအသင်းဖွဲ့စည်းရန် အစည်းအဝေးကလေးတစ်ခုကို ရွှေတိဂုံစေတီတော်ခြေရင်းမှ ဓမ္မာရုံတစ်ခုတွင် ကျင်းပဖြစ်ချေ၏။ ရန်ကုန်ရောက် သပွတ်အူသူ သပွတ်အူသားတို့၏ သာရေးနေရေး ကိစ္စရပ်အလို့ငှာတည်း။ ကျွန်ုပ်ကား ဦးဆောင်ပါဝင်ရသူဖြစ်ချေရာ ပရိသတ်ကိုစေ့ငုရ၏။ GSM ဖုန်းသံ တတီတီနှင့် သပွတ်အူသားတို့ပေတည်း။

“ခင်သီမော်ပါ . . ဘာရယ်မှုတ်ဘူး . . . သတိရလို့”
“ဘာရယ်မှုတ်ပါဘူးကွာ . . ဦးလေးကံလှ ဆက်တယ်လို့”
“ငါပါအေ့ လုံးတင်ပါ . . ဘာရယ်လို့ မှုတ်ပါဘူးအေ”
“ကိုယ်ပါ လောကခံထိုက်ထိုက်ပါ . . . ဘာရယ်မှုတ်ဘူး ညနေသောက်ကြမလားလို့”
“ဘာရယ်မမှုတ်ဘူး . . ထွန်းထွန်း (အလွမ်းကမ္ဘာ)ဆက်တယ်သာ ပြောလိုက်”

http://www.linhtet.com



# ဒါမဗတ်ခင် ကိုရီးယားရုပ်ရှင်မကြည့်နဲ့



(တစ်)

တစ်နေ့သ၌ ထူးဆန်းသော အယ်ဒီတာတစ်ဦးသည် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းထံသို့ ရုတ်ချည်း ဆိုသလိုရောက်ရှိ၍လာလတ်ပြီး သည့်သကာလ စာမူတစ်ပုဒ်ကိုတောင်းဆို၏။ ကျွန်ုပ်သည် မျက် မှောက်ခေတ် စာမျက်နှာများပေါ်ဝယ် စာမူအမျိုးမျိုးကို ကလောင် နာမည် အမျိုးမျိုးဖြင့် ရေးသားကုံးသီ လက်စွမ်းပြလျက်ရှိသည်မှာ မှန်သော်လည်း အနီးနေ့က ထိုအယ်ဒီတာတောင်းဆို၍လာသော စာမူမျိုးကိုမူ တစ်လုံး၊ တစ်ပါဒမျှ ရေးသားခဲ့ဖူးသူ မဟုတ်ချေ။ သူက ရုပ်ရှင်ဝေဖန်ရေး ဆောင်းပါးဟု တောင်းဆိုသမှုပြုလာခဲ့ခြင်းဖြစ် ပါ၏။ ခက်ကပြီ။ ဘယ့်နှာရေးသားရပါအံ့ဟု ဆွေးနွေးရသည်မှာ မိုးမြေအဆုံး။

အနို့နှင့် အချိန်အတော်ကလေးလင့်သွားပြီးသည့် နောက် တွင်မူ ယခုလူထုအသည်းစွဲဖြစ်နေသည့် ကိုရီးယား ရုပ်ရှင်ကားများ

http://www.linhtet.com



၏ ဟာကွက်၊ ပျော့ကွက်၊ သဘာဝနှင့်ဘေးကိုထွက်နေသည့် ရိုက်ချက် များကို ထိုးနှက်ဝေဖန်ရသော် ကောင်းပေစွဟု သဘောတူညီမှု ရရှိခဲ့ကြပါ၏။

သို့တကား ပြီးသည်၏ နောက်တွင်မူ စာမူခေါင်းစီးနှင့် ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းကြလေရာ ဆရာစိန်ခင်မောင်ရီ၏ **"ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ ခင်ဗျား"** ဟူသည့် ခေါင်းစီးနှင့်လုံးဝမတူ ရလေအောင် ကိုယ်ပိုင်အိုင်ဒီယာများကို အသုံးချပြီးသည်၏ သကာလ **"ဒါမဖတ်ခင် ကိုရီးယား ရုပ်ရှင်မကြည့်နဲ့"** ဟူ၍ ယခု ဆောင်းပါး ၏အမည်ကို ရွေးချယ်လိုက်ရပါကြောင်းဟူလို၏။

(နှစ်)

ယခုအခါ အထူးလက်သွက်လျက်ရှိချေ သော စာရေးဆရာ ကျော်ဝင်းက (Soft Power) ကို ပါဝါအပျော့ဟု ဘာသာပြန်၏။ ကျွန်ုပ်ကမူ နွဲ့နောင်းသွဲ့ပျောင်းပါဝါဖြင့် ကမ္ဘာကိုစိုးမိုးလာချေ၏။ အရှေ့တောင်အာရှတစ်ခွင် ကိုရီးယား ရုပ်ရှင်ကြီးစိုး၏။ မင်းသားချော ဘေယောင်ဂျွန်း ဂျပန်သို့ ရောက်လာရာ နာရီတာ လေဆိပ် အထွက်တွင် ဂျပန်ပရိသတ် ငါးထောင်က သောင်းသောင်းဖြဖြ ကြိုဆိုကြ၏။ ဂျပန်အထက်တန်းကျောင်းသုံး ပထဝီဝင်ဘာသာရပ်ထဲတွင် ထိုအနီ ဘေယောင်ဂျွန်း ဂျပန်သို့ ရောက်လာပုံအကြောင်းခြင်းရာကို ပညာရေးဌာနက ပြဋ္ဌာန်းပေးလိုက်၏။ ကိုရီးယားအဆိုတော် ဝဿန်ခေါ် ဒေဝေါခေါ် Rain ကို တစ်ကမ္ဘာလုံးက အသည်းခိုက်ကြ၏။ ယခုအခါ အနောက်နှင့်ဥရောပ ကမ္ဘာကြီးကပါ ကိုရီးယားရုပ်ရှင်ကားများကို

http://www.linhtet.com



သွေးလန့်၍ လာကြကုန်၏။

သို့ဆိုလျှင် သာသနာစောင့်နတ်တို့ စောင့်ကြပ်လျက်ရှိသဖြင့် အထူးနေချင်စဖွယ်ကောင်းသော ကျွန်ုပ်တို့၏အမိ မြန်မာနိုင်ငံတွင်ရော အသို့နည်း။

ရှေးဦး အတီတေ ဂျွန်စော၊ အွန်စော၊ ထယ်စောက်တို့၏ ဆောင်းဦးရွက်ကြွေချစ်သက်သေ မှ အစတည်ပြီးသည့်သကာလ ဟော်တယ်၊ နန်းတွင်းရတနာ၊ ရှေ့နေ၊ ချစ်မိပြီဆိုရင်၊ မေတ္တာသည့်သာ၊ မြက်ခင်းစိမ်းနဲ့အိမ်ကလေး စသည် စသည်ဖြင့် မြဝတီ အစီအစဉ်ရှေ့တွင် ငုတ်တုတ်၊ MRTV အစီအစဉ်ရှေ့တွင် ငုတ်တုတ်နှင့် အလုပ်ပျက် အကိုင်ပျက် သာကီဝင် မဟာမြန်မာ အမျိုးကောင်းသားများ ဖြစ်လျက်ရှိတော့ချေရာ (soft power) ခေါ် ဆရာကျော်ဝင်း၏ ပါဝါအပျော့ခေါ် ဆရာကြီးဂျက်၏ နွဲ့နှောင်းသွဲ့ပျောင်း ပါဝါခေါ် ကိုရီးယား အနုပညာလှိုင်းသည် ကျွန်ုပ် တို့ကို ရိုက်ခတ်၏။ သို့သော်. . .

ယင်းသို့သော်ကား အလွန်အရေးကြီး ပါသည်။

ကိုရီးယားကားတို့ကို လူကြိုက်များ၏။ သို့သော်သဘာဝမကျသော ရိုက်ချက်များကို ဆရာကြီးဂျက်ကွမ်းခြံကုန်းက ထောက်ပြချင်လာပါသည်။ ဟာကွက်များကို ကျွန်ုပ်က လက်တို့ချင်လာပါသည်။ ရုပ်ရှင်ဝေဖန်မှု တစ်ခုပေတကားတည်း။

http://www.linhtet.com



## (သုံး)

ဂျွန်စော၊ အွန်စောနှင့် ထယ်စောက်တို့ ၏ ဆောင်းဦးရွက်ကြွေချစ်သက်သေ ရုပ်ရှင် ဇာတ်ကားကို ပရိသတ်တို့မှတ်မိကြလိမ့်ဦးမည်ဟု အကျွန်ုပ်ထင်၏။ အွန်စောကလေးသည် ဆေးရုံပေါ်တွင် ကလေးချင်းမှားရာက ချမ်းသာသော မိဘအိမ်သို့ရောက်သွား၏။ ဤတွင် မိဘများက သမီးအရင်းဟုပင်ထင်မှတ်ကာ ဂျွန်စော၊ အွန်စော မောင်နှမနှစ်ယောက်ကို မောင်နှမအရင်း ဟုပင်ထင်မှတ်ကာ နေလာကြ၏။ နောင်သော် ကလေးမှား ကြောင်းသိရှိသွားကြရာက အွန်စောကလေးသည် ဆင်းရဲမွဲတေလှသည့် မိခင်အရင်းထံသို့ ပြန်ရောက်သွားကာ ဟော်တယ်သန့်ရှင်းရေး အလုပ်သမကလေးအဖြစ် နွမ်းပါးစွာရှာဖွေစားသောက်နေရာက ဟော်တယ်ပိုင်ရှင် ထယ်စောက်၏ မေတ္တာထားမှုကိုခံရ၏။

အွန်စောကား ကိုယ်တိုင်ကလည်း သန့်ရှင်းရေးဝန်ထမ်း၊ မိခင်ကလည်း အရက်ရောင်းသူ ဖြစ်ပါလျက် Handphone တကိုင်ကိုင်နှင့် ဂျွန်စောနှင့်ပြောလိုက်။ ထယ်စောက်နှင့်ပြောလိုက်။ ဆင်းရဲသားဟုဆိုကာ Handphone ကိုင်ထားသည့် ပြကွက်မှာ ဘယ့်ကလောက် သဘာဝမကျသနည်း။

ညဇနာရီဆိုလျှင် MRTV က ပြသခဲ့ သည့် ရှေ့နေ ဟူသော ဇာတ်ကားကိုလည်း ပရိသတ်တို့မှတ်မိကြလိမ့်ဦးမည်ဟု အကျွန်ုပ်ထင်၏။ ဆောက်လုပ်ရေး အလုပ်သမားဖြစ်သူ ဖခင်က လုပ်ငန်းခွင်တွင်ပြုတ်ကျရာမှ အနိစ္စရောက်ခဲ့ရာ သားဖြစ်သူက လျော်ကြေးရလိုကြောင်း တောင်းဆိုရန် ရှေ့နေက တစ်ဆင့်သွား၏။ သို့သော် ဆောက်လုပ်ရေးကုမ္ပဏီကြီးမှာ ငွေအင်အား တောင့်တင်းလှပေရာ ရှေ့နေ့က အမှုကိုမလိုက်ပေးဘဲ ထားခဲ့၏။ ဤတွင် အနီကလေးက

http://www.linhtet.com



နာကြည်းစိတ်ဖြင့် ရှေ့နေဖြစ်အောင် ဆင်းဆင်းရဲရဲကြိုးပမ်း၏။ ရှေ့နေကြီး တစ်ယောက်၏ ရုံးခန်းတွင်ကပ်၍ ရုံးထိုင်၏။ သူ၏ အစ်ကိုက တွန်းလှည်း ကလေးဖြင့် ကော်ဖီ၊ မုန့်ရောင်းရရှာ၏။ ထိုဆင်းရဲသော ရှေ့နေကလေးမှာ Handphone နှင့်ဖြစ်ရာ ဘယ့် ကလောက် သဘာဝမကျသနည်း။

မြဝတီရုပ်သံမှ ညဂ္ဂနာရီတွင် ပြသနေသော မြက်ခင်းစိမ်းနဲ့ အိမ်ကလေး ဇာတ်ကားကိုလည်း ပရိသတ်အတော်ကြည့်ကြ၏။ စင်စစ်ယုတ္တိမရှိချေ။ ယွန်ဟိုသည် ဆရာဝန်လည်းဖြစ်ချမ်း လည်း ချမ်းသာ၏။ မိခင်ကလည်း ပုဂ္ဂလိကဆေးရုံပိုင်ရှင် ဆရာဝန်မကြီးဖြစ် ၏။ သူ့ကိုကား ကုမ္ပဏီပိုင်ရှင် ဆွန်မင်းနှင့်သဘောတူထား၏။ အန္တိုသော် မိုက်သော ယွန်ဟိုကား ချားထယ်အွန်းကို သွားကြိုက်၏။ ချားထယ်အွန်းကား ဆင်းရဲသား။ အရောင်းစာရေးမျှဖြစ်၏။ သူ၏ညီ ချားထယ်မန်ကလည်း ကြေးစားလူမိုက် ဖြစ်၏။ သို့စဉ်ပါလျက် လူဆင်းရဲချားထယ်အွန်းကလည်း Hand phone နှင့်။ သူ၏ညီ လူဆိုး လူပေ ချားထယ်မန်ကလည်း Hand phone နှင့်။ ယုတ္တိမရှိ ယုတ္တာ မရှိ။ ဘယ့်နှာဇာတ်ကားတွေနည်း။

တစ်နေ့သ၌တွင်လည်း ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် My Tutor Friend ဟူသော ကိုရီးယားဇာတ်ကားကလေး တစ်ကားကို ငှားရမ်း ကြည့်ရှုမိပြန်ပါ၏။ မင်းသမီးသည် မိခင်ကြော်ပေးသည့် ကြက်ကြော်များကို လိုက်ပို့ရင်း သူဌေးသား လူဆိုးကလေး တစ်ယောက်ကို စာသင်ပေးရာက မေတ္တာမျှသော ဇာတ်ဖြစ်၏။ အနှီတွင်လည်း ကြက်ကြော်ပို့ရရှာသူ သာမန် မိန်းမငယ်ကလေးမှာ Hand phone နှင့်။ ဘယ်ကလောက် သဘာဝမကျသနည်း။

http://www.linhtet.com



## (လေး)

အချုပ်ကိုဆိုရသော် ရုပ်ရှင်ဆိုသည်မှာ ကြည့်တတ်ဖို့ အလွန်လို၏။ သဘာဝမကျသော ရုပ်ရှင်ကားများကို အလွန်သတိထားဖို့လို၏။ ဤနေရာ၌ မြန်မာဒါရိုက်တာများ အလွန်တော်၏။ ဆင်းရဲသားခန်းဟုဆိုသည် နှင့် နားကပ်မပါ၊ ဖိနပ်ဗလာ၊ ထမင်းမသိ-ဟင်းမရှိ။ နေစရာတဲကုပ်။ ဝတ်စရာ ပြဲစုတ် အလွန်ပင်သရုပ်ပါလှ၏။

Hand phone ကိုယ်စီနှင့် ကိုရီးယားဆင်းရဲသားများကို ကြည့်ကာ အနှီရုပ်ရှင်ဇာတ်ကားများကို ဂျက်ကွမ်းခြံကုန်းက ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ ဖြစ်မိပါကြောင်းဟူလို။ ။

http://www.linhtet.com



# ဘယ်သူမှ ဂိုးအောင်မသွင်းနိုင်ဘူး



(တစ်)

ယခုနှစ်သည်ကား ကောင်းသောနှစ်ဖြစ်၏။ တစ်နည်းအားဖြင့်မူ စိတ်လှုပ်ရှားဖွယ်ရာ နှစ်ကာလလည်းဖြစ်၏။ အမျိုးကောင်းသားတို့၏ အိတ်ထဲမှ စည်းစိမ်ဥစ္စာ အသပြာငွေကြေးတို့ အနုတ်အသိမ်း အပေးအယူ အကြွေးထူထပ်ရာ သမယလည်းဖြစ်၏။ အကြောင်းမူ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံ၌ ဝှဲချီးကျင်းပ ခြေစွမ်းပြဘိကြရာနှစ်ကာလ၊ ဖြစ်သောကြောင့်ပင် ဖြစ်ဘိပါချေသည်တကား တမှံ့သတည်း။

http://www.linhtet.com



(နှစ်)

လူမှုဗေဒဆိုင်ရာ သိပ္ပံပညာရှင်တို့က ဘောလုံးပွဲဟူသည်မှာ သွေးမထွက်သော စစ်ပွဲများဟူ၍ တင်စားမြွက်ဆိုခဲ့ကြချေရာ အကြင်အနှီစကားကို ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းကြိုက်၏။ လူမျိုးအလိုက်၊ နိုင်ငံအလိုက် မိမိတို့ တိုင်းပြည်၏ အကောင်းဆုံး၊ အညွန့်ဆုံး လူသယံဇာတများကို တူးဖော်ရွေးထုတ်ကာ ကမ္ဘာ့ရှေ့မှောက်၌ ချပြလိုက်ခြင်းပင်ဖြစ်၏။ မိမိတို့၏ ဉာဏခွန်အား ဘယ့်ကလောက်ရှိထားသည်ကို ရှုစားတော်မူကြပါခင်ဗျ ဟူလို။

(သုံး)

ဘောလုံးပွဲတစ်ပွဲသည် အနုပညာတစ်ရပ်ဖြစ်၏။ ရှေ့ ဘာဖြစ်မလဲ၊ ရှေ့ဘာဖြစ်မလဲနှင့် တထိတ်ထိတ်ကြည့်နေရသည်မှာ အားပြိုင်မှု (Conflict) အကောင်းဆုံးဖြစ်သဖြင့် ဝတ္ထုတိုကောင်းတစ်ပုဒ်နှင့် အလားသဏ္ဍာန်တူ၏။

ဘောလုံးပွဲတစ်ပွဲသည် ရူပဗေဒသင်ခန်းစာတစ်ရပ်လည်းဖြစ်၏။ အရှိန်တို့၊ အဟုန်တို့၊အားတို့၊ မျှခြေတို့၊ အင်နားရှားတို့ ပေါင်းစုပါဝင်၏။

ဘောလုံးပွဲတစ်ပွဲသည် သင်္ချာပုစ္ဆာတစ်ပုဒ်လည်း ဖြစ်၏။ ထောင့်ကျဉ်း၊ ထောင့်ကျယ်၊ မျဉ်းတို၊ မျဉ်းရှည်၊ မျဉ်းဖြောင့်၊ မျဉ်းကွေး၊ ပေးယူလှုပ်ရှား ကစားနေကြခြင်းပင် ဖြစ်ဘိတုံချေ၏။

http://www.linhtet.com



အနို့အပြင် ဘောလုံးပွဲတစ်ပွဲသည် ဆိုက်ကော်လော်ဂျီခေါ် စိတ္တဗေဒ လေ့ကျင့်ခန်းများလည်းဖြစ်၏။ တစ်ဖက်လူတစ်ဖက်အသင်း၏ စိတ်ကို အကဲခတ်ကာ မိမိတို့က ထိုးဖောက်မွှေနှောက် ဆော့ကစားရခြင်းဖြစ်ချေတုံ၏။

သို့ဖြစ်ချေရာ အကြောင်းကြောင်းသော အကြောင်းကြောင်းများကို ပေါင်းစပ်ဖွဲ့စည်းထားချေသည့် မဟာအနုပညာတော်ဝင် အားကစားဖြစ်ချေသဖြင့် လူတိုင်းကြိုက်ဘောလုံးဖြစ်နေရသည်မှာ ဘဇာမှ မဆန်းကြယ်လှပါချေတည့်။

(လေး)

ဘောလုံးအကြောင်းစဉ်းစားသော် ကျွန်ုပ်၏ ဆရာ နန္ဒာသိန်းဇံကို သတိရမိ၏။ ဆရာနန္ဒာသိန်းဇံကား ဘောလုံးပွဲကို ခံတွင်းတွေ့ဟန်မတူ။ လုံးစေ့ပတ်စေ့ မဟုတ်သော်လည်း ဆရာ့စကားအချို့ကို ကျွန်ုပ် သတိရမိ၏။

"ဘောလုံးကစားနေတာကို ကိုယ် လေ့လာနေတာကြာပြီ။ အနှစ်ချုပ်ကတော့ ဂိုးပေါက်ထဲကို ဝင်အောင်သွင်းနိုင်ဖို့ လိုက်လုနေကြတာပါပဲဗျာ" ဟူသတည်း။

ဟုတ် မဟုတ်ကိုကား အောင်ကျော်ဦး ခေါ် ကြွက်နီခေါ် သိမ်းတင်သား ခေါ် နှုတ်ခမ်းမွေး စုတ်ဖတ်ဖတ်နှင့် လူအားမေးရပါအံ့။

http://www.linhtet.com



(ငါး)

ဘောလုံးအကြောင်း စဉ်းစားသည်တွင် ကဗျာဆရာ အောင် ဝေးသည်လည်း အောက်မေ့ဖွယ်ကောင်းသူပင်။ အကြင်ကဗျာဆရာ ကား ဘောလုံးပွဲအကြောင်းစလိုက်သည်နှင့် . . .

"ပုသိမ်တက္ကသိုလ်မှာတုန်းက ကိုယ်က မြန်မာစာအသင်း Selection (လက်ရွေးစင်)လေကွာ" ဟူသတည်း။

အနို့နှင့် ကာလအတန်ကြာလေသော် ဘယ်နှကြိမ်မြောက် မှန်းမသိ။ အထက်ပါစကားကို ပြောဆိုသည့်အခိုက် ကျွန်ုပ်က မေးမိချေ၏။ ပြီးမှ . .

"ဆယ့်လေးငါးယောက်လောက်တော့ ရှိမှာပေါ့ဗျာ" ဟူသတည်း။

ခက်ခဲနက်နဲစွာဖြင့် အကျပ်အတည်းကြားမှ Selection ဖြစ်လာရရှာသူ မောင်အောင်ဝေးကလေးပင်တကား တမို့သတည်း။

(ခြောက်)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားအကြောင်း စကားစ,ရာက တို့ အစ်ကိုကြီး ချစ်ဦးညိုအကြောင်းကိုလည်း သွားသတိရမိပြန်၏။ သူကား ဟောပြောပွဲတိုင်းတွင် ဘောလုံးပွဲတစ်ခုအကြောင်း မကြာမကြာ ပြောတတ်သူဖြစ်၏။

မျက်စိကန်းနေသူတို့ ဘောလုံးအသင်းနှင့် ရူးသွပ်နေသူတို့

http://www.linhtet.com



ဘောလုံးအသင်း ကစားကြသည်ဟုဆို၏။ မျက်စိကန်းနေသူတို့ ဘောလုံးကန်နိုင်ကြစေရန် ဘောလုံးတွင် ခြူကလေးဆွဲပေးထား၏။ အသင်းသားအချင်းချင်း သိနိုင်စေရန် မျက်စိကန်းနေသူ ကစားသမားများ၏ ခြေထောက်များတွင်လည်း ခြူကလေးများဆွဲပေးထားသည် ဆို၏။ အနို့အပြင် ဂိုးပေါက်များတွင်လည်း ခြူဆွဲကာ အသံပေးထားသည် ဆို၏။ အနို့ဖြင့် ကန်ကြရာ နောက်ဆုံးတွင် မျက်စိကန်းနေသူတို့ အသင်းက ၁၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရသွားသော ပုံပြင်ဖြစ်ပါ၏။ ထို ၁၁ ဂိုးမှာ မျက်စိကန်းနေသူတို့က သွင်းသော ဂိုးမဟုတ်တုံဘဲ ရှူးနေသူတို့က မိမိတို့ဂိုးကို မိမိတို့ (ဂိုးသမားအပါအဝင်)တစ်ယောက်တစ်ဂိုးစီ (တာဝန်သိသိ) ပြန်သွင်းခဲ့ကြခြင်းကြောင့် မျက်စိကန်းနေသူတို့က နိုင်သွားခြင်းဖြစ်ကြောင်းလည်း ထိုအနှီအစ်ကိုကြီး ချစ်ဦးညိုက ရှင်းပြခဲ့သေးပါ၏။ အသိတရားကန်းခြင်းသည် မျက်စိကန်းခြင်းထက် ဆိုးကြောင်းဥပဒေထုတ်ကာ ဆုံးမတော်လည်းမူပါသေး၏။ သာဓု သာဓု သာဓု။

အနှီပုံပြင်ကို မမ စမ်းစမ်းနွဲ့ (သာယာဝတီ)ထံမှ ရသည်ဆို၏။ မမ စမ်းစမ်းနွဲ့ကလည်း လူထုဦးလှထံမှရသည်ဟု ဆိုပြန်၏။ လူထုဦးလှ အဘယ်ကရသည်ကိုမူ မေးရန်ခက်ပေစွ။

## (ခုနစ်)

ဘောလုံးနှင့်ပတ်သက်သည့် ဟာသတစ်ပုဒ်ကို ဆရာဖေလင်းသစ်၏ ဟောဒီလောကီထဲတွင်လည်း ဖတ်လိုက်ဖူး၏။ အနှီ

http://www.linhtet.com



ဟာသကိုပင် ကိုဆွေမင်း(ဓနုဖြူ)က သူ၏တွတ်ပီထဲတွင်ထည့်သုံးထား ပြန်ပါ၏။

ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲ အပြီး ဆုချီးမြှင့်အခမ်းအနားတွင် ဘောလုံးအကြောင်း ဘာမှမသိသူ သူကြီးက အမေးအမြန်း အစုံအစမ်း လုံးဝမရှိဘဲ အပိတ်မိန့်ခွန်း နိဂုံး ချုပ်စကားတက်ပြော၏။ ခက်ခဲပင်ပန်းစွာ လုယက်ကစားသွားကြ သည့် အားကစားသမားများကို လွန်မင်းစွာ အားနာမိဟန်ဖြင့် . .

"သည်နှစ် ရပ်ရွာရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဘောလုံး တစ်လုံးတည်း ချပေးထားရတာကို အလွန်အားနာပါတယ်။ ဘောလုံး ဈေးကလည်းကြီး မဟုတ်လား။ အနှီ့သော် ရှေ့နှစ်များမှာ လူစေ့တက် စေ့ အားရပါးရ စိတ်ကြိုက်ကစားနိုင်ဖို့ တစ်ယောက်နဲ့တစ်ယောက် လုယက်မနေကြရဖို့အတွက် ၂၂ လုံးချထားမပေးနိုင်လင့်စေကာမူ လေးငါးဆယ်လုံးချထားပေးဖို့ ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား"ဟုလို။

(၅၀)

အနှီ့ကလို ဘောလုံးလောက ဩချဖွယ်ရာ ထွေလီကာလီ များထဲ၌ ကျွန်ုပ်ဆရာကြီးဂျက်၏ အသည်းကို ခိုက်သွားစေသော ဖြစ် ရပ်မှန်ဇာတ်တစ်ပုဒ်ကို ကရင်ပြည်နည်လှိုင်းဘွဲ့ဘက်မှ ကြားခဲ့ရပြန် ချေ၏။ အလယ်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဟူချေသတည်း။ ဆယ်ကျော်သက်ကလေးတွေပေပေါ့။

http://www.linhtet.com



အသို့နှင့် ဘောလုံးပွဲကြီး ဝှဲချီးကျင်းပခဲ့ကြရာ နောက်ဆုံးတွင် ဗိုလ်လုပွဲသို့ နှစ်သင်းတက်ကာလာသည် ဆို၏။ ထိုနေ့က ဗိုလ်လုပွဲဟုဆိုသော်လည်း မိုးကသည်းထန် မြစ်ချောင်းတွေက ပြည့်လျှံဖြစ်၍နေဘိရာ ပရိသတ်မှာ အနည်းငယ်မျှသာ ရှိသည်ဟုလည်း ဆိုပါ၏။ သို့သော် ပြိုင်ဘက်အသင်းတစ်သင်းမှာ သင်းတို့၏ရွာမှနေ၍ ချောင်းများ မြောင်းများကို ကျော်ဖြတ်ပြီး ဘောလုံးကွင်းသို့ လာရမည်ဖြစ်ရာ မိုးထန် ချောင်းလျှံကြောင့် ပသို့မှ မလာရောက်နိုင်ခဲ့ဘဲ ရှိပါ၏။ အနီးတွင် ဘောလုံးပွဲတို့၏ ထုံးစံ မလာသူကို အရှုံးပေးရန်ပင်ဖြစ်ပါ၏။ သို့သော် . . .

ဘောလုံးပွဲနာယက ကျောင်းအုပ်ဆရာမကြီး အပါအဝင် ပြိုင်ပွဲကျင်းပရေးအဖွဲ့က မည်သို့မျှ ဘောလုံးကိုမကစားဘဲ လာသောအသင်းကို အနိုင်ပေးရသည်မှာ ခြောက်ခြောက်သွေ့သွေ့နိုင်လှကြောင်း၊ ထို့ကြောင့် လာသောအသင်းတစ်သင်းတည်း ပွဲကိုအဖြစ်ကစားစေလိုကြောင်း၊ ၅ မိနစ် ကစားပြီးနောက် လူတစ်ယောက်မှမရှိသည့် တစ်ဖက်အသင်း၏ ဂိုးထဲသို့ ၁ ဂိုးကန်သွင်းစေလိုကြောင်း သဘောတူမျှကြကာ ကွင်းလယ်တွင် ဘောလုံးကိုချ တွီခနဲ မှုတ်ပြီးသည့်သကာလ စတင်ကစားကြပါချေ၏။ သို့သော် ထိုအသင်း ရှုံးပါသည်။ ၅ မိနစ်စွန်းသည်အထိ သတ်မှတ်သော ၁ ဂိုးကို မသွင်းနိုင်ကြရှာ။ အကြောင်းမှာကား သူသွင်းမည် ငါသွင်းမည်နှင့် တစ်ယောက်ဘောလုံးကို တစ်ယောက်လိုက်လုနေကြရင်း မည်သူမှ မသွင်းလိုက်နိုင်ဘဲ အရှုံးတွေ့သွားခဲ့ရသည် ဆိုပါ၏။ ထိုအံ့သြဖွယ်ဖြစ်ရပ်မှန် ဘောလုံးပွဲမှာ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ အသည်းကို အခိုက်ဆုံးဖြစ်ပါ၏။

http://www.linhtet.com



# တတိယလှိုင်းနှင့် ပျောက်ဆုံးနေသော အဲနီး(Any)

## (တစ်)

ဦးစွာမဆွ ဆရာကျော်ဝင်းကို သတိရ၏။ ယင်းမှ တစ်ဖန် ဆရာမောင်ကြည်သစ်ကို သတိရပြန်၏။ ယင်းမှ တစ်လီ အထွေထွေ အလီလီ အချီချီအခါခါ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း သတိရမိသော စာရေးဆရာတို့များကား ဆရာကိုတာ၊ ဆရာမောင်စူးစမ်း၊ ဆရာ ခင် မောင်ညို (ဒေါက်တာ)စသည် စသည် တွက်ရေမဆုံး အားလုံး ပရို ဂရက်စ်(Progress)ဖြစ်သည့် စာရေးဆရာများပင်လျှင် နှင်နှင်ဖြစ်ဘိ တော့ချေသည် တကားတည်း။

အနှီအကြင် အဆိုပါ စာရေးဆရာကြီးတို့သည်ကား သာသနာစောင့်နတ်တို့ စောင့်ကြပ်မှုကြောင့် အထူးပင်မွေ့လျော်ဖွယ် ရာကောင်းလှချေသော ဖွံ့ဖြိုးသာယာ ပြည်မြန်မာကို ခေတ်နှင့်အညီ ဖွံ့ထွားတိုးတက်စေလိုသော သူများပင်ဖြစ်ပါ၏။

သူတို့၏ စာပေလက်ရာများကို ဖတ်ရှုသမှုကြောင့် တတိယ

http://www.linhtet.com



လှိုင်းခေါ် သာဒ့်ဝေ့ (Third Wave)ခေါ် နည်းပညာလှိုင်းကြီးများ ကမ္ဘာသို့ ရိုက်ခတ်ပုံကို သိခွင့်ရခဲ့ပါ၏။ တော်ဖလာ (Toffler)ဟုဆို သော အနာဂတ်ဟောစာတမ်း ဆရာကြီးအကြောင်းကိုလည်း သိခွင့် ရခဲ့ပါ၏။ ပါဝါအပျော့ခေါ် Soft Power တို့၊ ပါဝါအရွှေ့ခေါ် Power Shift တို့၊ အနာဂတ်သွေးလန့်မှု ခေါ် Future Shock တို့ အကြောင်း ကို ဆက်စပ်သမှုပြုပြီးသည်၏ သကာလ ယနေ့လောလောလတ် လတ် မျက်မှောက် ပစ္စက္ခကာလတွင် အိုင်တီခေါ် Information Technology အဘယ်မျှအရေးကြီးနေသည်ကို ကျွန်ုပ်တို့ အလန့် တကြား သိနားလည်ခွင့်ရခဲ့ကြသည်ပင်။

## (နှစ်)

ယနေ့ မျိုးဆက်ကလေးတို့သည်ကား အိုင်တီ (IT) မျိုးဆက် ကလေးတို့ ဖြစ်ကြဘိကုန်၏။ ကွန်ပျူတာရှေ့တွင် ဟိုနားငုတ်တုတ်၊ သည်နားငုတ်တုတ်။ မြို့ကြီးပြကြီး၏ ထီးရိပ်ကို ခိုခွင့်ရသည့် လူငယ် ကလေးတချို့တလေကမူ အင်တာနက် ကဖေးဆိုင်ကလေးများ၏ ကွန်ပျူတာရှေ့တွင် ကော်ဖီတစ်ခွက်နှင့်အတူ ကမ္ဘာကြီးကို မော့ချ လျက်။ လက်ထဲမှာ ဖလော်ပီ (Floopy)ကလေးတွေနှင့်။ စီဒီ (CD) ကလေးတွေနှင့်။ မန်မိုရီ စတစ် (Memory Stick) ကလေးတွေနှင့်။

## (သုံး)

ခေတ်ကြီးက ရွှေ့ချေပြီ ဖြစ်တော့ရာ လူတို့ကားရွှေ့ကြရ ချေ၏။ မရွှေ့သူ ခံစတမ်း၊ ကျန်စတမ်း။

http://www.linhtet.com



အနို့ကလို ခေတ်နှင့်အညီ၊ တစ်နည်းအားဖြင့် အိုင်တီခေါ် အင်ဖော်မေးရှင်း တက်ကနော်လော်ဂျီနှင့်အညီ၊ ထို့ပြင်သဘဒ်ဝေ့ခေါ် တတိယလှိုင်းကြီးနှင့်အညီ ရွေ့လျားလိုက်ပါနိုင်ရေး လှုပ်ရှားမှုတွင် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏အနီးဝန်းကျင်မှ တက္ကသိုလ်ဆရာကလေး တစ်သိုက်တို့သည်လည်း ပါဝင်ကြချေကုန်၏။ ဤ၌ ဖလော်ဆော်ဖီ (Philosophy) ခေါ် ဒဿနိကဗေဒ ခေါ် တွေးခေါ်မြော်မြင်ရေး ဘာသာရပ်ဘက်တွင် လိုက်စားလျက်ရှိသည့် မုတ်ဆိတ်မွေးထူလပျစ်နှင့် ဆရာကလေးတစ်ယောက်လည်းပါ၏။

"မိမိက တက္ကသိုလ်ကျောင်းတိုက်က ဆရာတစ်ယောက်. .
မိမိ တပည့်လူငယ်ကလေးတွေလောက်မှ မိမိက
ကွန်ပျူတာကို မကျွမ်းဝင်ခဲ့သော် ခက် . . ခက်ရပါချေအံ့"

ဟူသော စကားကို တစ်လုံးချင်း တစ်လုံးချင်း ပြောပြီးသည်၏ သကာလနောက်ဝယ် အနီဆရာမှာ ကွန်ပျူတာကြီးတစ်လုံးကို ယောက္ခမ ပိုက်ဆံဖြင့် ဝယ်ချလာပြီးသည့်နောက် ယင်းကွန်ပျူတာ ရှေ့ဝယ် ငူငူငေါင်ငေါင်နှင့် ထူထူထောင်ထောင် မရှိစွာထိုင်လျက် အာဖဂန်နစ္စတန် ဆန်လှသော သူ၏ မုတ်ဆိတ်မွေးများကို သပ်ကာ သပ်ကာဖြင့် Basic ခေါ် အခြေခံမှစကာ လေ့ကျင့်ကွင်းဆင်းလျက် ရှိတော့ချေသည် တကားသတည်း။

## (လေး)

ထိုနေ့ကား မုန်တိုင်းထန်သော နေ့ဖြစ်၏။

အနီ အကြင် အဆိုပါ ဖလော်ဆော်ဖီ ဆရာကလေးသည် သူ၏ ကွန်ပျူတာရှေ့ဝယ် ဒုက္ခဖြစ်လျက်ရှိချေ၏။ သူသည် သူ၏

http://www.linhtet.com



Key Board ကိုကြည့်ကာ ဒေါသထွက်လာသည်ဖြစ်၍ အနီ ကွန်ပျူတာကို တပ်ဆင်ရောင်းချပေးသူ ဆရာစောဆိုသော ပုဂ္ဂိုလ်ကို အခဲမကျေဖြစ်ကာ လက်စွဲတော် ဆိုင်ကယ်ကလေးကို ထုတ်ကာ ဆရာစောထံ အပြေးနှင်ခဲ့ပါချေလေ၏။

ဆရာစော ဟူသည်ကား တက္ကသိုလ်လောကဝယ် မြေသားကမ္ဗလာဘာသာရပ်ခေါ် ဘူမိဗေဒဘက်၌ အမှုထမ်းနေသည်မှာ မှန်သော်လည်း ကွန်ပျူတာလုပ်ငန်းကလေးဖြင့် ဖြုတ်ဟယ်၊ တပ်ဟယ်၊ ပြင်ဟယ်၊ ဆင်ဟယ်နှင့် ဝမ်းကျောင်းနေရရှာသူကလေးဖြစ်ချေရာ သူတပ်ဆင်ပေးထား သည့် ကွန်ပျူတာ အဆင်မပြေဟုဆိုလေသော အခါ သူ့ခမျာ မျက်နှာငယ်ရတော့ချေသည်တည့်။ အနို့ကြောင့် တွေးခေါ် မြော်မြင်မှု ဆရာကလေး၏ ဆိုင်ကယ်နောက်မြီးက လိုက်ပါ၍ သွားခဲ့ချေရာ ငါးမိနစ်မပြည့်မီမှာပင် အဆိုပါ ကွန်ပျူတာ ရှေ့မှောက် ဒုတ် ဒုတ်ထိ ဆိုက်ရောက်ခဲ့ပါချေသတည်း။

(ငါး)

"မိမိ . . . ဟောသည် မိမိ၏ Key board ကြီးကို အသစ် လဲလှယ်ချင်သဗျာ"

"ဗျာ . . ဘယ့်နှယ်ကြောင့် လဲလှယ်ချင်ရပေသည်ကို လင်းတော်မူပါ"

မှန်သည်။ Key board အသစ်စက်စက်ကြီးကို လဲချင်သည် ဆိုသည်ကဖြင့် အကြောင်းရှိရပေမည်။ ဘဇာချို့ယွင်းချေသနည်း။

"မိမိ၏ Key board က ခလုတ်တွေ မစုံလင်ချေဘူးဗျာ. .

http://www.linhtet.com



မော်ဒယ်မြင့်မြင့် ခလုတ်စုံစုံ Key board နဲ့ လဲချင်သပ”

ကွန်ပျူတာ တပ်ဆင် ပြင်ပြု လုပ်ကိုင်သူ ဆရာစောဆိုသူကလေး ချွေးစို့တော့ချေ၏။ Key board ၌ ခလုတ်မစုံလင်သော ပြဿနာကို သူ၏ ဘဝတစ်သက်တာတွင် တစ်ခါမှ မကြုံစဖူး။ ဆန်းကြယ်ချေ၏။

“ပြဿနာကို အစမှအဆုံး တင်ပြလာသော် အဖြေပေါ်ပါအံ့ဆရာ”

သို့ကလိုတွင်မှ တွေးခေါ်မြော်မြင်မှုဗေဒတွင် ပါရဂူ သင်တန်းတက်နေသော အကြြင်ဆရာက ကွန်ပျူတာ မျက်နှာပြင် (Screen)ပေါ်တွင် ပေါ်နေသော စာတမ်းတစ်ခုကို လက်ညှိုးငေါက်ငေါက်ထိုးပြပြီးသည်၏ သကာလ . . .

“ဂိမ်းခွေတစ်ခုထည့်ပြီး စမ်းကြည့်နေသည်မှာ
လေးရက်တိုင်ခဲ့ပါပြီအဆွေ . . ရှေ့ဆက်မရ၍
မီးကိုသာ ပိတ်ပစ်ခဲ့ရပါသည် . . . ကွန်ပျူတာ၏
ညွှန်ကြားမှုအတိုင်း . . နှိပ်စရာခလုတ်ကို နေ့ည ဖွေရှာ
ခဲ့သော်လည်း Key Board ပေါ်၌ အနီခလုတ်မတွေ့ပါ. .
သို့ကြောင့်”

သူက သို့ကြောင့်တွင် စကားကို ရပ်ထားခဲ့သော်လည်း ဆရာစောက အားလုံးကို နားလည်သွားခဲ့ရပါပြီ။

“If you want to continue, press any key”

ကွန်ပျူတာကို ရှေ့ဆက်လိုသော် ခလုတ်တစ်ခုခုနှိပ်ရန် ညွှန်ကြားသော စာတမ်းဖြစ်ပါ၏။ Key board ပေါ်ရှိ အဘယ်ခလုတ်ကို ထိထိ O.k သာဖြစ်၏။ သို့သော် တွေးခေါ်မြော်မြင်မှု ဆရာကား Key board ပေါ်တွင် Any ဟူသော ခလုတ်ကို သူ၏ အာဖဂန်

http://www.linhtet.com



နစ္စတန် မုတ်ဆိတ်မွေးများကို သပ်ရင်း ရတနာသိုက်ရှာသလို စူးစမ်းရှာဖွေနေခဲ့ဟန်တူပါ၏။

ကွန်ပျူတာ Key board လုပ်ဆောင်သူများအနေနှင့် Key board ပေါ်တွင် Any ဟူသော ခလုတ်တစ်ခုခု ထပ်ထည့်ပေးလျှင်ပေး၊ သို့မဟုတ် ခလုတ်တိုင်း၏ ထိပ်တွင် Any, Any နှင့်ထပ်ထည့်ပေးလျှင်ပေး သို့မှအဆင်ပြေပါလိမ့်မည်။ ခုတော့ ဆရာစော စိတ်တိုတိုနှင့် တွေ့ရာခလုတ် (Any)ကို ထိလိုက်သဖြင့် ကွန်ပျူတာကြီး ရှေ့ဆက် ခရီးနှင်နေခဲ့ပါကပြီ။

နည်းပညာခေတ်ကြီးထဲတွင် တတိယလှိုင်းခေါ် Third Wave နှင့် လိုက်ပါရန် ကြိုးစားနေသော ပါရဂူတန်း ဆရာကလေး တစ်ယောက် Any တွင် ခဏရပ်တန့်ခဲ့ရပါကြောင်း သပ္ပုရိသသူတော်စင် အပေါင်းတို့။

http://www.linhtet.com



# နှာခေါင်းချောင်းရဲ့ လက်ဦးဆရာ



## (တစ်)

“ရွာမှာ စာအုပ်ဆိုင်ကလေးတစ်ဆိုင် ဖွင့်တော့မလို့တဲ့ ဗျ” ဟူသော စကားကို မောပန်းနွမ်းဟိုက်စွာ ပြောဆိုသမှုပြုပြီးသည်၏ နောက် နှာခေါင်းချောင်းထိပ်တင်၏ ခြေကုန်လက်ပန်းကျသွားသော ရုပ်သွင်မှာ ဗင်းဆင့်ဗင်ဂိုး၏ ကမ္ဘာကျော် အာလူးစားသူများ ပန်းချီကားထဲက လူတစ်စု ခြေကုန်လက်ပန်းကျနေပုံနှင့်ပင် ဆင်ဆင်တူ၍ နေတော့ချေ၏။

နှာခေါင်းချောင်းထိပ်တင်ကား တိုးမြစ်ကြီး၏ ဟိုမှာဘက် နှာခေါင်းချောင်းကျေးရွာမှ စာပေအနုသုခုမသမားကလေးဖြစ်ပါ၏။ ကျွန်ုပ်ကမူ တိုးမြစ်ကြီး၏ သည်မှာဘက် သပွတ်အူကျေးရွာအခြေ စိုက် ပြည့်လုံးအနှံ့ ခြေဦးဆန့်သူ ဂျက်ကွမ်းခြံကုန်းဖြစ်ပါ၏။

နှာခေါင်းချောင်းထိပ်တင်ဆိုသူကလေးသည် သူ၏ အနွ အမည်နှင့်အညီ ကမ္ဘာကျော် နိုင်ငံကျော် မဖြစ်လာသည့်တိုင် ရုပ်

http://www.linhtet.com



ကျော် ရွာကျော် နှာခေါင်းချောင်း ကျေးရွာအပေါ်၌ စာပေသြဇာ ညောင်းလိုသူတော့ ဖြစ်လိုလှပေရာ ရံခါရံခါ လှေကလေးနှင့်၊ ရံခါ ရံခါ သမ္ဗာန်ကလေးနှင့်၊ ရံခါရံခါ လိုင်းမော်တော်ကလေးနှင့် ကျယ် ပြောလှသော တိုးမြစ်ပြင်ကြီးကိုဖြတ်ကာ ကျွန်ုပ်ရှိရာ သပွတ်အူသို့ လာရောက်ပြီးသည့် သကာလနှာခေါင်းချောင်း၌ စာပေဂုရုတစ်ဆူ ဖြစ်ရေး ဆွေးနွေးတပည့်ခံနေခဲ့သည်မှာ ကာလအစွန့်အတန်ငယ် ရှည်လျားခဲ့ပြီ ဖြစ်ပါ၏။ ပစ္စက္ခ၌ နှာခေါင်းချောင်းထိပ်တင်ဟု ဆို လိုက်လျှင် သူ၏ မွေးမြေနှာခေါင်းချောင်းကျေးရွာ၌ ဆရာကြီးမဟုတ် သည့်တိုင် ဆရာတော်တော်ကြီးကြီးတော့ ဖြစ်၍နေချေပြီ။ အန္တိမ်သော် အထက်တစ်နေရာ၌ ကျွန်ုပ်တင်ပြဘိသကဲ့သို့ နှာခေါင်းချောင်းကျေး ရွာ၌ စာအုပ်ဆိုင်ကလေးတစ်ဆိုင်သာ ဖွင့်ဖြစ်ဘိခဲ့ပါကမူ နှာခေါင်း ချောင်းထိပ်တင်၏ စာပေသြဇာ မျက်ခုံးလှုပ်စဖွယ်ရာပင်။

"သေချာပါစ နှာခေါင်းချောင်းထိပ်တင်"

မြစ်နဒီကိုဖြတ်ကာ ကျွန်ုပ်ထံသို့ ရောက်လာသော နှာခေါင်း ချောင်း၏ ဂုဏ်ရောင် အနုသုခုမ ကြယ်ရောင်လရောင် ပုဂ္ဂိုလ်ကို သေချာရန်အလို့ငှာ သို့ကလို မေးရပါချေ၏။

"ဆရာကြီးဂျက်ငဲ့ဗျာ. . . ဆိုင်တောင်မှ ဆောက်နေပြီ ခင်ဗျ။ နှာခေါင်းချောင်းစတား စာပေတဲ့ဗျ"

"အငှားဆိုင်ပဲပေါ့"

"အငှားဆိုင်၊ အငှားဆိုင်။ နှာခေါင်းချောင်းမှာ အဘယ်သူ က ဝယ်ဖတ်မှာသတဲ့တုံး"

"အေးလေ. . . ကျွန်ုပ်ဂျက်ရဲ့ ဘဘကြီးနည်းကိုပဲ ဆက် သုံးရချေမပေါ့"

နှာခေါင်းချောင်းထိပ်တင် ကျွန်ုပ်ကို လှမ်းကြည့်သော

http://www.linhtet.com



မျက်လုံးထဲတွင် မျှော်လင့်ချက်ရောင်ခြည်ကို မြင်လိုက်မိချေသည် တည့်။

(၁၈)

နှာခေါင်းချောင်းကျေးရွာကလေးသည် တိုးမြစ်ကြီး၏ ဟိုမှာဘက်ကမ်း၌ ရှိသည်ဖြစ်ရာ ကျွန်ုပ်၏ သပွတ်အူမွေးမြေနှင့်စာသော် မြို့နှင့် တော်တော့ကို အလှမ်းဝေး၏။ မြို့ကြီး ရန်ကုန်နှင့်ဟူမူ အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။ အနို့သော် ဘဇာနှင့် ဘယ်လောက်ဝေးဝေး လူရှိလျှင် အနုပညာရှိချေရာ အနှီနှာခေါင်းချောင်းကျေးရွာတွင်လည်း အားတစ်(Artist)ဆိုသူတို့ ရှိနေကြချေရာ ဘဇာမှ မဆန်းကြယ်လှချေ။ သို့သော် နှာခေါင်းချောင်းထိပ်တင်ဟု မိမိကိုယ်မိမိ ကလောင်အမည်ပေးထားသူက စာပေခေါင်းဆောင်ဖြစ်လိုပါသည်ဟု ဆိုလာချေသောအခါ အနည်းငယ်ဆန်း၏။

"အကျွန့်ဘဘကြီးရဲ့နည်းကိုသာ ကျင့်သုံးချေပေ့ါ နှာခေါင်းချောင်းထိပ်တင်။ စာအုပ်စာတမ်းရှားပါးချေသည့် အဆွေတို့ နှာခေါင်းချောင်းကျေးရွာဝယ် အခြားသူတို့ လက်လှမ်းမမီသည့် ဘုတ်အုတ်စာပေများအကြောင်းကို ဦးဆောင်ဆွေးနွေးခြင်းဖြင့် ဂုရုတစ်ပါးဖြစ်အောင် ကျင့်ကြံပါလေ"

"ဆွေးနွေးသည်က မခက်၊ စာအုပ်စာတမ်းရရှိရေးက ခက်သည်မဟုတ်လား ဂျက်ဆရာ"

"ဆရာ့ဆရာ ဂျက်ဆီ၌ ဘာ့ဘာကမှ မခက်ပါ နှာခေါင်းချောင်းထိပ်တင်၊ မြစ်ကြီးကိုသာဖြတ်လျက် မကြာမကြာလာပါလေ"

အသို့နှင့် တိုတောင်းလှစွာသော အချိန်ကလေးအတွင်း၌

http://www.linhtet.com



နှာခေါင်းချောင်းကျေးရွာတွင် နှာခေါင်းချောင်းထိပ်တင် တစ်ယောက် စာပေခေါင်းဆောင်နေရာကို တစ်စတစ်စ ရရှိစပြုလာပြီဟူသော သတင်းသည် သပွတ်အူမွေးမြေသို့တိုင် ဒုတ်ဒုတ်ထိ ရောက်လာ၏။ ကျွန်ုပ် နှာခေါင်းချောင်းသို့ ရောက်သွားသောအခါတွင်ကား အနှီ နှာခေါင်းချောင်းထိပ်တင်၏ ပုံရိပ်ကြီးကို ဝင့်ကြွားတင့်ထွားစွာ မြင်ရ ပါချေသတည်း။

"အနုပညာရှင်တွေ လူပုဂ္ဂိုလ်တွေရဲ့ Sketch ကို ရေးတဲ့ နေရာမှာ ရုပ်ပုံလွှာ၊ ဆရာဒဂုန်တာရာရဲ့ ရုပ်ပုံလွှာ ဘယ်သူတွေ မှီ အောင်ရေးနိုင်ကြမတုံးဗျာ။ အောင်ဆန်း (သို့မဟုတ်) အရိုင်းဗဟိန်း (သို့မဟုတ်) ကဗျာ တစ်ပုဒ်ချင်းက လှလိုက်တာ၊ ဖတ်ဖူးကြတယ် နော်"

ဖတ်ဖူးဖို့အသာထား၊ စာအုပ်ကိုပင် မမြင်ဖူးသူ ရွာသား ကလေးတို့ မျက်လုံးကလေး ကလယ်ကလယ်နှင့် ကိုယ့်သူကြည့်။

"ကဲ . . ကိုယ် ပြောပြမယ်"

နှာခေါင်းချောင်းအခြေစိုက် အားတစ် (Artist)ကလေးတို့ ကား နှာခေါင်းချောင်းထိပ်တင် ပြောသမျှ ပါးစပ်အဝိုင်းသား။

"ကိုယ့်လူတို့ သည်အချိန်မှာ နယူးကလပ်စ်(New Class) ပြန်ဖတ်ဖို့ ကောင်းသဗျာ"

"ဇာတ်လမ်းက . . ."

"အယ် . . ကိုယ်တို့ သပွတ်အူသားတွေ ခက်လှသဗျာ။ ဘယ့်နှယ်ဇာတ်လမ်းရမှာတုံး။ ဝတ္ထုမှမဟုတ် မင့်ဟာ . .။ ယူဂို ဆလားဗီးယားက မီလိုဗန်ဂျီးလပ်စ် လက်ရာလေ။ အဲ . . နယူး ကလပ်စ်ဆိုတာက"

နှာခေါင်းချောင်း၏ ရင်သွေးငယ်ကလေးတို့ကား မျက်နှာ

http://www.linhtet.com



ငယ်ငယ်ကလေးများနှင့် နားထောင်ကြရရှာသည်တမုံ့။

"အနို့ မိုးကြိုးမုန်တိုင်းအပေါ် ပသို့နှယ် မြင်ကြပါအံ့"

"အဘယ်သူရေးသည့် ဝတ္ထုပါနည်း ဆရာထိပ်တင်"

"ရော် . . ခက်ကပြီ။ ဝတ္ထုမဟုတ်ဘူး အဆွေတို့ရဲ့။ အဲသဟာ ဝေဖန်ရေးစာအုပ် Criticism ခေါ်သမင့်ဟာ မြန်မာစာပေ ဝေဖန်ရေးသမိုင်းကို စေ့ငုသုံးသပ်ကြည့်လေသောအခါ . . ."

နှာခေါင်းချောင်း အခြေစိုက် စာပေသမားကလေးတို့သည် ကား အကြင်တို့ မကြားဖူး မမြင်ဖူးသည့် စာအုပ်အကြောင်းကို နှာခေါင်းချောင်းထိပ်တင်က ရှင်းပြနေတော့ရာ မျက်လုံးအဝိုင်းသား ကလေးများဖြင့် နားထောင်ကြရရှာ၏။

"ဆိုစို့ . . . နိုင်ငံတကာ ကဗျာ၊ ကိုယ့်လူတို့ ဘားတော့ ဘရက် ဖတ်ကို ဖတ်ရမယ်"

"အင်္ဂလိပ်ကဗျာဆရာတွေထဲမှာ"

"အဟတ် . . . ရပ်ရပ်၊ ကိုယ့်လူတို့စကားတွေရပ်၊ အများ ကြားသော် ရယ်ရွှင်ဖွယ်ပ။ ဘားတော့ ဘရက်ဆိုသဟာ ဂျာမန်ကဗျာ ဆရာဗျ။ အနာဂတ်အတွက် ကဗျာထဲမှာ ဘဇာကို ကြိုက်ကြသတုံး ဗျာ"

အားလုံးကား နကမ္ပတိ။ ဆိတ်ဆိတ်။ တောင်ကြည့်မြောက် ကြည့်။

"ကဲ . . . ကိုယ် တစ်ပုဒ်ချင်း လင်းပါရစေတော့"

နှာခေါင်းချောင်းထိပ်တင်ကလေးသည်ကား ကဗျာဝတ္ထု တစ်ခုခု၌ ဖြစ်ဖြစ်မြောက်မြောက် မရေးနိုင်။ အနို့အပြင် သုံးသပ် ဝေဖန် ဘဇာအကြံမှုလည်း လင်းပွင့်လှသူမဟုတ်ချေ။ အနို့သော် မြစ် ကိုဖြတ်ကာ ကျွန်ုပ်ရှိရာလာပြီး ရှားပါးစာအုပ်ကလေးတွေ ဖတ်ပြီး

http://www.linhtet.com



သည်၏ကာလ ယင်းကို ပြန်၍ ဖောက်သည်ချခြင်းဖြင့် နှာခေါင်းချောင်းဂုဏ်ရောင် စာပေ့ထိပ်ခေါင်ဘဝ ရောက်ရှိသွားသူပင်။ ကျွန်ုပ်ကား သပွတ်အူ၌ ကျွန်ုပ် လူရာဝင်လာရသည့်နည်းအတိုင်း မောင်းနှင်ပေးလိုက်ရာ ယခုတော့ အားလုံးချစ်ခင် နှာခေါင်းချောင်းထိပ်တင်ပင်။

အသို့နှင့် မြင်ရခဲသော စာအုပ်တို့ကို ဝှက်သို၍ ဖတ်ကာ နှာခေါင်းချောင်းကျေးရွာ ငါ့ဆရာလုပ်နေသည့်အခိုက် စာအုပ်အငှားဆိုင်ကလေးတစ်ဆိုင် နှာခေါင်းချောင်းတွင် ဖွင့်လှစ်လုလုကာလ၌ ကျွန်ုပ်ထံ ရောက်လာခဲ့ခြင်း ဖြစ်ပါ၏။

"ဆရာကြီးဂျက်ရဲ့ ဘဘကြီးနည်းဆိုသည်က"

"အဟော် . . နှာခေါင်းချောင်းထိပ်တင်ရယ်၊ ခက်ပဲ့။ အဆွေလုပ်နေခဲ့သမျှတွေဟာ အကျွန့်ဘဘကြီးနည်းတွေပေါ့။ အဘယ်သူမှ လက်လှမ်းသိပ်မမီတဲ့ စာအုပ်တွေကို ဆွေးဟယ်နွေးဟယ်နဲ့ အများက လေးစားအောင်နေတဲ့နည်းပေါ့။ အဲ အခု အဆွေတို့ နှာခေါင်းချောင်းမှာ စာအုပ်ဆိုင်ဖွင့်ပြီဆိုတော့ ဆရာ့ဆရာဖြစ်ရေးမှာ မိမိက လက်ဦးဖို့လိုသဗျာ။ ဖတ်သင့်သောစာအုပ်ကို ပထမဆုံးငှား၊ သုံးလေးရက် အချိန်ဆွဲဖတ်။ ဦးအောင်ဆွေးနွေး လက်ဦးသူဆရာ ပဲ နှာခေါင်းချောင်းထိပ်တင်ငဲ့"

နှာခေါင်းချောင်းထိပ်တင်ကား လင်းပွင့်လွယ်သူကလေးဖြစ်ရာ မျက်ဝန်းထဲဝယ် ဖျတ်ခနဲ လက်၏။ ဤမှစ၍ နှာခေါင်းချောင်းကျေးရွာ၌ နှာခေါင်းချောင်းစတား စာအုပ်ဆိုင် စဖွင့်သည်နှင့် မြစ်ဆိပ်သို့ ဆင်းကာ မော်တော်ဆိုက်ချိန်ကို မျှော်ရသည်မှာ နှာခေါင်းချောင်းထိပ်တင်၏ အလုပ်ကြီး အကိုင်ကြီးတစ်ခုဖြစ်၍လာ၏။ ထွက်ထွက်သမျှ နှာခေါင်းချောင်းစတား စာအုပ်ဆိုင်က ဝယ်ဝယ်လာသမျှ

http://www.linhtet.com



ဘုတ်အုတ်မဂ္ဂဇင်းအထွေထွေကို ဦးစွာမဆွ ပထမငှားသူ နှာခေါင်းချောင်းထိပ်တင်ပေတည်း။

(သုံး)

နှာခေါင်းချောင်းထိပ်တင်ကား ဘုတ်အုပ်မဂ္ဂဇင်းတစ်ခုကို သူ၏လက်ထဲတွင် သုံးလေးရက်ထား၏။ အနို့နောက် သူတို့နှာခေါင်းချောင်းကျေးရွာ ရွာလယ်ပိုင်းရှိ လက်ဖက်ရည်ဆိုင်၌ ထိုင်တော်မူကာ အော်ပီကျယ်အသံကြီးဖြင့် တဆွေးတနွေးလုပ်ကပြီ။

"ယခုလ မဟေသီမဂ္ဂဇင်းထဲ အောင်ဘညိုရဲ့ ကဗျာဟာ ပြောစရာရှိလာပြီ"

"ကျော်ဝင်း ဘာလဲ ဘယ်လဲ၊ ဝီးကလီးအလဲဗင်းထဲက အင်တာဗျူးမှာ ရုပ်လုံးပေါ်သွားပါကပြီ"

"ရုပ်ရှင်တေးကဗျာထဲမှာ ဗိုလ်နိုးရေးထည့်လိုက်ပုံ ကမ်းကို ကုန်ရောကွာ"

"အခုလ သောင်းပြောင်းထဲက မောင်စူးစမ်း အယူအဆ ဘယ့်နှယ်သဘောရကြပ"

"သည်လ ချင်းတွင်းမဂ္ဂဇင်းထဲက စိုင်းဝင်းမြင့်လေးကဗျာ ပထမနှစ်ကြောင်းမှာတွင် လက်ဖျားခါသကွာ"

နှာခေါင်းချောင်းထိပ်တင်ပြောသမျှ နှာခေါင်းချောင်းအားတစ် (Artist) တို့ ဘဇာမှ ပြန်မပြောနိုင်ကြ။ အနီအထက်မဂ္ဂဇင်းတို့ကို လက်ဦးငှားယူထားသူ နှာခေါင်းချောင်းထိပ်တင်က ဆရာကြီးအဖြစ် ဦးဆောင်ဆွေးနွေးလျက်ရှိကပြီ။

"အယူအဆတွေ၊ အရည်အချင်းတွေကို ခေတ္တမေ့ထား

http://www.linhtet.com



လိုက် အဆွေ နှာခေါင်းချောင်းထိပ်တင်။ စာတစ်အုပ်ထွက်ရှိသော် ဦးသူက ဆရာဖြစ်စတမ်းပေပ . . . ”

“အနို့ စာအုပ်ဆိုင်တွေ များပြားလာ၊ စာအုပ်တွေ အပြိုင်ရောက်လာသော် ဘယ့်နှယ်လုပ်ရပ့ါ ဆရာကြီးဂျက်”

“အိမ်း . . . ကျွန်ုပ်၏ ဘဘကြီးနည်းကိုပဲ ကျင့်သုံးရမည်ထင်ပ့ါ”

ကျွန်ုပ်၏ ဘဘကြီးကား သူငယ်စဉ်က သူတို့၏ တောမြို့ကလေးရှိ စာအုပ်ဆိုင်ပေါက်စနကလေးဆီသို့ အဘိဓာန် ၃ အုပ်ရောက်လာခဲ့ရာ အကုန်လုံးကို ဝယ်ပစ်လိုက်ပြီး ၂ အုပ်ကို မီးရှို့ဖျက်ဆီးလိုက်ပြီးသည့်နောက် တစ်မြို့လုံးတွင် တစ်အုပ်တည်းသာရှိသောဘုတ်အုတ်ကိုကိုင်လျက် ပြိုင်ဘက်ကင်း ဆရာကြီးလုပ်ခဲ့ဖူးသည်ဆို၏။

“ဘယ့်နှယ် . . နှာခေါင်းချောင်းကို မဂ္ဂဇင်း ၅ အုပ်ရောက်ပြီဆိုစို့။ ၄ အုပ်ကို ဝယ်ပြီး လွှင့်ပစ်၊ ၁ အုပ်ကိုကိုင်လျက် ဆရာကြီးလုပ်ရင်ရော . . . ဘယ့်နှယ်”

“ကောင်းတော့ ကောင်းပါရဲ့။ အနို့သော် စာအုပ်ဖိုးက ကုန်လှချေမယ် ဆရာကြီးဂျက်ရဲ့။ ယင်းသို့ဖြစ်စေကာမူ ဆရာကြီးဖြစ်ဖို့အတွက် လယ်ကလေး လေးငါးဧက ရောင်းရရောင်းရလေဗျာ”

လက်ဦးဆရာ နှာခေါင်းချောင်းထိပ်တင်သည်ကား လက်ဦးဆရာဖြစ်ရေးအတွက် ဘဇာသို့ လုပ်ရလုပ်ရ လုပ်မည် ဟူသောမျက်နှာထားနှင့် ကျွန်ုပ်ကို ငေးကြည့်၍နေခဲ့ချေသည် တမုံ့တကား။

http://www.linhtet.com



# ဗလဖွေ ရင့်မှာပိုက်ပါလို့

(တစ်)

မြန်မာ့ ဓာတ်ရှင်လောကသည် သေခြင်းတရားနှင့်စ,၏။ ၁၉၁၉၌ လွတ်လပ်ရေးအတွက် အရေးဆိုရန် ဦးပု၊ ဦးဘဖေ၊ ဦးထွန်းရှိန် စသော အမျိုးကောင်းသားတို့ အင်္ဂလန်သို့ သွားကြသည်ကို မှတ်မိကြပါအံ့ဟု အကျွန်ုပ်ထင်၏။ ယင်းတို့အနက် ဦးထွန်းရှိန်သည် အမိမြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် အနိစ္စရောက်ခဲ့လေရာ သူ၏ ဈာပနကို သတင်းကားကလေးရိုက်ကာ အများပြည်သူတို့ကို ပြသပေးတော်မူခဲ့၏။ ယင်းသည် မြန်မာ့ရုပ်ရှင်၏ အစဟုဆိုရာ ရုပ်ရှင်အစ သေခြင်းတရားကပင် ဖြစ်ချေသည် တမုံ့။

(နှစ်)

အင်္ဂလိပ်ဘာသာ၌ မူဗီ(Movie) ဟုဆိုအပ်သော အရာကို မြန်မာတို့က ဓာတ်ရှင်ဟု မဆွက ခေါ်၏။ ဘာမှမသိလျှင် မြန်မာတို့

http://www.linhtet.com



က ခတ်ဟုခေါ်၏။ ခတ်ရှင်၊ ခတ်ပြား၊ ခတ်လုံး၊ ခတ်မီး၊ ခတ်တိုင်၊ ခတ်အား၊ ခတ်လိုက်၊ ခတ်ချုပ်၊ ခတ်သက်၊ ခတ်စာ၊ ခတ်ခဲ၊ ခတ်ရထား၊ ခတ်မှန် စသည် စသည်။ ယခုလည်း ခတ်ရှင်။ နောင်သော် ရုပ်ရှင်။ အသံတိတ်။ အသံထွက်။

အနှီသို့ဖြင့် နှစ်ကာလများ တရိပ်ရိပ် ရွေ့လျားနေခဲ့ရာ အတန်ကြာသည်ရှိသော် ရုပ်မြင်သံကြား ပေါ်လာ၏။ ပထမ အဖြူအမည်း။ ၎င်းနောက် ဆေးရောင်စုံ၊ အနှီ ရုပ်မြင်သံကြားကို စင်ပေါ်၌ တင်ထားသည်ကို အစွဲပြုပြီးသည်၏ သကာလ အပေါ်စက်ဟု ခေါ်ကြပြန်ချေသည်တမုံ့။

ယင်းနောက် VIDEO ခေါ်ဗီဒီယိုပြစက် များ ပေါ်ထွန်း၍ လာကြပြန်ချေရာ အောက်တွင်ထားလေ့ရှိသည်ကြောင့် အောက်စက်ဟုလို။ ဤ၌ ဘေးတွင် ထားသူများရှိသော်လည်း ဘေးစက် ဟု မဆို၊ အောက်စက်ဟုသာဆိုကုန်၏။ ယင်းသို့ ဖြင့် နောက်ပိုင်း၌ VCD, DVD စသည် စသည်ဖြင့် ထွန်းသစ်၍ လာကြတော့သည်မှာ အံ့မခန်း ဖွယ်ရာပင်။

## (သုံး)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းတို့၏ သပွတ်အူကျေးရွာကလေး သည်ကား VIDEO ကိုအစွဲပြု ပြီးသည်၏ သကာလ အားလုံးကို ဗလဗွေဟုသာ ခေါ်ကြချေကုန်၏။ ဗလဗွေရုံ၊ ဗလဗွေမင်းသား၊ ဗလဗွေမင်းသမီး၊ ဗလဗွေဇာတ်လမ်း စသည် စသည်။

> "ယနေ့ည တင်ဆက်ပြသမယ့် ဗလဗွေဇာတ်ကားကတော့ မင်းသားချော သီဟနဲ့မှတင်စိုး၊ မင်းသမီးချော စိုးမြတ်နဲ့မှ နန္ဒာ"

http://www.linhtet.com



"ဟုတ်ကဲ့. . . ယနေ့ညမှာက ကုလားကျော်ဟိန်း၊
ဇာတ်ကားက **ငါ့ညီမသေရင် မင်းကိုသတ်မယ်**"

ဟုတ်သလား မဟုတ်သလား မသိ။ အော်ချင်သလိုအော်၊ ဘာသာပြန်ချင်သလို ပြန်နေသော အသံများမှာ သပွတ်အူကျေးရွာ၏ ဗလဇွေပုံရိပ်များပင်ဖြစ်ဘိပါ၏။

တစ်ခါတွင်လည်း ကာရာအိုကေများ ခေတ်စားလာခိုက် အပြိုင်အဆိုင် ရင်ဖွင့်သီဆိုကြရာ TV ဖန်သားပြင်ပေါ်မှ စာသားမှန် သမျှကို လိုက်ဆိုရမည်ဟု သိထားသော လွမ်းတေးရှင်တစ်ဦးက ကျား၊မ စုံတွဲသီချင်း တစ်ပုဒ်တွင် **'ကျား'**ဟု ပေါ်လာရာ သီချင်းဟု ထင်ပြီး **'ကျား'** ဟု မာန်ဟုန်အပြည့်ဖြင့် အော်ဟစ်လိုက်သောကြောင့် တစ်ရွာလုံး သွေးလေ ချောက်ချားသွားကြဖူးပါ၏။ အနို့အပြင် အဆိုရှင်တစ်ဦးကမူ **'ပြန်ဆို'** ဟူသော စာသားကို သီချင်း ဟု ထင်မှတ်ပြီးသည်၏ သကာလ ခံစားမှုအပြည့် ဖြင့် **'ပြန်ဆို'** ဟု ဆွဲဆွဲ ငင်ငင်ဆိုလိုက်သည်ကြောင့် တစ်ရွာလုံး ငို၍ ရယ်၍မရသော မျက်နှာ ဖြစ်သွားခဲ့ကြဖူးပါ၏။

**(လေး)**

ရင်ခုန်ဖွယ် နေ့ရက်များအတွင်း ဗလဇွေခေတ်ကြီးထဲမှ တစ်ခုသောအခါဝယ် သပွတ်အူ ကျေးလက်ရွာဦးကျောင်း ကထိန်ပွဲ သဘင်ကို သိုက်မြိုက်စွာ ဝှဲချီးကျင်းပခဲ့ကြကုန်ပါ၏။

အနီ့ ကထိန်ပွဲ၌ တစ်ညသားဝယ် ဗလဇွေကြည့်ရန် အစီအစဉ်တစ်ခုကိုလည်း ကထိန်ပွဲ ဦးဆောင်သူ လူငယ်တစ်သိုက်တို့ ကထည့်သွင်းခဲ့ကြပါ၏။ ရွာဦးကျောင်းအောက်ထပ်၌ ဗလဇွေပြရန်။ မီးစက်ငှားထားရန်။ ဖျာကြမ်းကြီးများ ခင်းထားရန်။ ညလုံးပေါက်

http://www.linhtet.com



တစ်ကားပြီး တစ်ကား ပြသရန်။ မြန်မာအင်္ဂလိပ်အခွေစုံ ပြသရန်။ အသံ ပီသကြည်မြဖို့ Sound Box ကြီးများသုံးရန်။

အနို့နှင့် ညချမ်းချိန်ခါ ရောက်လေသော် ပွဲငတ်သူ သပွတ်အူသားတို့သည် ဗလဇွေပြပွဲသို့ ဝက်ဝက်ကွဲကွဲလာရောက် အားပေးကြ၏။ အငြိမ့်ခွေ၊ မျက်လှည့်ခွေ၊ ဆပ်ကပ်ခွေ၊ Stage show ခွေ၊ မြန်မာအင်္ဂလိပ်ရုပ်ရှင်ခွေ တစ်ခွေပြီး တစ်ခွေ ပြောင်းကာ အားပေးကြကုန်၏။ ပွဲထိန်းမှာကား ကိုရင်ကြီးနှင့်အဖွဲ့။

သို့နှင့်ညလယ်ယံသို့ တိမ်းလေသော် ဗလဇွေဆရာမှာ လက်ဖက်ရည်သောက် လမ်းလျှောက်လုပ်လိုသည်နှင့် ကိုရင်ကြီးအား အခွေအထုတ်အသွင်းကို သို့နှယ်ဤနှယ်ပြသပြီးသည်၏ သကာလ ရွာထဲသို့ ထွက်သွားဘိချေ၏။ ကိုရင်ကြီးကား ဗလဇွေနားတွင် အရိပ်တကြည့် ကြည့်။

အတန်ငယ် လင့်သည်ရှိသော် ကြည့်လက်စ အခွေကုန် ၏။ ကိုရင်ကြီးက အခွေဟောင်း ကို ထုတ်ကာ အခွေသစ်ကိုသွင်း၏။ ဘာအခွေမှန်းမသိ အင်္ဂလိပ်ခွေ တစ်ခွေကို တွေ့ရာကောက် သွင်းလိုက်ခြင်းဖြစ်ပါ၏။ အလို့ . . ခပ်ကြမ်းကြမ်း အချစ် ဇာတ်လမ်း ပါပေတကား။ မင်းသားနှင့်မင်းသမီးတို့ ဘာညာသာရကာ ပြုရန် နှီးနှောနေကြပေရာ အားလုံးက **လုပ်ကြပါဦး လုပ်ကြပါဦး**နှင့် မျက်စိ ပျက် မျက်နှာပျက် အော်ကြချေကုန်၏။

ဗလဇွေ ပေါ်ဦးစ ခေတ်ဖြစ်ရာ မည်သူကမှ အခွေကို မကျော်တတ်ကြ။ ကိုရင်ကြီးကား ဉာဏ်ထက်သူဖြစ်ရာ သက်န်းကြီး တစ်ထည်ကို ပြေး ယူကာ TV ကြီးကို အုပ်ထားလိုက်၏။ အနို့နောက် ခေတ္တလင့်ချေမှ သက်န်းကို ဖယ်လိုက်ရာ **လုပ်ကြပါဦး လုပ်ကြပါဦး** ဟူသော အသံကြီးများကြောင့် **မိန်းမတွေမကြည့်နဲ့ မိန်းမတွေ**

http://www.linhtet.com



**မကြည့်နဲ့** ဟုမိန့်ကာ ပြန်လည်၍ အုပ်ထားရပြန်ချေ၏။ သို့သော် အရုပ်များပျောက်ကွယ်နေလင့်ကစား Sound Box အတွင်းမှ ပီသကြည်မြသော အီးအားအသံများက ရင်ခုန်စဖွယ်ထွက် ၍နေပြန်တော့ရာ ကိုရင်ကြီးက ဗလဖွေကြီးကိုကောက်၍ပွေ့ထားလိုက်ကာ ယူပြေးရန်ကြံသော်လည်းကြိုးများဖြင့် ငြိတွယ်၍နေသည်တည့်။

အနီးတွင် မိန်းမတွေနားပိတ်ထား၊ မိန်းမတွေနားပိတ်ထား ဟူသော အသံများက ထွက်ပေါ်လာပြန်ချေ၏။

အနီးနှင့် ကိုရင်ကြီးဗလဖွေကို ပိုက်ထားဆဲတွင် ဗလဖွေဆရာက အသံဗလံများကို ကြားရာမှ အပြေးပြန်လာသည်ကြောင့် ဗလဖွေရှင်မှာ ပိုက်ရသည့်ဇာတ် ထိုညက တစ်စခန်းရပ်၏။

အော် . . . ဗီဒီယိုပေါ်ဦးစ သပွတ်အူမွေးမြေက အဖြစ်အပျက်များ။

http://www.linhtet.com



# ကျွန်ုပ်နှင့် သဗ္ဗုတ်အုလမ်းညွှန်

## (တစ်)

အင်္ဂလိပ်ဘာသာအားဖြင့် ဟူမူ The Thabuttu Directory 2006 ဟူသော စာတမ်းကြီးမှာ လင်းခဲ့လက်၏။ မြန်မာဘာသာအားဖြင့်မူ သဗ္ဗုတ်အုလမ်းညွှန် ဟူသော စာတမ်းမှာ ဝင်းခဲ့ပြက်တော့၏။ အနို့နောက် ဘုတ်အုပ်မျက်နှာဖုံး တစ်နေရာဝယ် "သင်လိုအပ်တာအကုန်ပါ" ဟူသော မြန်မာဘာသာနှင့်တွဲယှဉ်လျက်က Everything you need ဟူသော အင်္ဂလိပ်ဘာသာညွှန်းဆိုချက်ကလေးကိုပါ ထပ်ဆင့်၍ ဖြည့်ထားစွက်ထားလိုက်ပြန်ပါသေးချေ၏။ ယင်းဇင်းတို့၏ နောက်တွင်မှ ဒဗလျူ ဒဗလျူ ဒဗလျူဒေါ့ သဗ္ဗုတ်အုဒေါ့ကွန် (WWW. thabuttu. com) ဟု လည်း လှတပတ ဖော်ပြ၍ထားလိုက်ချေတော့ရာ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း ကမကထပြု၍ ထုတ်လုပ်စီမံလိုက်သော အဆိုပါ သဗ္ဗုတ်အု လမ်းညွှန်ဘုတ်အုပ်ကြီးမှာ ပြောစရာမရှိ သြဘာအတိပြီးသော ကျက်သရေဆောင် ဘုတ်အုပ်မဟာဖြစ်၍သွားတော့ချေသည်တည့်။

http://www.linhtet.com



(နှစ်)

စင်စစ် အနှီ သပွတ်အူလမ်းညွှန်ဘုတ်အုပ်ကိစ္စ၌ မူလ ဘူတ ရောဂါထသည့်သူမှာ ဒွေးလေးမလုံးတင်ဖြစ်ပါ၏။ ဒွေးလေး မလုံးတင်ကား သပွတ်အူရွာလယ်ပိုင်း၌ အမိန့်အရ အပေါင်ဆိုင် ကလေးဖွင့်ထားပြီး အတော်အတန်လည်း ဟန်ကျပန်ကျဖြစ်၍ နေသူ ဖြစ်ချေရာ သပွတ်အူ လမ်းညွှန်ဘုတ်အုပ်ကလေးတစ်အုပ်လုပ်ရ သော် ကောင်းလေစွဟု စိတ်ကူးရခဲ့သူဖြစ်ပါ၏။

"ရန်ကုန်လို မန္တလေးလို မြို့ကြီးပြကြီးတွေဖြစ်တော့မှပဲ လမ်းညွှန်ဘုတ်အုပ် ထုတ်ကြရတော့မတဲ့လား . . ။ သပွတ် အူလည်း သပွတ်အူအလျောက်တော့ ရှုပ်တာပါပဲကတော်။ ဤနားတစ်ဝိုက်မှာ ရွာပေါက်စကလေးတွေက . . . ဝယ်ဖို့ ရောင်းဖို့ လာကြရတဲ့ရွာ . . ။ အိမ်ခြေသုံးလေးတောင်ရှိတဲ့ ရွာ . . ။ တစ်ယောက်တစ်ယောက် မမြင်ဖူးမတွေ့ဖူးတဲ့ လူတွေက အပုံ . . ။ထုတ်စမ်းပါ့တော် သပွတ်အူလမ်းညွှန် ဘုတ်အုပ်"

ဤသို့ဖြင့် အကြိမ်ကြိမ် အလီလီ ဒွေလေးမလုံးတင်သာမက အချို့အချို့သော သပွတ်အူထွက် အနံ့ကြီးကွင်းကျယ်တို့ကပါ သပွတ် အူ လမ်းညွှန်ဘုတ်အုပ် ကိစ္စအတွက် အားတက်သရောဖြစ်၍ လာ ကြချေသောအခါ ထိုတာဝန်သည် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းအမျုး ပြုသော သပွတ်အူထိပ်ခေါင် ဉာဏ်ပညာ ဦးသျှောင်တို့အပေါ်ဝယ် လာ၍ကျရောက်၏။ သို့ဖြင့် အဖြစ်သရုပ်ကို အနှစ်ချုပ်ရသော် လေး လတန်သည် ငါးလတန်သည်ခန့် ညောင်းလင့်၍ သွားပြီးသည့်နောက် ဝယ် စာမျက်နှာ ၂၀ တိတိခန့်ရှိ အဆိုပါ သပွတ်အူ လမ်းညွှန်ဘုတ်

http://www.linhtet.com



အုပ်ကြီးမှာ ထွက်ရှိ၍ လာလတ်တော့ချေ၏။

"ကဲ . . . ဘယ့်ကလောက် ကျက်သရေရှိသလဲ
ကိုယ်သိချင်တာ ရှာလိုက်ရုံပဲ . .
ရွာရိုးကိုးပေါက် . . အချိန်ကုန်ခံပြီး
လိုက်ရှာနေစရာ မလိုပေါင့်တော်"

ဒွေးလေး မလုံးတင်ကား သပွတ်အူလမ်းညွှန်ကို လက်က မချပါလေတော့။

(သုံး)

အနှီနှင့် သပွတ်အူ လမ်းညွှန်ဘုတ်အုပ် မဟာကြီးထွက်ရှိပြီးသည်၏ သကာလ ရက်ပိုင်းကလေးမျှ အတွင်း၌ပင် ဒွေးလေးမလုံးတင် ရောက်ရှိ၍လာ၏။ မျက်နှာစိမ်းအမျိုးသမီးတစ်ယောက်နှင့် အတူတကွ ပေတည်း။

"ဆရာကြီးဂျက် . . ကျွန်မက သပွတ်အူ အနောက်ပိုင်း
ကပါ . . စာအုပ်အငှားဆိုင်ကလေးလည်း ဖွင့်ထားပါတယ်။
. . . ဆရာကြီးဂျက်တို့ရဲ့ သပွတ်အူ လမ်းညွှန်ထဲမှာ . .
ကျွန်မရဲ့ ပညာရိပ် ဆိုတဲ့ ဆိုင်ကလေးကို ဘယ့်နှယ်ကြောင့်
များ ထည့်မထားခဲ့တာပါလိမ့် သိပါရစေရှင်"

ရွှေဂျက်ကား အဖြေခက်တော့ချေ၏။ မှန်သည်။ မဆွက အနှီ ပညာရိပ်ကို ကျွန်ုပ်တို့၏ သပွတ်အူလမ်းညွှန် Book-Hire ကဏ္ဍတွင်ထည့်သွင်းဖို့ စာရင်းယူထားပြီး ဖြစ်၏။ အနှီသော် ကျွန်ုပ်တို့၏ လမ်းညွှန်စာအုပ်ပြုစုရေးအဖွဲ့ထဲမှ တစ်ယောက်က မထည့်ရန်တား၏။ ဘာကြောင့်ဆိုသော် ထို မထည့်ရန်တားသူ၏ ယောက္ခမ၏ ညီမ

http://www.linhtet.com



မှာ စာအုပ်အငှားဆိုင်တစ်ဆိုင်ကို ပညာရိပ်နှင့် အပြိုင်ဖွင့်ထားရာ သပွတ်အူ လမ်းညွှန်ဘုတ်အုပ်ထဲတွင် မထည့်ပါနှင့်ဟု ဆိုလှာ၍ဖြုတ်ထားခဲ့ရခြင်းဖြစ်ပါ၏။ စာအုပ်ပေါင်း ၃-၄ ထောင်ရှိသော ပညာရိပ် သပွတ်အူလမ်းညွှန်၌ ကျန်ရစ်စေ။ အနှီ ပုဂ္ဂိုလ်၏ ယောက္ခမ၏ ညီမ၏ စာအုပ်ကလေး လေးငါးခြောက်ဆယ်နှင့် ဖွင့်ထားသော မြတ်စေတနာ စာအုပ်ဆိုင်ကား သပွတ်အူလမ်းညွှန်၌ပါစေ။ ကျွန်ုပ်ကား ဒွေးလေးမလုံးတင်နှင့် တကွ အနှီအမျိုးသမီးကို ဖွင့်လှစ်ရှင်းပြရချေသည်တည့်။

## (လေး)

"ဆရာကြီး ဟောသဟာ အန်တီ ဒေါ်ထွေးစိန်တဲ့၊ ထွေးစိန်
နှင့် သမီးများ ငါးခြောက် ပုစွန်ခြောက်ရောင်းဝယ်ရေး
ဆိုသဟာလေ . . ရွာလယ်ပိုင်းက"

ဤမျှဆိုရုံနှင့် ဂျက်ကွမ်းခြံကုန်း သိပြီးလင့်ပါချေကပြီ။ ဒွေးလေး မလုံးတင်လည်း မျက်နှာမကောင်း။ အကြင် အန်တီဒေါ်ထွေးစိန်ဆိုသည်ကလည်း မျက်နှာမကောင်း။ ဂျက်တို့ပြုစုသည့် သပွတ်အူ လမ်းညွှန်ထဲတွင် <u>Dried Fish and Dried Prown</u> (ငါးခြောက်နှင့် ပုစွန်ခြောက်) ဟူသော ကဏ္ဍပါဝင်ပါ၏။ အနို့သော် ဒေါ်ထွေးစိန် မပါ။

"သပွတ်အူ လမ်းညွှန်ထဲမှာ မထည့်နဲ့
ထွေးစိန်နဲ့ သမီးများတဲ့ ရာရာစစ
ငါ့သားက ချစ်ရေးဆိုသဟာကို ငြင်းတာ
အဲသည့်ထွေးစိန်သမီး အကြီးမပေါ့ . . .

http://www.linhtet.com



ငါ့သားလို ရုပ်မိရုပ်ဖရဲ့ ရင်သွေးက
လက်ဆွဲပြီးဖက်နမ်းတာကို သင်းတို့က
တိုင်လား တောလားနဲ့ သူတို့လုပ်ငန်း
ဘုတ်အုပ်ထဲမှာ မပါစေနဲ့”

ကျွန်ုပ်ကား သပွတ်အူလမ်းညွှန်ကို ပြုစုကြစဉ်က ပါဝင် သော ရုပ်မိရုပ်ဖတစ်ဦး၏ ဒေါသမာန်ဟုန်ကို ပြန်ပြောင်းသတိရမိ ကာ ရှင်းရလင်းရပြန်ချေပြီ။

“သည်လိုပါ . . ဒွေးလေးမလုံးတင် . . . ” အစချီ၍။

## (ငါး)

သပွတ်အူ မြောက်ပိုင်းတွင် နာမည်ကျော် ဘိန်းမုန့်ဆိုင် တစ်ဆိုင်ရှိ၏။ အနို့သော် သပွတ်အူ လမ်းညွှန်ဘုတ်အုပ် Myanmar Traditional food (မြန်မာ့ရိုးရာ အစားအစာ) ကဏ္ဍတွင် မထည့်ဘဲ ထားလိုက်၏။ အကြောင်းမှာ စာအုပ်ပြုစုရေးအဖွဲ့ဝင်တစ်ယောက် ၏ ခယ်မက အနီးဆိုင်တွင် ဘိန်းမုန့်အကြွေးဝယ်စားဖူး၏။ ယင်းကို ထိုဆိုင်က အကြွေးလာတောင်း၏။ ဤတွင် ခယ်မကလေးက ခဲအို အား အရှက်တွေကို မျက်ရည်ဖြင့် သွန်ပြခဲ့ဖူးရာ ယခု ပစ္စက္ခ သံသရာ တစ်ကွေ့၌ ထိုဆိုင်ကို ဘုတ်အုပ်ထဲတွင်ဖြုတ်ထားစေ။

## (ခြောက်)

သပွတ်အူ လမ်းညွှန်ဘုတ်အုပ်ထဲတွင် လမ်းစာရင်း Street Lists ကိုလည်း တစ်ကဏ္ဍထည့်သွင်းထားပါ၏။ အနို့သော် ဇီဇဝါ လမ်းမပါချေ။

http://www.linhtet.com



"အကျွန်ုပ်ကို ခွေးလိုက်ဆွဲသည်မှာ
ဇီဇဝါလမ်းပေပ . . . အနှိုလမ်းကို
သပွတ်အူ လမ်းညွှန်တွင် မထည့်လင့်"
သူကြီး အမိန့်ပေတကားတည့်။

(ခုနစ်)

အနှို့နှင့် တစ်နေ့သော် ဒွေးလေး မလုံးတင်က ကျွန်ုပ်ကို လက်ဖက်ရည်သောက်ခေါ်၏။ မုန့်စားလက်ဖက်ရည်သောက် ပြုမူနေစဉ်အတွင်းမှာပင်လျှင် အကြံပေးစကားဆို၏။

"ဆရာကြီးဂျက်တို့ရဲ့ . . သပွတ်အူလမ်းညွှန် နောက်တစ်ခါ ထုတ်ဝေတဲ့အခါ သင်လိုအပ်တာ အကုန်ပါဝင်သည်ဆိုတဲ့ စာသားရဲ့နောက်မှာ ရေးသားပြုစုသူတို့သောက်ညင်ကတ်၍ ချန်ထားသည့်များမှအပ ဆိုသည့်စာတန်းကလေး ကွင်းစကွင်းပိတ်နဲ့တကွ ဖော်ပြပေးသော် ကောင်းမည်ထင်ပါရဲ့"

ဟူလို။

http://www.linhtet.com



# လောကဓံ မှတ်တမ်းများ

## (တစ်)

တစ်နေ့သ၌ လောကဓံထိုက်ထိုက်တည်းဟူသော သပွတ်အူ ကျေးလက်၏ ဂုဏ်ရောင် စာပေကလောင်ရှင်ကလေး တစ်ဦးသည် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ အထံသို့ ထုံးစံအတိုင်း ဆိုက်ရောက်၍ လာ၏။ သူ၏ လက်ထဲတွင်ကား မဂ္ဂဇင်းဘုတ်အုပ် တစ်အုပ်ကို ထုံးစံအတိုင်း ကိုင်ဆောင်၍ထား၏။ အနို့နောက် ထိုအနီ မဂ္ဂဇင်း ဘုတ်အုပ်ကို ဖျတ်ဖျတ်ဖျတ်ဖျတ်နှင့် ထုံးစံအတိုင်း လှန်လှော ပြီးသည် ၏ သကာလ တစ်ခုသော စာမျက်နှာသို့အရောက်၌ ရပ်တန့်၍ ထားလိုက်ကာ သတင်းဓာတ်ပုံတစ်ပုံကို ထုံးစံအတိုင်း လက်ညှိုးဖြင့် ထိုးထောက်၍ ထားလိုက်ပြီးသည်၏ နောက်ထပ် ထုံးစံအတိုင်းသော စကားတို့ကို ပြောတော်မူ၍ နေတော့ချေ သည်တည့်။

"ခုလထုတ် ထနောင်းရိပ် မဂ္ဂဇင်းကလေး ထွက်ရှိ၍ လာလတ်ချေပြီဗျ ဆရာကြီးဂျက်ဟောသမှာဗျာ. . . အကျွန်ုပ်သတင်း

http://www.linhtet.com



ဓာတ်ပုံကလေး ရိုက်နှိပ်ဖော်ပြထားပြန်ချေသပေ့ါ”

“ Let me see ”

ကျွန်ုပ်ကား စိတ်ကြည်လင်ရွှင်ပျသော အခါတိုင်း၌ အင်္ဂလိပ်ဘာသာအားဖြင့် စကားပြော ဆိုလေ့ရှိသည့်အတိုင်း 'ကြည့် စမ်းပါရစေ' ဟူသောစကားကို Let me see ဟု ပြောလိုက်ပြီးသည့် သကာလ လောကခံထိုက်ထိုက် ညွှန်ပြဦးတည်၍လာသော မဂ္ဂဇင်း ဘုတ်အုပ်တစ်နေရာမှ မင်္ဂလာ ကျက်သရေအပေါင်းတို့ ခဲ့ညောင်း ချေသော ဓာတ်ပုံနှင့် သတင်းကို ရှုစားမိချေ၏။

လောကခံထိုက်ထိုက်ကား မိန့်မိန့်အိန့်အိန့်ပေတည့်။ သပွတ်အူ မြစ်ကမ်းစပ် တစ်နေရာမှ သပြေပင်ကြီး၏အောက်တွင် တိုက်ပုံတွေ ဘာတွေ ကျကျနနဝတ်လျက်ရပ်နေ၏။ သူ၏နံဘေး ဆီတွင်ကား သူ၏ဇနီးချောကလေး မိုးသီတာ ပိတောက်သကြ်န် ဝင်းဝင်းချစ်ဖေက သူ၏လက် မောင်းကို ချိတ်ကာ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့နှင့် ရပ်နေရှာ၏။ သပြေရိပ်ဝန်းကျင်တွင်ကား စားသောက် ဖွယ်ရာ အပြည့်နှင့် စားပွဲသုံးလုံး။ မြစ်ဆိပ်ကမ်းစပ် သပြေပင်ရိပ်တွင် ဘယ့်နှယ်သော မဟာအခမ်းအနားကိုများ လောကခံထိုက်ထိုက် ကျင်းပတော်မူနေရှာပါကလိမ့်။

**ကဗျာဆရာ လောကခံထိုက်ထိုက်နှင့် ချစ်ဇနီး မိုးသီတာ ပိတောက်သကြ်န်ဝင်းဝင်းချစ်ဖေ ချစ်ပန္နက်စိုက်ထူခြင်း ဆယ်နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား**

ကျွန်ုပ်ကားဓာတ်ပုံ၏ အောက်မှသတင်းစာသား ခေါင်းစည်း ကိုဖတ်ကာ မိန့်မိန့်အိန့်အိန့် လောကခံထိုက်ထိုက်ကို တစ်ချက် မော့ကြည့်မိ၏။ အနို့နောက်တွင်မှ သတင်းစာသားအချို့ကို ဆက် လက် စေ့ငုမိနေပြန်ပါ၏။ လောကခံထိုက်ထိုက်အား ယခုသူ၏

http://www.linhtet.com



ဇနီးဖြစ်လာမည့် မိုးသီတာပိတောက်သကြ်န် ဝင်းဝင်းချစ်ဖေက လွန်ခဲ့သောဆယ်နှစ်က ဤမဟာမြစ်ကမ်းစပ် သပြေပင်ကြီးအရိပ်၌ ချစ်အဖြေ ပေးခဲ့ပုံ၊ မပေးမီ အချစ်ကဗျာ တစ်ပုဒ် လက်တန်းစပ် ဆိုခိုင်းခဲ့ပုံ၊ လောကခံထိုက်ထိုက်က ကဗျာကို လက်တန်းစပ် ဆိုပြီးသည့်သကာလ ရွတ်ဆိုပြခဲ့ပုံ၊ အနို့နောက် ချစ်ပန္နက်စိုက်ထူမိကြပုံ၊ ယင်းကို ရည်၍ အမှတ်တရ ပွဲကျင်းပပုံ စုံစုံလင်လင်ကိုပင် လျှင် ဖော်ပြ၍ထားပါ၏။

"အကျွန်ုပ်တော့ဖြင့် မသိမကြားလိုက်ချေဘူး အဆွေလောကခံ"

"အဟော်. . . ဟုတ်ပါရဲ့. . . ငွေကြေး အသပြာကို ငဲ့ညှာသည့်အနေနှင့် အကျဉ်းမျှသာ ကျင်းပရခြင်းဖြစ်ပါပေတယ် ဆရာကြီးဂျက်"

ကျွန်ုပ်ကား ပြုံးမိချေ၏။ လောကခံ ထိုက်ထိုက်သည်ကား ဘဇာပွဲကို ကျင်းပ ကျင်းပ သပွတ်အူ မွေးဌာနမှ အားတစ်(Artist) တွေကို မဖိတ်ကြားပါလေတော့။ ထနောင်းရိပ် မဂ္ဂဇင်း၊ ရွှေ လမ်းငွေ လမ်းဂျာနယ်၊ အဖိတ်နေ့ ရီပြုံး၊ ဗရုတ် သုက္ခ ဂျာနယ်၊ လောကတံထွာ မဂ္ဂဇင်းစသည် စသည်တို့မှ အယ်ဒီတာ စာတည်းကလေးတို့မျှ ကိုသာ ဖိတ်ကြားကာ နန်းကြီးကလေးသုပ်ကျွေးလိုက်၊ ကြက်သားပလာတာ ကလေးချက်ကျွေး လိုက်၊ တောအရက်ကလေး ငဲ့တိုက်လိုက်၊ လက်ဖက်ရည် ကော်ဖီကလေးဖျော်တိုက်လိုက်နှင့် ခဏ မကြာ ဓာတ်ပုံနှင့် သတင်းကလေးတွေပါ၍ ပါ၍နေခဲ့သည်မှာ အတော်ကြာနေခဲ့ပြီဖြစ်ပါ၏။

"ဓာတ်ပုံနှင့် သတင်းကလေးကို ကတ်ကြေးနှင့် အသာ ညှပ်. . . ပြီးသော် ပလတ်စတစ် အထူနှင့် ကဒ်လောင်း. . . သိမ်း

http://www.linhtet.com



ဆည်း၍ ထားသင့် လှကြောင်း မဟုတ်ပေကလား ကိုလောကဓံ"

"ထုံးစံအတိုင်းပေပ ဂျက်ဆရာ"

ကျွန်ုပ်ကား လောကဓံထိုက်ထိုက်၏ အကျင့်မဟာကို သိထားပြီးနှင့်သူဖြစ်သည့် အတိုင်း ချော်တောငေါ့ကာ ပြောထည့် လိုက်ခြင်း ဖြစ်ပါ၏။ သူ့ထံ၌ ပလတ်စတစ်ကဒ်လောင်း၍ ထားတော် မူလတ်သော သူ့သတင်းဓာတ်ပုံတွေ အပြည့်။

"လောကဓံရေ တစ်နေ့လောက် အားလပ်ခဲ့သော် ကိုယ့်လူ ရဲ့ အခမ်းအနားပေါင်းစုံ သတင်းဓာတ်ပုံကလေးတွေ ယူခဲ့ပါက လား. . . ကျွန်ုပ်ရှုစားချင်လို့"

ကျွန်ုပ်က ကျွန်ုပ်၏ချင်ခြင်းကို အနို့ကလို ဖွင့်လှစ် လိုက်မိ ပါ၏။ လောကဓံထိုက်ထိုက်က  တစ်အောင့်ကလေးမှ မနှောင့်နှေး ချေ။

"see you ညနေ ဆရာကြီးဂျက်" ဟု သတည်း။

(၄၈)

see you ညနေ ဟူသည့် စကားအတိုင်း မိုးလေကင်းစင်သည့် အနီနေ့ ညနေခင်းဝယ် လောကဓံထိုက်ထိုက် ကျွန်ုပ်ထံ ပြန်လည်၍ ဆိုက်ရောက်လာ၏။ ပလတ်စတစ်ကတ်လောင်းထားသော ဓာတ်ပုံအထုပ်ကြီးနှင့်။ ကျွန်ုပ်ကား တစ်ပုံချင်းကို ပြန်လည်၍ စေ့ငုကြည့်မိပြန်ပါချေကပြီ။

၁။ ကဗျာဆရာ လောကဓံထိုက်ထိုက် ကဗျာရေးသက် ၁၅နှစ်ပြည့် အခမ်းအနား။

၂။ ကဗျာဆရာ လောကဓံထိုက်ထိုက် စာဖတ်သက်

http://www.linhtet.com



အနှစ်၂၀ပြည့် အခမ်းအနား။
၃။ ကဗျာဆရာ လောကခံထိုက်ထိုက် ပထမဦးဆုံးသော ကဗျာ စာမူ ဖော်ပြခံရမှု အမှတ်တရ အခမ်းအနား။
၄။ ကဗျာဆရာ လောကခံထိုက်ထိုက်နှင့် ဇနီးမိုးသီတာ ပိတောက် သကြန်ဝင်းဝင်းချစ်ဖေ မင်္ဂလာဦးအခမ်းအနား။
၅။ ကဗျာဆရာ လောကခံထိုက်ထိုက်နှင့်ဇနီးတို့ မင်္ဂလာ သက် ၅နှစ်ပြည့် အခမ်းအနား။
၆။ ကဗျာဆရာ လောကခံထိုက်ထိုက်နှင့် ဇနီးတို့မှ သမီးဦးကလေး တွယ်တာဧကရီထက်မြ ဖွားမြင်မှု အခမ်းအနား။
၇။ ကဗျာဆရာ လောကခံထိုက်ထိုက်နှင့်ဇနီးမှ ဒုတိယ မြောက် သားကလေး တော်စတွိုင်းဝင်းထိုက် ဖွားမြင်မှု အခမ်းအနား။
၈။ ကဗျာဆရာ လောကခံထိုက်ထိုက်၏ ဖခင်ကြီးကွယ်လွန်မှု အနှစ်၂၀အခမ်းအနား။
၉။ . . . . .
၁၀။ . . . . .

ကျွန်ုပ်ကား လောကခံထိုက်ထိုက်၏ အခမ်းအနားဓာတ်ပုံများကို ကြည့်လိုက်၊ ပုံစာများကို ဖတ်လိုက်။ အယ်ဒီတာ ပေါင်းစုံ၊ စာတည်းပေါင်းစုံ တို့နှင့် စားလိုက်ကြ၊ သောက်လိုက်ကြ၊ ကဗျာတွေ ရွတ်လိုက်ကြ၊ ကာရာအိုကေ ဆိုလိုက်ကြ။ ဘကြီး ကြွက်သိုး၏ ထန်းတော၊ ကယ်လီဖိုးနီးယား လက်ဖက်ရည်ဆိုင်၊ သပွတ်အူ သောင်ပြင်၊ ရွာအဝင်ညောင်ပင်အောက် နေရာတို့ကလည်း ပေါင်းစုံ လှချေ၏။ မြန်မာစာပေသမိုင်းတွင် အလွန်အရေးပါလှသော

http://www.linhtet.com



သတင်းဓာတ်ပုံများပင် ဖြစ်ဘိပါ၏။

"ဓာတ်ပုံတွေကိုက. . . သုံးလေးရာ နီးပါးပဲ အတော့်ကို ပွဲဝင်တဲ့ လောကဓံကြီးပေါ့ အန္တိ့လောကဓံထိုက်ထိုက်ရေ. . ကဗျာ ဘယ်နှပုဒ်လောက်များ ရေးပြီးချေသတုံးကွာ"

"ကဗျာ. . . အဲ. . . လေးပုဒ်. . . ငါးပုဒ်. . ဟုတ်တယ် ငါးပုဒ် ရေးပြီးပါ ပြီ"

ကဗျာ ငါးပုဒ်ခန့်ရေးသားပြီး ပွဲပေါင်းရာကျော် ကျင်းပခဲ့ သည့် စူပါစတား လောကဓံထိုက်ထိုက်ကို ကျွန်ုပ်က ငေးမောမိပါ၏။

"မာဂရက်မစ်ချယ် ကလည်း Gone with the wind ခေါ် လေရူးသုန်သုန် ဘုတ်အုပ်ကို. . . တစ်အုပ်တည်းရေးခဲ့ချေသဗျာ . . ။ အနန္တသူရိယကလည်း 'သူတည်းတစ်ယောက်' ကဗျာကို တစ်ပုဒ်တည်း ရေးခဲ့ချေသဗျာ. . . ။ သူတို့အကြောင်းတွေ ပြောလို့ မဆုံး. . . ၊ ရေးလို့မဆုံး. . . ။ လောကဓံကြီးက ငါးပုဒ်ကြီးတောင် ဆိုတော့. . . များတောင်များနေသလားလို့"

"ဟုတ်ပ ဟုတ်ပ"

ဤတွင် ကျွန်ုပ်က တမင်ငေါ့ကာ. . .

"အကျွန်ုပ်တို့ပင်လျှင် သပ္ပတ်အူရှာလယ်၌ နံရံကပ်စာ စောင် ကလေးတစ်ခု လုပ်ဖို့ လုံးပန်းနေကြပါရဲ့"

ဟုဆိုလိုက်ရာ လောကဓံထိုက်ထိုက်သည် ချက်ချင်းပင် လက်ဝင်း၍သွား၏။

"ဟား. . . ဆရာကြီးဂျက်ကို ဖိတ်ပြီ. . . အခုအကျွန်ုပ် အမျိုးသမီး တတိယ ကိုယ်ဝန်ဆောင်မှု အခမ်းအနား မကြာခင် ပွဲကလေး လုပ်မလို့. . . ဆရာ ကြီးဂျက်တို့ နံရံကပ်စာစောင်မှာ. . . အဲသဟာသတင်းကို ဓာတ်ပုံနဲ့ကပ်လဗျာ"

ဟူသတည်း။

http://www.linhtet.com



# ငို၍ ရယ်၍ မရသော ရိုက်ချက်

## (တစ်)

ဘုတ်အုပ်ဂျာနယ် မဂ္ဂဇင်းစသည့် စာပေအနုပညာ လောကဆီမှသည် ရုပ်ရှင်ဗီဒီယို အစရှိကုန်သော ခင်းကျင်းပြသမှု အနုသုခုမလောကဆီသို့ ခြေဦးလှည့်သွားခဲ့ကြလေကုန်သည့် ပုဂ္ဂိုလ် ကျော်ပုဂ္ဂိုလ်မော်တို့အကြောင်းကို စာရင်းပြုစုကြည့်ရသည်ရှိလေသော် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် နောက်ဆုံးလူသားဖြစ်တန်ဖွယ် ရာအကြောင်းရှိပါပေ၏။ ဆရာကြီး ဦးသုခ၊ ဆရာဝန် မောင်သင်၊ အစ်ကိုကြီးမြတ်လေး၊ စသည် စသည်တို့ စာပေလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းသွားခဲ့၏။ တို့နှယ်ဤနှယ် သို့နှယ် သည့်နှယ် ပန်းချီဒီဇိုင်းဆရာကလေး မောင်မျိုးမင်း ဒါရိုက်တာဝင်လုပ်၊ ပန်းချီ ဆရာအစ်ကိုကြီးစိုးမိုး ရုပ်ရှင်ဝင်ရိုက်၊ ပန်းချီဆရာကြီး ဦးအောင်စိုး သရုပ်ဝင်ဆောင် မြင့်ဦးဦးမြင့်၊ မြမြင့်မိုရ် ချစ်ညီငယ်ကလေးတို့ ဇာတ်ညွှန်းဝင်ရေးနှင့် ဖြစ်၍ ပျက်၍ နေဘိချေရာ ထုတ်လုပ်သူ ငွေရှင်

http://www.linhtet.com



ကြေးရှင်အချို့တို့က ဆရာကြီး ဂျက်လည်းလုပ်ရင် ပေါက်မယ်ဟုဆို ပြီး အကြံပေးတိုက်တွန်းလာကြရာမှတစ်ဆင့် ကျွန်ုပ်သည်လည်း VCD ကာရာအိုကေ ဒါရိုက်တာ ဂျက်ကွမ်းခြံကုန်းဖြစ်ခဲ့ရပါပေသည် တမုံ့။

"အေးလေ . . ဆရာသာခု . . ၊ဆရာအောင်ပြည့်၊ အစ်ကို မောင်ဝဏ္ဏ . . ၊ ကိုသုမောင် . . ၊ ကိုပိုင်သ၊ ကိုအောင်ဝေး . . အစုံ ပလုံ . . ရုပ်ရှင်ဗီဒီယိုတွေနဲ့ ပတ်သက်ကြကုန်သမင့်ဟာ . . ကျွန်ုပ် သည်လည်း သဘင်ငနဲအဖြစ် ဆင်နွဲတော့ချေမဗျာ"

ချုပ်ရသော် စဉ်းငယ်ခန့်မျှသော အချိန်အတွင်းဝယ် VCD ကာရာအိုကေ အခွေလောက၌ ဒါရိုက်တာ ဂျက်ကွမ်းခြံကုန်းအဖြစ် ဟုန်းဟုန်း ဟိန်းဟိန်း နှစ်ကာလများသို့ ဆိုက်ရောက်ခဲ့ရပါချေ သတည်း။

(နှစ်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း နာမည်ထွက်ပုံမှာ ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားများဘက်ဆီ၌ မဟုတ်မူဘဲ VCD ကာရာအိုကေ အခွေများရိုက်ကူးမှုဘက်ဆီ၌ အထူးစပါယ်ရှယ် နာမည်ထွက်နေခဲ့ ခြင်းဖြစ်ပါ၏။ ကျွန်ုပ်၏ အခွေများကို ကြည့်ရှုခံစားသူတို့ ပျော်ရွှင် မြူးတူးကြရသည်။ တဝါးဝါး တဟားဟားနှင့် ရယ်မောကြရသည် ဟူသော ဂုဏ်သတင်းတို့က ကျွန်ုပ်ဒါရိုက်တာဂျက်ကို သွေးနားထင် ရောက်စေခဲ့သည်မှာ ဧကန်ဖြစ်ပါ၏။ ကားချင်းထပ် လူချင်းညပ် အောင် အလုပ်လာအပ်ကြကုန်သည့် ပရိုဂျူဆာခေါ် ထုတ်လုပ်သူ အသီးသီး အသကတို့သည် VCD များကို ခပ်မြူးမြူးကလေး ရိုက်ကူး ပေးရန် အပ်နှံလာကြပြီး ပစ္စက္ခ၌ နောက်ဆုံးရောက်လာသူမှာ ပဥ္စသိခ်

http://www.linhtet.com



ဘခက်တေးသံသွင်းမှ ပဉ္စသိခ်ဘခက်ပင်ဖြစ်ပါ၏။

သူကား ကျွန်ုပ်၏ ဧည့်ခန်းတွင် အေးအေးဆေးဆေး အနား ယူ၊ ကျွန်ုပ်၏ လက်ရာအခွေများကို တစ်ခွေပြီးတစ်ခွေ တဝါးဝါး တဟားဟားနှင့်ကြည့်၊ ပြီးမှ အလုပ်စကား ပြောမည်ဟုချေသတည်း။

(သုံး)

ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်၌ မီးကင်းကလေးတစ်ခု ပေါ်လာ၏။ မီးကင်းမှာ လေးတိုင်စင်တဲကလေး။ သံချောင်းတစ်ခုမှာ ကြိုးတန်းလန်း။ မီးကင်း၏ အောက်မြေပြင်တွင် မီးပုံတစ်ပုံက တငွေ့ ငွေ့လောင်နေ၏။ တဲ၏အပေါ်တွင်ကား မီးကင်းစောင့်သူ တစ်ဦး စောင်ခြုံကြီးဖြင့် အိပ်နေပြီး အောက်သို့လျှောကျနေသည့် စောင် အနားတစ်စကို မီးကစွဲလောင်စပြုနေ၏။ အနို့နောက်လူကိုပါ မီးစွဲ လောင်လုလုဖြစ်လာ၊ မီးကင်းသမား လန့်နိုးလာပြီး ကယ်ပါယူပါ အော်ဟစ်၊ လူအချို့ ရေပုံးများဖြင့် ပြေးလာပြီး ပက်လောင်းကြ။ ယင်း ကား ဂျက်၏ ရိုက်ချက်။ တေးသီချင်းမှာကား . . . .

"အိပ်၍ မပျော်သော ညတစ်ည သံသရာအလယ် လေသာ ပြတင်းနံဘေးဝယ် . . အဖြေရှာငေးမောကြည့်နေစဉ်ဝယ် . . တိမ် တိမ်လွှာတွေလည်း . . မည်းမည်းမှောင်ရီခြယ် . . "

ဂျက်၏ ရိုက်ချက်ကား ဂီတ၏ ရသကို ဖော်ကျူးနိုင်ပါပေ့။

(လေး)

အနှီ တေးတစ်ပုဒ်၏ ရိုက်ချက်မှာကား ဤသို့။ စင်ပေါ် ဖြတ်လျှောက်လောက၊ ရုပ်မြင်ကြော်ငြာလောကတွင် နာမည်ရသူ မိန်းကလေးက တောသူမကလေးအဖြစ် သရုပ်ဆောင်၏။ သူနှင့် သူ၏

http://www.linhtet.com



သူငယ်ချင်းမကလေး သုံးလေးယောက်တို့ ရွာပြင် ခရေပင်ကြီး အောက်တွင် အိုးပုတ်များ ချိုးရုပ်များဖြင့် ကစားနေ။ ထမင်းချက် တမ်း၊ ဟင်းချက်တမ်း။ ရှံခါရှံခါ ဖန်ခုန်။ ရှံခါရှံခါ ဇယ်တောက်။ ရှံခါ၌မူ ရွှံများ သဲများကို ရေများ၊ တံတွေးများဖြင့် ရောထွေးကာ နယ်ပြီးသည့်နောက် တပတ်ပတ်နှင့် ထုရိုက်ကစားနေ။

အနီးတွင် လုလင်ပျိုတစ်ယောက်ရောက်ရှိလာကာ မိန်းကလေးကို ချစ်မျက်ဝန်းများဖြင့်ကြည့်။ မိန်းမပျိုကရေ တံတွေး များဖြင့် နယ်ထားသော ရွှံ့နှစ်များဖြင့် လုလင်၏ မျက်နှာကို သုတ် လူး။ အနီးလုလင်၏ မျက်နှာကြီး ရွှံ့ရွှံ့တွတွဖြစ်နေဟန်ကို ဖန်သား ပြင်အပြည့်ရိုက်ပြ။ မိန်းမပျိုကို လုလင်ကဆူငေါက်နေဟန်၊ မိန်းမပျို ထိုင်ထလုပ်နေရဟန်၊ မိန်းမပျို၏ တင်ပါးကို လုလင်ကတုတ် တစ်ချောင်း နှင့်ရိုက်နေဟန်၊ မိန်းမပျိုငိုယိုပြီး နှပ်ချေးကိုညှစ်လိုက်ရာ မှ လုလင်၏ပါး၌ နှပ်ချေးဖပ်သွားကပ်နေဟန်တို့ကို ဆက်လက်ပြသ။

"ဘဝအတွေ့အကြုံ . . . မပြည့်စုံလို့ရယ်
ယုယကာ . . အစစမှာကွယ် . . သွန်သင်ဆုံးမ
ဆုံးမတာတွေရယ် . . အပြစ်လို့မြင်တတ်လေတယ်ကွယ်
သြ . . ကလေးဆန်လွန်းသူ အမိုက်ကလေးကိုမှ
ကျွန်တော် က ချစ်မိသူပါကွယ်"

ထုတ်လုပ်သူ ပဥ္စသိခ်ဘခက်ကြီးသည် ကျွန်ုပ်၏ ရသ မြောက်ရိုက်ချက်များကို ကြည့်ကာ တဝါးဝါးတဟားဟားနှင့် သဘော ကျ၍ မဆုံးဖြစ်၍နေချေ၏။

http://www.linhtet.com



(ငါး)

အဆိုတော်ကြီး စန္ဒရားလှထွတ်၊ အဆိုတော်ကြီး ကိုသန်းလှိုင်တို့၏ လွမ်းတေးများကို အနီ့ကလို တဝါးဝါး တဟားဟားဖြစ်အောင် လက်စွမ်းပြရိုက်ကူးခဲ့ချေသော ဒါရိုက်တာ ဂျက်ကွမ်းခြံကုန်းသည် အစ်ကိုကြီး စန္ဒရားချစ်ဆွေ၏ တေးများကိုလည်း အလွတ်မပေးချေ။ မွှေးလွန်းသည့်ပန်းကို သို့နှယ်ရိုက်ပစ်လိုက်၏။

အချိန်က နွေဦးညနေရီ။ နေရာက အဟာစော်နံသည်ဟုဆိုသော လက်ခုပ်ပင်ကြီး တစ်ပင်၏ အောက်။ VCD သရုပ်ဆောင်လူရွှင်တော်က လက်ခုပ်ပင်ကြီးကို မှီကာ မျက်လုံးကလေးကို မှေးစင်းထားရင်း ချစ်သူ၏ ယုယမှုကို ငံ့လင့်။ ချစ်သူ မိန်းမပျိုသစ်ပင်ကြီးတစ်ဖက်မှနေ၍ ပေါ်ထွက်လာ။ လက်ခုပ်ပန်းကို ကောင်ကလေး၏ နှာခေါင်းဝသို့ တိုးကပ်ပေး။ ကောင်ကလေးရှူတွ၍ သွားကာ ထွက်ပြေး။ မိန်းမပျိုအနောက်က ပြေးလိုက်။ လက်ထဲတွင် ပါလာသော ပန်းဂေါ်ဖီထုပ်ကြီးထပ်ပေး။ ကောင်ကလေး ဆက်ပြေးစဉ် ပန်းဂေါ်ဖီထုပ်နှင့်ပေါက်။ ကောင်ကလေးလဲကျ။

"မွှေးလွန်းသည့် ပန်း . . မနမ်းဝံ့ပြီ . . လှလွန်းသည့်ပန်း . . မလှမ်းဝံ့ပြီ။ မာယာပရိယာယ် နှစ်သွယ်ယှက်လို့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ပြီ အသည်းလွှာမြေမဟီ"

ပဉ္စသိခ် ဘခက်သည်ကား တခွိခွိရယ်ရင်းက "ဂျက်ဆရာရဲ့ လက်ရာကတော့ လဗျာ၊ ဂျက်ဆရာရဲ့ လက်ရာကတော့ လဗျာ"နှင့် ထောပနာ၍ မဆုံးနိုင်ပါလေတော့။

http://www.linhtet.com



# (ခြောက်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အပါအဝင် VCD ကာရာအိုကေ ဒါရိုက်တာအချို့၏ လက်စွမ်းပြမှုကြောင့် မြန်မာသံတေးတို့မှာ ကုန်လုနီးနီးပင်လျှင် ဖြစ်၍နေပါ၏။ ပရိသတ်တို့မှာလည်း မေးရိုးတွေ ညောင်းသည်အထိ တဝါးဝါး။ ဤသို့သော အချိန်ကို ရောက်လာပါမှ ပဥ္စသိခ်တေးထုတ်လုပ်ရေးက ကိုဘခက်က VCD တစ်ခွေရိုက်ရန် အလုပ်အပ်နှံလာခဲ့ကပြီ။

"သီချင်းတော်တော်များများကတော့ ကုန်သလောက် ဖြစ်နေပြီ ကိုဘခက်ရဲ့"

"ရော် . . ကမ္ဘာအတိ ခက်တဲ့ . . . အာစရိ ဂျက်ပေလားဗျာ . . ခေတ်ဟောင်းတေးတွေ . . ဓမ္မတေးတွေ. . သီချင်းကြီးတွေ . . မဟာဂီတတွေ ရိုက်ပါလိမ့် . . ချစ်သမျှကိုတို့ စိန်ခြူးကြာညောင်တို့ . . မြမန်းဂီရိတို့ သုဝဏ္ဏသာမတို့ မဟာဇနကတို့ ရိုက်လို့ မကုန်ပေါင်ဗျာ"

"အင်းလေ . . သို့ပေမင့် . . လေးများလေးနေမလားလို့"

"ဩ ခက်ပ့ါ . . လေးလို့ကတော့ အဘယ်သူက ကြည့်မတုံးဗျာ . . ဆရာဂျက်တို့ VCD ထုံးစံ ဟာသကလေးစွက်ကာ ရိုက်မှပေ့ါဗျာ"

ဤနေရာတွင် ကျွန်ုပ်နှင့် ပဥ္စသိခ်ဘခက်တို့ နှစ်ဦးစလုံး စဉ်းငယ်ခန့် တိတ်ဆိတ်၍ နေပါ၏။ အတန်ငယ်လင့်ပြီးသောအခါတွင်မှ အနှီပဥ္စသိခ်ဘခက်က-

"ပမာဆိုမယ်ဗျာ . . မဟာဇနက ရိုက်မယ်ဆိုပါတော့ သီချင်းက လှံ့လနဲ့ဝီရိယမှာ လျှော့ကြရင်မှားကြမှာ . . လိုသာလိုမယ် . . မပိုဘူး ဘယ်ခါ . . ငုပ်မိတော့ သဲတိုင်. . စွဲကိုင်တက်နိုင်ရင်

http://www.linhtet.com



ထိပ်ဖျားရောက်နိုင်တာ . . အလောင်းတော်မဟာဇနက ရွှေပင်လယ် ငွေပင်လယ် ကူးတော်မူရှာ ဆိုပါတော့ ရေကူးနေတဲ့ မင်းသားကို ဝတုတ်ကြီးလုပ်ထားဗျာ . . ရေကို တိမ်တိမ်လေးလုပ်ထားဗျာ. . လာကယ်တဲ့ နတ်သမီးကို ပိန်ညှောင်ရိုးကလေးလုပ်ထားဗျာ. . မကယ်နိုင်ဘဲနဲ့ နှစ်ယောက်လုံး ရေထဲပြုတ်ကျပုံ ရိုက်ဗျာ . . တဟားဟားပေါ့"

"အင်း"

ကျွန်ုပ်ကား အင်း တစ်လုံးသာ ပြောနိုင်၏။

"အဲ သုဝဏ္ဏသာမ ရိုက်မယ်ဆိုပါတော့ ပီဋိယက္ခမင်းကမြား နဲ့ခွင်းသည် သုဝဏ္ဏသျှံရွှေစင်အိကို ထိမှန်တော့သည်။ သို့ပေမယ့် သေနိုင်ရိုးလား မိဘကို လုပ်ကျွေးတဲ့ဂုဏ်ရည်သီချင်းဗျာ . . ပီဋိယက္ခကို ဝမ်းဗိုက်ပူပူ ဖင်ကောက်ကောက် ဘောင်းဘီအတို ကလေးနဲ့ Hand Chain နဲ့ ဆံပင်က Hip Hop ဆံပင်နဲ့လုပ်ထားဗျာ . . သုဝဏ္ဏသာမ ရေလာခပ်တာကို ရေစည်တွန်းလှည်းကြီးနဲ့ လုပ်ထားဗျာ အဲသည့်သီချင်းပေါက်ပြီပေါ့"

"အင်း"

"အင်းမနေနဲ့ ဆရာကြီးဂျက် . . အလုပ်အပ်ပြီ . . တဝါးဝါး ဖြစ်အောင်သာရိုက်။အဲသည့်အခွေပေါက်ကိုပေါက်တယ်။ ရိုက်ကွင်း ကို ကျွန်ုပ်ပါလိုက်မယ် . . ရိုက်ဖို့သာပြင်ပေတော့"

မဟာဂီတများ၊ ဓမ္မတေးများ၊ ခေတ်ဟောင်းတေးများက အစ ဟာသဖြစ်အောင် ရိုက်ဖို့ ပဥ္စသိခ်ဘခက်နှင့် ဒါရိုက်တာ ဂျက် ကွမ်းခြံကုန်းတို့ ပြင်ဆင်ခဲ့ကြပါကပြီ။ ကျွန်ုပ်တို့ကို "ရိုက်ရန်" မူ အဘယ်သူတွေက ပြင်ဆင်နေကြပြီဖြစ်ကြောင်းကို သိချင်လှပေသည် တမို့တကား။

http://www.linhtet.com



# ခက်တယ်ဂျက်ရယ်

## (တစ်)

လောကဥ္စ အလွယ်တကူရရှိသော အရာဝတ္ထုမှန်သမျှ ဘယ်တော့မှ အဖိုးမထိုက်၊ ခက်ခဲနက်နဲမှ အဖိုးထိုက်၏ဟူသော ဒဿနကို အဘယ်ပညာရှိကမှ ဂျက်ကွမ်းခြံကုန်းကို မပို့ချ။ ဘဝတက္ကသိုလ်ကြီးက ပို့ချလိုက်ခြင်းပင်လျှင် ဖြစ်ဘိတုံပါချေ သတည်း။

## (နှစ်)

တစ်နေ့သဥ္စ အကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် ဟာသသရုပ်ဆောင်တစ်ဦး၏ အိမ်သို့ ဆိုက်ရောက်၏။ နယ်မြို့ကလေးတစ်မြို့၏ ပွဲစဥ်တစ်ခုတွင် အနှီအဆိုပါဟာသသရုပ်ဆောင်ကိုပါ ပူးတွဲပါဝင်ကာ ဝင်ရောက်ဆင်နွှဲစေလို၍ ဖြစ်ပါ၏။ ရုပ်ရှင်၊ ဗီဒီယို၊ VCD၊ stage show ၊ ကြော်ငြာကအစ ပါဝင် ဆင်နွှဲနေသော အနှီ

http://www.linhtet.com



ဟာသသရုပ်ဆောင်က ကျွန်ုပ်နှင့်အတူပါလာသူ မိတ်ဆွေတို့အား ကော်ဖီတစ်ခွက်စီချတိုက်ပြီးသည့် သကာလ နောက်တစ်နေ့မှပြန်လာရန်၊ သူ၏ မန်နေဂျာနှင့်တွေ့ရန်၊ မန်နေဂျာနှင့်သာစကားပြောရန် လမ်းညွှန်ခဲ့လေသဖြင့် ကျွန်ုပ်တို့ပြန်ခဲ့ရချေ၏။ ဂျက်ကား တန်ဖိုးရှိအောင် သို့ကလိုနေရပါကလားဟု သင်ခန်းစာ အမှတ်တစ်ကိုရခဲ့ ပါ၏။

အနှိုနှင့် လ,ဝက်ခန့်လွန်သော်. . .

"ဗျို့ ဆရာကြီးဂျက်. . . ကျွန်တော်တို့ ပိတောက်ပွင့်သစ် မဂ္ဂဇင်းအတွက်. . . စာမူကလေး. ."

"အေး. . . အဲသဟာ သည်မှာမပြောနဲ့ အိမ်လာပြီး ကိုယ့်မန်နေဂျာနဲ့ညှိ ဟုတ်ပလား"

ကျွန်ုပ်က အနှီ ပိတောက်ပွင့်သစ်လူ၏ စကားမဆုံးမီမှာပင် သူ့ကလိုပြောချလိုက်ခဲ့ရာ အကြင်လူမျက်နှာပျက်၏။ ကျွန်ုပ်အိမ်သို့လည်း မလာတော့။ တန်ဖိုးရှိသော ဂျက်၏စာမူအဘယ်နေ့ သူလာယူပါအံ့နည်း။

(သုံး)

တစ်ခါသား၌မူ Fiction ခေါ် ဝတ္ထုရေး သူ မဟုတ်မူပါကပဲ ရယ်နှင့် Best seller ခေါ် အလွန်တရာ ရောင်းရ စာရင်းဝင်နေသည့် စာရေး ဆရာတစ်ဦး၏ အိမ်သို့ ကျွန်ုပ်ဖုန်းဆက်၏။ ၎င်း အနှီအိမ်တွင် ကြိုးဖုန်းရှိ၏။ ၎င်းကြိုးဖုန်းသို့ ကျွန်ုပ်ဆက်သွယ်ရာ သူ၏ ဇနီးသည်က ဖုန်းကို ကိုင်၏။ အနှီနောက် လက်ကိုင်ဖုန်းခေါ် Hand phone ခေါ် GSM ဖုန်းတစ်လုံး၏ နံပါတ်ကိုပေးရာ ကျွန်ုပ်က ခေါ်ရချေပြန်ပါ၏။ ဤ၌ကိုင်သူမှာ သူ၏သားငယ်ပေတည်း။

"သားဖေဖေနဲ့ ဦးဂျက် စကားဆိုမြည်လိုသကွာ"

http://www.linhtet.com



"ဟုတ်ကဲ့. . နောက် Hand phone နံပါတ်တစ်ခုလိုက်မှတ်ပါ ဦးဂျက်. . . အဲသဟာဆီကို ဆက်လိုက်ပါ"

"အန္တိသားဖေဖေက ဘဇာသို့ သွားနေ၍ပါသတုံးဗျာ"

"ဘဇာမှ မသွားပါဘူး ဦး. . . သားနားမှာ စာပေဖတ်ရှုလေ့လာနေလျက်ပါ. . . ဖေဖေ့ကိုယ်ပိုင် လက်ကိုင်ဖုန်းသို့သာ ဆက်ပါလေ"

ဂျက်ကွမ်းခြံကုန်း ခံရ၏။ လင်နှင့်မယား၊ သားနှင့်ဖခင် တစ်အိမ်တည်း တစ်ခန်းတည်းတွင် ရှိနေကြပါလျက် ဆက်သွယ်ရသည်မှာ အဆင့်ဆင့် ခက်ခက်လှပါချေ၏။

အန္တိနှင့် တစ်ညနေတွင် ဂျက်အိမ်သို့ ဖုန်းဝင်လာ၏။ ထိုစဉ်က ဖုန်းဘေးတွင် ဂျက်ထိုင် နေသော်လည်း အန္တိဖုန်းကို ဂျက်မကိုင်။ သမီးကလေးကို ဦးစွာကိုင်ခိုင်းရချေ၏။

"ဟုတ်ကဲ့ ဆရာကြီးဂျက်တို့ အိမ်ကပါ ဖေဖေလား မေမေ နဲ့ဦးစွာပြောလိုက်ပါရှင်"

အန္တိ၌ ဂျက်က မျက်စပစ်၍ ပြလိုက်ရာ ဇနီးချောက ဖုန်းကို ကိုင်ပြန်၏။

"ဘယ်သူလို့ပြောလိုက်ရမလဲရှင်. . . နိုင်ငံခြားဧည့်သည်တွေနဲ့ စကားမပြတ်သေးလို့ပါ. . ဩော်. . . ခဏ ခဏလေးပါ. . . ဟော့တော်. . . ကဲ ဒုက္ခ"

"ဘာဖြစ်တာလဲ"

"ကိုအော်ပီကျယ်တို့တော့. . . တစ်နေရာ မှာ ဘီယာသွားသောက်မှာမို့ ဝင်ခေါ်မလို့တဲ့။ ရတယ် ရတယ်ဆိုပြီး အတင်းဖုန်းချသွား သမင့်ဟာ"

"မင်းက ပြောပါလားကွ . . . ဘာဧည့်သည်မှ မရှိ

http://www.linhtet.com



ကြောင်း. . . လူစိမ်းတွေထင်လို့ ပြောကြောင်း. . . တောက်"

"တော်ပဲ တန်ဖိုးတက်အောင်နေမယ်ဆို ကိုဖိုးထိုက်ကြီး"

ဖုန်းကို ဆတ်ခနဲ ချပစ်လိုက်သည့် မောင်အော်ပီကျယ် ကလေးကိုသာ သတ်ချင်ပါဘိ။

(လေး)

အနို့ကလိုနှင့် ခက်ခြင်းဖြင့် မိမိကိုယ်မိမိ တန်ဖိုးရှိအောင် ဘယ့်နှာနေရပါအံ့ဟု သင်ခန်းစာရရှိပြီးချေသော ကျွန်ုပ်ဂျက် ကွမ်းခြံကုန်းသည် တစ်ရံရောအခါ၌မူ အယ်ဒီတာချုပ်မင်းအဖြစ် စာပေတိုက်တစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိ၏။

တစ်နေ့သ၌ နေ့လယ်ခင်း တစ်ခုဝယ် စာရေးမကလေး ကျွန်ုပ်၏အခန်းတွင်းသို့ ဝင်လာ၏။

"ဆရာ. . . ဆရာကြီးဂျက်နဲ့ တွေ့ချင်လို့ တဲ့. . . "

"အိမ်း ဆရာကြီး အလုပ်ရှုပ်နေလို့ နာရီဝက်လောက် စောင့်ပါလို့. . ဟုတ်ပလား"

စင်စစ် ကျွန်ုပ်တွင် ဘဇာအလုပ်မှမရှိ။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး နုတ်နေသော အလုပ်သာရှိ၏။ သို့သော် ထစ်ထားမှ ချစ်သားတန်ဖိုး တက်မည်ကို သိသော ကျွန်ုပ်က နာရီဝက်ခန့် ထစ်ထားလိုက်ချေ၏။

"ဆရာ. . . ဧည့်သည်ကို လွှတ်လိုက်ရတော့မလား ဆရာ"

နာရီဝက်ခန့် လွန်သော် စာရေးမကလေးက အနို့ကလိုလာ မေးပြန်၏။

"နာရီဝက်ခန့် စောင့်စားခိုင်းချေဦးကွာ ဆရာကြီးအလုပ်ရှုပ် နေပါတယ်လို့"

တွေ့ရခက်လေ တန်ဖိုးတက်လေဟူသောမူဖြင့် ကျွန်ုပ်က

http://www.linhtet.com



အနို့ကလို ထစ်ထားလိုက်ပြန်ပါ၏။ သို့သော် နှုတ်ခမ်းမွေးကို နှုတ်မြဲ၊ မုတ်ဆိတ်မွေးကို နှုတ်ဆဲ။ အနို့နှင့် စဉ်းငယ်ခန့်ကြာသွားပြီးသည့် နောက် နှုတ်လက်စ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများအပေါ်၌ ကျွန်ုပ်အာရုံစူးစိုက်လျက်ရှိစဉ် "ဟော့ကောင် အေပေး" ဟူသော အသံနှင့်အတူ ကျွန်ုပ်၏ဇက်ပိုးအား အုပ်လိုက်သည်ကို ခံလိုက်ရပြီးသည့်နောက် ကျွန်ုပ်၏ စားပွဲရှေ့မှောက်၌ လူသုံးလေး ယောက် ရောက်နေချေကပြီ။ သပွတ်အူ ရွာဦးကျောင်းဆရာတော်ဘုရား၊ ဆရာကလေးမောင်ဝင်းခိုင်နှင့် ဘကြီးကြွက်သိုး။

"ငါတို့ သပွတ်အူကို ကနေ့ ပြန်မလို့ ဝင်နှုတ်ဆက်တာကွ။ ။ မင်းကိုတွေ့ရဖို့ကိစ္စက ခက်ခက်လှချည့်. . .။ ဘယ့်နှယ်ကွာ အဆင့်ဆင့်. . . လူလေး ငါးယောက်ကျော်ပြီးမှ မင့်ဆီကိုရောက်ရတယ်လို့။ ပြီးတော့ ဘာမှလည်း ဟုတ်တာမဟုတ်ဘူး. . .။ ငါတို့ပြန်မယ် ဒကာဂျက်. . . နောင်ဘဇာအတွက်မှ ဒကာ့ဆီမလာဘူး. . . သာရေးလည်းမလာဘူး. . . နာရေးလည်း မလာဘူး ခက် ခက်ရချည်ရဲ့"

"ကြွပါဦး ဘုရား့ . . . ကြွပါဦးဘုရား့" နှင့် ကျွန်ုပ်တိုးလျှိုးနေသည့်အကြားမှ ဆရာတော်ဘုရားဦးဆောင်သည့် သူတို့ပြန်ကြလေပြီ။

သြ. . . ခက်. . . ခက်ရချေချည့်။ ။

http://www.linhtet.com



# အရှည်ကို မျှော်မတွေးနဲ့

## (တစ်)

ယခုနှစ် နွေဦးဆန်းသစ်စရက်များအတွင်း အင်္ဂလိပ်ဆေးထိုး ဆရာဝန်ကလေး ဒေါက်တာမောင်ကျော်စိုးတစ်ယောက် ကျွန်ုပ်တို့၏သပွတ်အူကျေးရွာ ကလေးအား လက်မြောက်အရှုံးပေးလျက် ပြန်လည်ထွက်ခွာသွားခဲ့ခြင်းသည် ဘွဲ့ရပညာတတ် ဆေးပညာရှင် လောကအပေါ် ဝမ်းတွင်းပါလူထုအသိအမှတ်ပြု သမားတော်ကြီး အာရောဂျံဂျက်က အနိုင်ယူအလဲထိုး အောင်ပွဲဆင်လိုက်ခြင်းပင်ဖြစ်ပါ၏။ သူ့အရင် ယခင့် ယခင်နှစ်များဆီကလည်း သပွတ်အူကျေးလက်သို့ ဆရာဝန်ကလေးများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ၊ ၎င်းနောက် တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာ သွားကြရသည်မှာ ဦးရေအားဖြင့်များလှကပြီ။ ဒေါက်တာတင်စံဦး၊ ဒေါက်တာလမင်း၊ ဒေါက်တာ ခင်နှင်းဦး၊ ဒေါက်တာမင်းလွင်၊

http://www.linhtet.com



ဒေါက်တာယဉ်မင်းဦး စသည် စသည်စသည်။ ၎င်းလူတို့ ခြောက်နှစ်ကျော်ကျော်၊ ခုနစ်နှစ်နီးနီးသင်ကြားလေ့ကျက်ခဲ့ကြသည့် ဆေးတက္ကသိုလ်ပညာရပ်တို့ကား သပွတ်အူထွက် အာရောဂျံဂျက်၏ ရှေ့မှောက်၌ ပြားပြားမှောက်ခဲ့ရချေကပြီ။ နောက်ဆုံး အရှုံးသမားမှာကား မဆွကတင်ပြခဲ့သည့် ဒေါက်တာမောင်ကျော်စိုးကလေးပင်လျှင် ဖြစ်ဘိတော့ချေသည့် တမုံ့တကားသတည်း။

(နှစ်)

အာရောဂျံဂျက်အစ ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းကဟု ဆိုသော် ရကောင်းစွပေ၏။

တစ်နေ့သ၌ ဒွေးလေးမလုံးတင်၏ သားကလေးစက်ဘီးညပ် ၏။ ခြေဖမိုး၌ သွေးသံတို့ဖြင့်တရဲရဲ။ ဤတွင် သမားတော်လောင်းလျာ ကျွန်ုပ်က အိမ်၌အသင့်ရှိနေသော အရက်ပျံပုလင်းဖြင့် လောင်းချထည့်လိုက်ရာ နောက်ထပ်(၃)ရက် ထိုအနာကျက်၏။ တစ်ခါသား၌မူ ဒေါ်ကြီးမအေးတင်၏ မြေးမကလေး ရေနွေးပူလောင်၏။ ဤတွင် အကျွန်ုပ်က ငံပြာရည်အိုးထဲတွင် အနှီ အပူလောင်သော လက်ကို စိမ်ခိုင်းထားလိုက်၏။ အေးရာအေးကြောင်း စိတ်ကူးကောင်း ကလေးပင်။ တစ်ခါ၌မူကား ဒေါ်ဒေါ်မခွေးမ ငရုပ်သီးထောင်းရင်း မျက်လုံးထဲ ငရုပ်သီးဝင်၏။ ပူပါ စပ်ပါ . . . ထိန်းမရချေ။ ကျွန်ုပ်ကား ညာဘက် မျက်လုံးထဲသို့ ငရုပ်သီးဖတ်ဝင်သည်ကို စေ့ငုကာ ဘယ်ဘက်ခြေမကို ရေဖြင့်လောင်းခိုင်းလိုက်၏။ သက်သာသည် ဟူသတည်း။ အနှီနှင့် တစ်နေ့သော် ဂျက်တို့၏ဘကြီးဘုန်းကြီးသည်

http://www.linhtet.com



သရက်သီးမှည့်နှင့် အသုပ်စုံတွေကို ဘုဉ်းပေးရာမှ ဝမ်းတွေဒလဟော သွား၏။ ကျွန်ုပ်က သာလာဆပ်(ခေါ်)ဝမ်းပိတ်ဆေးပြားများကို တစ်ခါသောက် ၃ ပြားနှင့် ၁၀ ကြိမ်တိတိ အလုံး ၃၀ သောက်ရန် တင်လျှောက်ညွှန်ကြားခဲ့ရာ ဘကြီးဘုန်းကြီးမှာ 'ရပ်လွန်းချေပြီ ဒကာဂျက် ဘယ့်နှာမှ သွားမရတော့ပါလေ' ဆိုမိန့်လာသဖြင့် MOM (ခေါ်) ဝမ်းပျော့ဆေးပြားများကို အလုံး ၃၀ ခန့်ပြန်သောက်ခိုင်းရပြန်၏။ အနှိုနှင့်ကာလကြာသော် . . .

"တော်တန်ရုံ ဝေဒနာကတော့ ဘာဆေးရုံ ဘာဆေးခန်းမှ သွားစရာမလိုဘူး ဆေးအကြောင်းနားလည်နေမင့်ဟာ . . . တို့ရွာသားဂျက်က ဆရာဝန်ထက်တတ်သေး" ဟုသတည်း။

## (သုံး)

အသို့နှင့် အချိန်အတန်လင့်ပြီးသည်၏ သကာလ သပွတ်အူရွာလယ်လမ်းမတစ်နေရာတွင် ဆေးဆိုင်ကလေးတစ်ဆိုင်ပေါ်လာ၏။ အာရောဂျံဆေးဆိုင် ဟုသတည်း။ ပိုင်ရှင်မူ ဆေးဆရာကြီးဂျက်။

## (လေး)

တစ်နေ့သ၌ မလှမ်းမကမ်းရှိ နှာခေါင်းချောင်းကျေးရွာမှ ဝေဒနာရှင်တစ်ဦးရောက်လာ၏။ မကြာခဏ ဗိုက်အောင့်၍၊အောင့်၍ နေသည်ဟုသတည်း။ ကျွန်ုပ်ကား ကြားဖူးနားဝဖြင့် ဝမ်းနုတ်ဆေးများ၊ အူကျုံ့ဆေးများ (Antispan motive) ပေးထည့်လိုက်၏။ ဤတွင် သပွတ်အူ၌ဆေးခန်းလာဖွင့်နေသူ ဒေါက်တာကလေး တင်စံဦးက

http://www.linhtet.com



"အဲသဟာ အူအတက်ရောင်တာ ထင်တယ်ဗျ၊ အာရောဂျံ ဂျက်ရဲ့ . . ခင်ဗျားပေးတဲ့ဆေးတွေကအူအတက် ပေါက်သွားတတ်တယ်" ဟူ၏။

"ပေါက်ကာမှ ပေါက်. . . ပျောက်လိုပျောက်ငြားပေါ့လဗျာ" ဟု ကျွန်ုပ်က နှုတ်တုံ့ပြန်ရချေသည်။

(ငါး)

နောက်တစ်ဖန် လာပြသူတစ်ဦးမှာမူ ဇက်ကြောတက် ခေါင်းကိုက်နေသူပင်။ ကျွန်ုပ်ကား အကိုက်အခဲပျောက်ဆေးတွေ တစ်ပုံကြီး ပေးထည့်လိုက်ချေ၏။ နောက်ဆေးခန်းလာဖွင့်ချေသူ ဒေါက်တာလမင်း ဟူသည်က . . .

"သွေးတိုးနေတာလား မသိ တိုးနေခဲ့ရင် ရှင့်အကိုက်အခဲ ပျောက်ဆေးတွေက ဦးနှောက်သွေးကြောပြတ်သေတတ်သရှင့်"ဟူ၏။

"ပြတ်ကာမှပြတ် . . . လတ်တလော သက်သာဖို့လိုသဗျ"

ကျွန်ုပ်က သို့နှယ် နှုတ်လှန်ထိုး၏။

(ခြောက်)

တစ်ခါသား၌ ရောက်လာသူကမူ အမျိုးသမီးတစ်ဦး ဖြစ်ပါ၏။ သူကတော့ ဝလိုသူပင်။

"ပိန်လွန်းလို့ပါ ဆရာရယ်. . သောက်ဆေးကလေးရောင်းပါဦး"

ကျွန်ုပ်က ကြားဖူးနားဝဖြင့် ပရက်နီစလုန်း (prednisolone)

http://www.linhtet.com



တွေကို ဖောဖောသီသီကြီးပေးထည့်လိုက်ပါ၏။ ယင်းကို ကန့်ကွက်သူက ဒေါက်တာခင်နှင်းဦးပင်။

"ဘယ့်နှာ. . . ဆရာကြီးဂျက်ရယ်. . အဲသည် ပရက်နီစလုန်း (prednisolone) က steroid ပါတယ်တော့ အဲသဟာက ဆားဓာတ်ကို ထိန်းထားတာဆိုတော့ ဖောလာယောင်လာရော"

"ဖောတယ်ယောင်တယ် ဆိုသဟာက ဝ,ခြင်းတစ်မျိုးဗျ လူကောင်ကြီး, ကြီးလာဖို့က အဓိကဥစ္စာ"

ဒေါက်တာခင်နှင်းဦး ပါးစပ်ပိတ်ချေကပြီ။

(ခုနစ်)

ဆီးကျင်သည်။ ဆီးကျင်သည် ဟုဆိုသော အမျိုးသမီးတစ်ဦးလည်း ကျွန်ုပ်၏ အာရောဂျံဆေးဆိုင်သို့ လာရောက်ခဲ့ပါသေး၏။

"ဆရာကြီးဂျက်က ဆေးစပ်ထည့်တယ်၊ ဆေးစပ်တည့်တယ်နဲ့ နာမည်ကြီးလှသတော် ဆီးကျင်ကျင်နေလို့ အဲသဟာလုပ်ဦး"

ကျွန်ုပ်ကား Lasix နှင့် Diruton ဆေးများကိုစွဲသောက်ရန် သုံးလစာ ရောင်းထည့်လိုက်၏။ အပြစ်ဆိုသူက ဒေါက်တာယဉ်မင်းဦးပင်။

"ရှင့် ဆေးတွေက ရေဓာတ်ခမ်းစေမယ်. . . ပိုတက်စီယမ် ကုန်ခမ်းစေမယ် နှလုံးရပ်ပြီးသေနိုင်တယ်ရှင့်"

"အိုဗျာ. . . ဆီးကျင်တာပျောက်ပြီးရောမဟုတ်လားဗျ . . . ဘယ့်နှယ် အရှည်ကြီး လျှောက်တွေးနေတယ်"

မှန်သည်။ သပွတ်အူကျေးတော၌ ဆေးခန်းလာဖွင့်သမျှသော ဆရာဝန်တွေ အရှည်ကြီးလျှောက်တွေးကာ ရောဂါကုသနေကြကုန်

http://www.linhtet.com



ရာ ဝေဒနာရှင်တွေကစိတ်မရှည်ကြ။ အာရောဂျံဆေးဆိုင်ပိုင်ရှင်ဂျက်ကမူ အရှည် အရှည်သိပ်မတွေး။ ခုသောက်။ ခုပျောက်။

နောက်ပိုင်း ဖြစ်ချင်တာဖြစ်။ တို့သပွတ်အူနွယ်ဖွား သာကီဝင်များကလည်း အရှည် အရှည်လျှောက်တွေးနေသည်ကို မကြိုက်သူများမဟုတ်လား။

(၅၀)

အရှည်, အရှည်လျှောက်တွေးသူ ဒေါက်တာကျော်စိုး၊ သောက်ရမ်းကုဂျက်ကို မယှဉ်တုနိုင်သည်ဖြစ်ကာ သပွတ်အူမှ ပြေးရပြန်ပါချေပြီတမုံ့။

http://www.linhtet.com



# လူထုစိန်ဝင်းကိုသာ ဂျက်သနားတယ်

## (တစ်)

အနှီစာကို ကျွန်ုပ်ဆရာကြီးဂျက်ကွမ်းခြံကုန်း မရေးသားမီ လွန်ခဲ့သော နှစ်လသုံးလအချိန်ပိုင်း ကလေးလောက်တုန်းကပင်ဖြစ်ပါ၏။ ကျွန်ုပ်ကား ပျင်းပျင်းရှိသည်နှင့်ဆရာကိုတာမည်သော လူတစ်ယောက် သုတ်သင်တည်းဖြတ်တော်မူအပ်သည့် ချင်းတွင်းမြည်သော ဘုတ်အုပ်မဂ္ဂဇင်းကလေးတစ်အုပ်ကို ဟိုလှန်သည်လှော နှစ်မြှောလျက်ရှိစဉ် မဂ္ဂဇင်းတစ်နေရာ၌ စာနယ်ဇင်း တာဝန်ကျေပွန်ရဲ့လားဟူသော ဆောင်းပါးတစ်ပုဒ်ကို ရုတ်တရက်ဆိုသလို ဖတ်ရှုခွင့်ရတော့ပါချေ၏။ ရေးသူ ဆရာလူထုဦးစိန်ဝင်း ပေတကားတည်း။ ကျွန်ုပ်ကား ဆောင်းပါးကိုဖတ်ရှုနေစဉ် တစ်ချက် တစ်ချက်၌ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ ဖြစ်ဖြစ်သွားမိချေကာဆုံးသော် အော် ခက်လှပါကလား လူထုဦးစိန်ဝင်းငဲ့လေဟု ရေရွတ်မြည်တမ်း လိုက်မိခဲ့တော့ပေချေသည်သာတမုံ့။

တော်ဝင်မြို့မ စာအုပ်တိုက်

http://www.linhtet.com



## (၂၈)

အဆိုပါ လူထုဦးစိန်ဝင်း၏ "စာနယ်ဇင်းတာဝန်ကျေပွန်ရဲ့လား" ဆောင်းပါးမှာ မဂ္ဂဇင်းဘုတ်အုပ် ထုတ်လုပ်စီမံသူ အယ်ဒီတာကလေးတို့၏ ကျင့်ဝတ်နှင့်တာဝန်ကို သတိပေးလှုပ်နိုးလိုက်ခြင်းပင်ဖြစ်ပါ၏။

အကြင်ဆရာလူထုဦးစိန်ဝင်းက အယ်ဒီတာကောင်း တို့သည် အကြောင်းအမျိုးမျိုးကြောင့် ကလောင်ဝှက်ထားသော စာရေး ဆရာတို့ကို ထုတ်ဖော်မပြောကြဟုဆို၏။ အော်. . . ခက်ပ့ါ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း သိသော အယ်ဒီတာတစ်ဦးမှာကား သူ၏မဂ္ဂဇင်း စာအုပ်ထွက်ပြီဆိုသည်နှင့် လေထန်ကုန်းတစ်ဝိုက်သို့ရောက်ရှိ၍ လာတော့ချေကာ ဘယ်ကလောင်ဝှက်က အဘယ်သူ၊ ဘယ်ကလောင် ပုန်းက အဘယ်ဝှာထုတ်ဖော်၍ပြောတော့ချေကာ လက်ဖက်ရည် ဝိုင်းမှာ လူစွာလုပ်၍ နေတော့၏။

တစ်ချိန်က ဘုန်းမီးနေလတောက်ပခဲ့သော မဂ္ဂဇင်းများထဲ တွင်ရှုမဝဟူသော မဂ္ဂဇင်းသည်ထင်ရှား၏။ အဆို မဂ္ဂဇင်းကိုထုတ်လုပ် သူ အယ်ဒီတာရှုမဝဦးကျော်က ပွဲကိုင်၏။ တစ်ခါတွင် ရှုမဝဦးကျော် က ဘိလပ်တွင်ရောက်နေသော စာရေးဆရာတင့်တယ်ကို ပြန်၍ ခေါ်ဆောင်ကာ ရှုမဝ၌ အယ်ဒီတာလုပ်ပေးပါရန်တောင်းဆို၏။ အဆို့နှင့် တင့်တယ်ရောက်လာလေသော် ဘိလပ်တွင်နေခဲ့သော ဆရာတင့်တယ် စိတ်တိုင်း ကျစေရန်အဘက်ဘက်က စီစဉ်ဖန်တီး ပေးထားခဲ့ရသည်ဆို၏။ အော် . . ခက်,ခက်လှပါသကော ဆရာ ဦးစိန်ဝင်း။ မနေ့က ဆောင်းခဲ့ရသော ရွှေထီးကြီးတဝင်းဝင်းနဲ့။ ယခုခေတ်ပြောင်းခဲ့ချေကပြီ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း သိသော

http://www.linhtet.com



အယ်ဒီတာကလေးတစ်ဦးသည် ထုတ်ဝေသူက အကူအညီတောင်းခံလာလတ်ရာ ဘဇာမာန်မာနမှမရှိ လက်ဖက်ရည်ချိုင့်ဆွဲ ပြေးဝယ်ပေးရှာ၏။ အခြားအယ်ဒီတာတစ်ဦးမှာ လစာကလေး တစ်ပဲခြောက်ပြားသာရရှာသဖြင့် တိုး၍တောင်းရာ၊ ထုတ်ဝေသူက သူ၏ သမီးကလေးကနေဒါတွင် သွားရောက်ပညာသင်နေရာ ကလေး ပညာရေးငွေကွက်ကာတွေးပြီးသည့်သကာလ၊ လစာကိုတိုးပြီးမယူဖို့ ခပ်ဆူဆူ သတိပေးသဖြင့် အနှီအယ်ဒီတာကလေးမှာ ကုပ်ကွေး၍ သွားခဲ့ရချေ၏။ ယနေ့အယ်ဒီကလေးတို့ အဆာမကျယ်ကြပါချေ ဆရာဦးစိန်ဝင်း။ မာန်မာနမကြီးကြပါချေ ဆရာဦးစိန်ဝင်း။ သဟာကို အဆွေသိလေ။

ဆရာလူထုဦးစိန်ဝင်း၏ "စာနယ်ဇင်း တာဝန်ကျေပွန်ရဲ့လား" ဆောင်းပါးတစ်နေရာတွင် မန္တလေးအခြေစိုက် ဆရာကြီးရွှေဥဒေါင်းနှင့် စာနယ်ဇင်းတို့၏ ဆက်ဆံရေးကိုလည်း တစေ့တစောင်းဖော်ပြ၍ထားပါ၏။ ရံခါရံခါဆိုသလို ဆရာကြီး ရွှေဥဒေါင်း မေမြို့ (ခေါ်) ပြင်ဦးလွင်သို့တက်၏။ ရံခါရံခါရိပ်သာ စခန်းဝင်၏။ ထိုအခါစာနယ်ဇင်းများတွင် စာမရေးနိုင်ဘဲရှိ၏။ အနှီ့သော် ရှုမဝဦးကျော်ကား လစဉ်ပေးနေကျစာမူခကို ဖြစ်အောင်ပို့၏။ မန္တလေးရဲရင့်စာပေမှ ဦးဘဖုံကဆရာကြီး လက်ဝယ်အရောက် စာမူခသွားကန်တော့၏။ အနှီ့အပြင် နယ်မှ ကဗျာဆရာစာရေးဆရာတို့ထံ စာမူခမှန်မှန်ပို့သူမှာ ရှုမဝဦးကျော်ဟုဆို၏။ အော် ခက်. . . ခက်ပါငဲ့။

စာမူမရေးသည့်တိုင် ရေးနေကျလတွေ အတိုင်း စာမူခပို့ပေးနေသည်ဆိုသည်မှာ ရယ်ဖွယ်လိလိပါ ဆရာဦးစိန်ဝင်း။ နယ်ကစာမူခတွေပို့ပေးနေခဲ့ဆိုသည်မှာ ဟားတိုက်စဖွယ်ပါ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏အသိမှုံရွှာဘက်က ကဗျာဆရာ ရောက်တုန်းရောက်ခိုက် မဂ္ဂဇင်းတိုက်တွင် စာမူခဝင်ထုတ်၏။ ထိုမဂ္ဂဇင်းတိုက်ကား

http://www.linhtet.com



တိုက်အုပ်မရှိ။ အယ်ဒီတာအဖွဲ့မရှိ။ ငွေစာရင်းကိုင်သူမရှိ။ အနို့ကြောင့် နောက်နေ့မှ လာပါဆို၏။ အသို့နှင့် နောက်နေ့သွားသော် ငွေကိုင်သူ ရှိပါလျက် အယ်ဒီတာက ရောက်မလာ အနီအယ်ဒီတာက ငွေပေးရန်လက်မှတ် မထိုးပေးလာသေးသဖြင့် စာမူခထုတ်မရဘဲ ရှိပြန်၏။ ဤ၌ နောက်တစ်နေ့ ပြန်လည်ချိန်းဆိုလေရာ အဆိုပါ မုံရွာကဗျာဆရာမှာ ရထားလက်မှတ်ဝယ်ပြီးသားကြီးဖြစ်နေပါ၍ ပေးအံ့လုလု မြန်မာငွေကျပ် ၁၀၀၀ အသပြာတော်ကိုမထုတ်နိုင်ရှာဘဲ ပြန်သွားရပါ၏။ ဟိုးအရင် တစ်ခါကမူ ကျွန်ုပ်၏ မိတ်ဆွေကဗျာဆရာတစ်ဦးသည် ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်သို့ ကဗျာသွား၍ ပို့၏။ မဂ္ဂဇင်းတိုက်ပိုင် အယ်ဒီတာအမည်ခံပုဂ္ဂိုလ်ကြီး က -

**“လာပြန်ပြီ . . ကဗျာ . . မင်းတို့ကလည်း အလုပ်မရှိ ကဗျာပဲရေးနေ . . စာမူခတော့ မပေးနိုင်ဘူး ။ အနုပညာချစ်ရင် ငါ့ဆီရေး . . ပိုက်ဆံ လိုချင်ရင် တခြားသွားရေး”** ဟူ၏။ အော်. . အနုပညာကို ငွေနှင့်မတိုင်းစေလိုသော အယ်ဒီတာ။

အခြားအယ်ဒီတာတစ်ယောက်မူကား အနီသို့မဟုတ်။ စာမူခလာထုတ်သူတိုင်းကို လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်၊ အအေးဆိုင် တစ်ဆိုင်ဆိုင်သို့ခေါ်သွားလေ့ရှိ၏။ ဆိုင်သို့ရောက်မှ အေးအေးဆေးဆေး အနားယူရင်း စာမူခထုတ်ပေး။ ရင်းနှီးကျွမ်းဝင်မှု အဓိက အယ်ဒီတာ။

ဆရာလူထုဦးစိန်ဝင်း ညွှန်းသည့် ရှုမဝဦးကျော်တို့လိုငွေ အသပြာ မဆန်ကြချေကပြီ။ မှတ်လော့။

ဘုတ်အုပ်။ အဲသည် ဘုတ်အုပ်ကိစ္စကလည်း တော်တော့ကို အရေးပါ၏။ ဆရာကြီးရွှေဥဒေါင်းကား စာအုပ်ထွက်သည့်နေ့၌ သူ့ထံ စာအုပ်ရောက်မလာလျှင် ရဲရင့်စာပေ အရှေ့သို့သွားကာ

http://www.linhtet.com



ဦးဘဇံကိုဆဲသည်ဆို၏။ အနို့ကြောင့် စာအုပ်မန္တလေးသို့ရောက် သည်နှင့် ဆရာကြီးရွှေဥဒေါင်း လက်ဝယ်အရောက်ဦးဘဇံက စာအုပ်ပို့ပေးရ၏။ ခက်ပါကဘိ ဆရာဦးစိန်ဝင်း။

မျက်မှောက် စာနယ်ဇင်းသမားကလေးတို့သည် စက္ကန့်မလပ်လူထုအကျိုးကိုသယ်ပိုးနေသူများဖြစ်ရာ စာအုပ်ကိစ္စ အဓိက မထားနိုင်ကြ။ ကျွန်ုပ်၏ မိတ်ဆွေဆောင်းပါးရှင်တစ်ယောက်သည် မဂ္ဂဇင်းဘုတ်အုပ်တိုက်တစ်ခုသို့သွားကာ စာမူခနှင့် စာအုပ်ထုတ်၏။

"စာမူခတော့ယူသွားဗျာ . . စာအုပ်ကတော့မရှိတော့ဘူး . . . "

"စာအုပ်သိပ်လိုချင်ရင် . . ကိုယ့်ဘာသာကိုယ် ဆိုင်ကသာ ဝယ်သွား"

"ရော့ . . စာအုပ်ဖိုး"

စာရေးဆရာကား အယ်ဒီတာပစ်ချပေးသည့် ငွေတစ်ထောင်တန်စက္ကူကလေးတစ်ရွက်ကို စားပွဲပေါ်မှ မဝံ့မရဲလှမ်းယူရှာ၏။

နောက်စာရေးဆရာတစ်ဦးကမူ အနှီသို့မဟုတ်။ စာအုပ်နှင့် စာမူခ လာထုတ်ချေသော် အယ်ဒီတာက စာမူခလုံးဝမပေး။

"စာမူခက ငါးထောင် သတ်မှတ်တယ်ဗျ၊

"စာအုပ် ငါးအုပ်ယူသွားလဗျာ . . နယ်မှာ

ရောင်းစားလိုက်ပါ"

အနှီအမူအကျင့်များအရ အယ်ဒီတာတို့သည် စာရေးဆရာတို့အား ဝယ်တတ်ခြမ်းတတ် ရောင်းတတ်ချတတ်သည်အထိ လေ့ကျင့်ပေးနေသော စေတနာကိုတွေ့နိုင်၏။

http://www.linhtet.com



(သုံး)

ဆရာလူထုဦးစိန်ဝင်းက “စာနယ်ဇင်းတာဝန် ကျေပွန်ရဲ့လား”ဟု မေး၏။

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းက လူထုဦးစိန်ဝင်းကို သနားတယ်ဟု မြည်တမ်းဟစ်ကြွေး၏။

http://www.linhtet.com



# ရင်ထဲမှာ ဘုရားမရှိသူ

## (တစ်)

တိုရစ်ဇင် (Tourism)ခေါ် ရွာရိုးကိုးပေါက်ခြေဦးတည့်ရာ လျှောက်သွားသော လုပ်ငန်းကြီးတစ်ရပ်သည် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းတို့ အမှီသဟဲပြုနေထိုင်ကြရာ အမိကမ္ဘာမြေ တစ်ဝှန်း တွင် လွှမ်းခြုံလျက်ရှိချေ၏။ ဥစ္စာခနေဖွံ့ထွားလှစွာသော လူတို့သည် အနောက်ကမ္ဘာမှအရှေ့ကမ္ဘာသို့လာ ၏။ တောင်ခြမ်းမှမြောက်ခြမ်းသို့၊ မြောက်ခြမ်းမှတောင်ခြမ်းသို့ ကူးသန်းရွှေ့လျားသမှုပြုကြကုန်ချေ၏။ ယခုအခါ ကမ္ဘာ့အပြင်သို့ခုန်ထွက်ပြီးသည်၏ သကာလ အာကာသအတွင်း ခရီးသွားလာမည့်လုပ်ငန်းကိုပင်လျှင် စိုင်းပြင်းလျက်နေကြကုန်ချေသည်တည့်။

ကျွန်ုပ်တို့သည်ကား သာကီဝင် ရွှေမြန်မာအမျိုးကောင်းသားတို့ ဖြစ်ချေ၏။ အနို့ဖြစ်ချေရာ ကျွန်ုပ်တို့၏ အိတ်ကပ် အနေအထား

http://www.linhtet.com



များအရ ကမ္ဘာကို ပတ်ဖို့မှာ ဝေးစွအနေအထားပင်။ သို့ဖြစ်လင့် ကစားမှုကျွန်ုပ်တို့သည် ဇာတိမာန်ကို လွယ်လွယ်နှင့်လျှော့ချတတ်သူများ မဟုတ်ဘိမူချေရာ မိမိတို့တစ်ပိုင်တစ်နိုင် အနေအထားအရ ပြည်တွင်း၌မူ အတော်ကလေးခရီးသွားကြချေကုန်၏။ လိုကယ် တိုရစ်ဇင် (Local Tourism) ဟူလို။

အနို့ကလိုသော အနေအထား၌ အနှီ လိုကယ်တိုရစ်ဇင် ခေါ် ပြည်တွင်းခရီးသွားလာမှုလုပ်ငန်းဆောင်တာများအတွင်းသို့ သက်ဆင်း ဝင်ရောက် လာသူတစ်ဦးမှာကား ကျွန်ုပ်တို့၏ရွာသား သပွတ်အူစိုးမြင့် (ခေါ်) ရွှေပွတ်မြေ မောင်မောင်စိုးမြင့်ကလေးပင်။

မိဘဘိုးဘွားပိုင် လယ်ယာမြေကလေးအချို့၊ ကျွဲကလေး နွားကလေးအချို့၊ ရွှေတိုရွှေစ ကလေးအချို့ထုခွဲရောင်းချ၍တစ်ဖုံ၊ ဟိုကချေး၊ သည်ကငှားဖြင့် တစ်နည်းကြံမှုဖန်မှု လုပ်ဆောင်ပြီး သည်၏ သကာလ လူအယောက် ၅၀ခန့် ဆန့်ချေသော ဟွန်ဒိုင်း ကားအဟောင်းကြီးတစ်စီးကို ဝယ်တော်မူကာ ခရီးသွားလုပ်ငန်းကို စတင်သမှုပြုလိုက်ခြင်းပင် ဖြစ်ဘိပါတုံချေသည်။

"<u>သပွတ်အူစိုးမြင့်နှင့်သူ့လူများ နိုင်ငံလုံးဆိုင်ရာ ခရီးသွား လုပ်ငန်း</u>" ဟူလို။

(နှစ်)

မဆွက အနှီသပွတ်အူစိုးမြင့်၏ ခရီးသွားလုပ်ငန်းနှင့်ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းတို့ ပတ်သက်ဆက်နွယ်လာလိမ့်မည်ဟု ဘဇာသို့မှ ထင်မှတ်မထားခဲ့ပါလေ။ သို့သော်. . ။ မှန်ပါ၏။ သို့သော် . . . ။

http://www.linhtet.com



"ဆရာကြီးဂျက်က နိုင်ငံကျော် စာရေးဆရာကြီးဥစ္စာ ဒေသန္တရ ဗဟုသုတ . . . ဘာသန္တရဗဟုသုတ ကုံလုံကြွယ်ဝပြီးသားပေကလား. . ခရီးစဉ်တိုင်းမှာ လိုက်ပါကြီးကြပ်ပေးခဲ့ရင်. . . ခရီးသည်တွေ ဗဟုသုတပွား အကျိုးများချေမပေ့ါ. . . ဆရာကြီးဂျက် ဘာတစ်ပြား မှကုန်စရာ မလိုဘူး . . . ကျွန်တော်တို့ကားလုပ်ငန်းက ဆရာကြီးဂျက်ကို ခရီးစဉ်တိုင်းအတွက်ကန်တော့ဦးမှာ. . ခရီးသည်တွေ မကျေမနပ်ရှိခဲ့ရင် ဆရာကြီးဂျက်ကချော့မော့ဖျောင်းဖျပေး ဒါကလေးပဲ"

ဟူသည့် သပွတ်အူစိုးမြင့်၏ တိုးလျှိုးစကားလုံးများနောက် ဆီဝယ်ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် အနီ့ဟွန်ဒိုင်းမော်တော်ကား ကြီးပေါ်ဝယ် ပိုင်ရှင်သပွတ်အူစိုးမြင့်နှင့် နှစ်ကိုယ်ယှဉ်တွဲထိုင်လျက်က ခရီးစဉ်ချောမွတ်ဖြောင့်တန်းမှု အထွေထွေမန်နေဂျာဆရာကြီးဂျက် ဟူလို။

(သုံး)

"ဘဝခရီးလမ်းမကြီးတို့မည်သည်ဘယ်နံရော အခါကာလတွင်မှ သမားရိုးကျ မောင်းနှင်ခုတ်မောင်း၍မရချေကဘူး ဆရာကြီးဂျက်ရဲ့"

တစ်ခုသော ခရီး၌ အနို့ကလိုသော စကားတို့ကို သပွတ်အူစိုးမြင့်က ပြောကြားလာပြီးသည်၏ နောက်နှောင်းလေသော် . . . လမ်းအစဉ်တို့ အဆန်းထွင်ချေကပြီ။ ဆီဖိုး၊ ထမင်းဖိုး အမျိုးမျိုး သက်သာရန်အလို့ငှာ အချိန်ကိုချုံ့၏။ ခရီးကိုကျုံ့၏။ ပွစိ ပွစိ ပါးစပ်ပေါက်များကို ဆိတ်ဆိတ်နေကြစေအံ့သောငှာ ခရီးစဉ်ချောမွတ်

http://www.linhtet.com



ဖြောင့်တန်းမှုအထွေထွေမန်နေဂျာ ဆရာကြီးဂျက် တာဝန်ယူရရှာကပြီ။

တစ်ခုသော ခရီးစဉ်၌ ကျွန်ုပ်တို့၏ သပွတ်အူစိုးမြင့်နှင့်သူ့လူများ နိုင်ငံလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းသည် ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ခရီးစဉ်သို့ စိုင်းနှင်၏။ အနို့နှင့် ပုဂံယဉ်ကျေးမှုနယ်မြေ၌ လှည့်လည်ကြရာ အနော်ရထာ မင်း၏ ကောင်းမှုတော်လောကနန္ဒာဘုရားသို့ ဆိုက်ရောက်၏။ ဤတွင် လေတဝူးဝူးတိုက်ခတ်ကာ ဧရာဝတီမြစ်ရေလှိုင်းတို့ တဖျပ်ဖျပ်ပုတ်ခတ်နေသည့် လောကနန္ဒာ ရင်ပြင်တော်ပေါ်ဝယ် သပွတ်အူစိုးမြင့် ဇာတ်လမ်းစချေ၏။

"ဆရာကြီးဂျက်. . . ခရီးစဉ်ထဲမှာ. . . ဟိုဘက်ကမ်းတန့်ကြည်တောင်စေတီပါတယ်. . . အဲသဟာ မသွားတော့ဘဲချုံ့လိုက်ရအောင်"

ကျွန်ုပ်ကား သဘောပေါက်ချေကပြီ။ ခရီးကိုချုံ့တော့ ငွေသက်သာချေသပေါ့။ အနို့နှင့်ပွစိပွစိ ပါးစပ်ပေါက်များကို ကျွန်ုပ်ပိတ်ရချေကပြီ။

"အနို့. . . စွယ်တော်လေးဆူပို့မဆို . . ."

ခုမှ . . ဘယ့်နှာဖြစ်ရပြန်သတုံး . . ."

"အဲသဟာကြောင့် ခက်ကြတာ. . . ဗုဒ္ဓဘာသာဝင်တွေပဲကဗျာ. . . ရင်ထဲမှာ ဘုရားတည်ကြမှပေါ့ဗျ. . . ဘုရားရှေ့အရောက်သွားပြီးတော့ ပုဆိန် ပေါက်သလို ရှိခိုးနေရုံနဲ့ ဘာကုသိုလ်မှ မရဘူး . . . အဓိက,က စိတ်. . စိတ် ထဲမှာ ဘုရားရှိဖို့က အဓိက ဘုရားဖူးခရီးစဉ်မှာ အ,ကုသိုလ်မဖြစ်ချင်ကြ စမ်းပါနဲ့ဗျာတို့. . . ကဲကဲ. . . တန့်ကြည့်တောင် စွယ်တော်မြတ်စေတီကို. . . အာရုံပြုလိုက်ကြရအောင်"

http://www.linhtet.com



ကွန်ုပ်က အနို့ကလို ဦးဆောင်လျက် စကားစ,လိုက်ရာ ခရီးသွား လုပ်သားပြည်သူတစ်စုသည် ဟိုးဇရာဝတီမြစ် အနောက် ဘက်ကမ်း စိမ်းစိမ်းညို့မှောင်သော တောအုပ်၏ထိပ်ဖျားဆီမှ တန့်ကြည်တောင် စွယ်တော်မြတ်စေတီကို ရည်မှန်းရည်မျှော် လက်အုပ်ချီတော်မူပြီးသည်၏သကာလ မျက်လုံးကလေးများကို မှိတ်လျက် အာရုံယူကာ စောဘဂဝါဘုရားကို သြကာသ၍ နေတော့ ချေသည် တကားတမုံ့။

## (လေး)

အနို့ကလိုနှင့် တစ်ခုသော ဘုရားဖူးခရီးစဉ်မှာကား မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် ခရီးစဉ်ပေတည့်။ ကွန်ုပ်တို့၏ ဘုရားဖူးခရီးသည် တစ်ပြုံတစ်ခေါင်း ကြီးတို့ မန္တလေးတောင်ပေါ်၌ အညာရှုမျှော်ခင်း တို့ကို ငေးမောသမှုပြု၍နေကြစဉ်တွင် သပွတ်အူမောင်စိုးမြင့်ကလေး က ထူးမခြားနားစကားကို ပြောတော်မူလာခြင်းဖြစ်ပါ၏။

"ဆရာကြီးဂျက်. . . စစ်ကိုင်းဘက်ကိုကူးရင် အချိန်လည်း ကုန်. . . ကားလည်းနာတယ်. . ချုံ့လိုက်ကြရအောင်. . . စည်းရုံး ပါဦး"

ကွန်ုပ်ကား လေပြေသွေးရပြန်ချေကပြီ။

"ကဲ. . သပွတ်ရိုသအနွယ်ဝင်. . . သူတော်စင်အပေါင်းတို့ စစ်ကိုင်းဘက်သို့ ကူးချေကလွန်စွာ အချိန်လင့်ချေမည်. . . ခရီး လည်းပန်းချေမည်. . . ဆွမ်းဦးပုညရှင်စေတီ. . ကောင်းမှုတော် စေတီတို့ကို ဤမှာဘက်မှခပ်ရေးရေး လှမ်းမြင်ရသည်ဖြစ်ရာ. . . ရင်ထဲ၌ ဘုရားကိုအာရုံပြုလျက် အနီမန္တလေး တောင်ပေါ်မှာပင်

http://www.linhtet.com



လှမ်း၍ဖူးကြပါကုန်. . မှန်ပြောင်းဖြင့်ဖူးသော် ပိုမို၍ ပြတ်သားသည် ဖြစ်ဘိချေရာ. . သပွတ်အူစိုးမြင့်နှင့်သူ့လူများ နိုင်ငံလုံး ဆိုင်ရာ ခရီးသွားလုပ်ငန်း မှနေ၍မှန်ပြောင်းဖြင့်ကြည့်ရှုခများကို ဓမ္မဒါန ပြသွားမည်ဖြစ်ပါကြောင်း. . . ရင်ထဲ၌ဘုရားရှိသူ သူတော်ကောင်းတို့" ဟူလို။

(ငါး)

အန္တိုနှင့် မိုးဖြိုင်ဖြိုင်ကျလာ၏။ ပွင့်လင်းရာသီ ကုန်ဆုံး ပြီဖြစ်ချေရာ သပွတ်အူစိုးမြင့်၏ Local Tourism အလုပ်လည်း ခေတ္တရပ်ဆိုင်း၏။ ဤ၌ ကျွန်ုပ်နှင့်အတူ ရှေ့လုပ်ငန်းစဉ်ကလေးများ ညှိနှိုင်း၏။

ကျွန်ုပ်။ ။ ကားလက်မှတ်ရောင်းစဉ်က ခရီးစဉ်များအတိုင်း မဟုတ်မူဘဲ . . . အချို့ဘုရားများ . . အချို့နေရာများကို ချန်ထားရစ်ခဲ့ကာချုံ့၍၊ ကျုံ့၍သွားခြင်းဖြစ်ရာ . . . မကိုက်သလော။

ရွှေပွတ်စိုးမြင့်။ ။ ငွေပိုငွေလျှံကလေး အတော်ထွက်လာ ကြောင်း ရယ်ပါ။

ကျွန်ုပ်။ ။ ကျွန်ုပ်အကြံတစ်ခုပေးပါအံ့ . . . မြန်ပြည်အနှံ့မှ တန်ခိုးကြီးဘုရားများ၏ ပုံတော်များကို စုံလင်အောင်စုဆောင်းပါလေ။ အန္တိုနောက် အခန်းတစ်ခုထဲ၌ သေချာစွာချိတ်ဆွဲထားရှိပြီးသည်၏ သကာလ. . . ခရီးသည် တို့အား အဘယ်အရပ်သို့မှ မပို့ဆောင်တော့ကပဲ. . . ရင်ထဲမှအာရုံပြုကာ ဖူးမြော်ခိုင်းလေသော် ပိုမို၍တွက်ချေ မကိုက်နိုင်သလော။

ရွှေပွတ်စိုးမြင့်။ ။ ဟာဗျာ။

http://www.linhtet.com



'ဟာဗျာ' ဟု နှုတ်ဖျားမှအသံထွက်သွားစေလင့်တမူ သပွတ်အူစိုးမြင့်၏ မျက်လုံးထဲတွင် လောဘအရောင်တို့က ဖိတ်ဖိတ်လက်လက် ပြက်ပြက်ပြိုးပြိုး ဝိုးဝိုးဝင်းဝင်းသာပင် ဖြစ်တော့ချေသည် သတည်းတမ္မံ့တကား။ ။

ဂျက်ကွမ်းခြံကုန်း

http://www.linhtet.com

